၂၀၁၃ခုနှစ် စက်တင်ဘာလ

Livelihoods and Food Security Trust Fund

# မြန်မာနိုင်ငံသမဝါယမစနစ်ဆိုင်ရာလေ့လာဆန်းစစ်ခြင်း



ဂျို-အန်း ဖာဂူဆင်
အကြီးတန်းညွှန်ကြားရေးမှူး(နိုင်ငံတကာဖွံ့ဖြိုးမှု)
ကနေဒါသမဝါယမအသင်း

## အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ

## ကျေးဇူးတင်လွှာ

ဤအစီအရင်ခံစာရေးသားရန်အတွက် သုတေသနပြုလုပ်ရာတွင် မြန်မာနိုင်ငံဗဟိုသမဝါယမအသင်း၊ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနတို့၏ ပံ့ပိုးကူညီမှုတို့ကြောင့်သာ အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် မေလနှင့် ဇွန်လအတွင်းမြန်မာနိုင်ငံသို့ မိမိလာရောက်စဉ်အတွင်း အချိန်ပေးကာတွေ့ဆုံခဲ့ကြသူအားလုံးကို စာတမ်းရှင်က ကျေးဇူးတင်စကားပြောလိုပါသည်။ ဤစာတမ်းပြုစုရာတွင် အထူးအထောက်အကူပြုခဲ့သော မစ္စလင်ဒါအာချာ၊ မိုက်ကယ်ဝေါ့ဒ်ဇစ္စကီ၊ မစ္စကဖဲလ်ဒို့ဗ် တို့ကိုလည်း စာတမ်းရှင်က ကျေးဇူးစကားပြောလိုပါသည်။ မစ္စဂျူလီယာဟစ္စကော့စ်ကလည်း နောက်ခံသမိုင်း သုတေသနနှင့် တည်းဖြတ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ စစ်တမ်းကောက်ယူစဉ်အတွင်းတွင် တွေ့ဆုံခဲ့သော သမဝါယမအသင်းများနှင့် အဖွဲ့ဝင်များတို့၏ ညှော့ဝတ်ကျေပွန်မှုနှင့် ရိုးသားပွင့်လင်းမှုတို့ကြောင့်သာ ဤအကြံပြုချက်ထမြောက်ခဲ့ကြောင်းကိုလည်း နောက်ဆုံး ဖော်ပြအပ်ပါသည်။

## မူပိုင်ခွင့်သတိပေးချက်

ဤအစီရင်ခံစာကို ပညာပေးရေးအတွက် သို့မဟုတ် စီးပွားရေးအကျိုးအမြတ်မပါသော ကိစ္စရပ်များအတွက် အစီရင်ခံစာတစ်စောင်လုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အခြားအသွင်အပြင်ဖြင့်ဖြစ်စေ ကူးယူလိုပါက LIFTထံမှ သီးသန့်ခွင့်ပြုချက်မတောင်းခံဘဲ ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဤမူပိုင်ခွင့်သတိပေးချက်နှင့် အောက်တွင်ပါရှိသော မသက်ဆိုင်ကြောင်းငြင်းဆိုချက်တို့ကို ဖော်ပြရပါမည်။ LIFTထံမှရယူသော သတင်းအချက်အလက်တို့ကိုဖော်ပြထားသည့် စာအုပ်/စာစောင်တစ်အုပ်ကိုလည်း LIFTက ဝမ်းမြောက်စွာလက်ခံလိုပါသည်။ ရောင်းချရန် သို့မဟုတ် အခြားစီးပွားရေးအကျိုးအမြတ်တစ်ခုခုအတွက် ဤအစီရင်ခံစာပါ အချက်အလက်များကို အသုံးပြုလိုပါက LIFTရန်ပုံငွေ အီးမေးလ် lift@UNOPS.orgထံမှ စာဖြင့်ရေးသားခွင့်ပြုချက်ကို ကြိုတင်ရယူရန် လိုအပ်ပါသည်။

## မသက်ဆိုင်ကြောင်းငြင်းဆိုချက်

ဤအစီရင်ခံစာကို အသုံးပြုထားသော မည်သည့် စာရွက်စာတမ်း သို့မဟုတ် ပြင်ပဝက်ဆိုက်များတွင် ဖော်ပြထားသော သတင်းအချက်များနှင့် ပတ်သတ်၍ LIFTရန်ပုံငွေ အလှူရှင်များနှင့် UNOPS တို့တွင် မည်သည့်တာဝန်မျှမရှိစေရ။

## မာတိကာ

အတိုမှတ်စာရင်း

ဇယား၊စာရင်း၊မှတ်စုများစာရင်း

အကျဉ်းချုပ်ဖော်ပြချက်

လုပ်ငန်းတာဝန်အကြောင်းဖော်ပြချက်

ယေဘုယျတွေ့ရှိချက်များ

အကြံပြုချက်အကျဉ်းချုပ်

၁။ ဤလုပ်ငန်း၏နောက်ခံအကြောင်းအရာများ

၁.၁ နည်းနာ

၁.၂ မြန်မာနိုင်ငံရှိ ငွေကြေးဆိုင်ရာအားလုံးပါဝင်စေမှု

၁.၃ သမဝါယမများနှင့် ငွေကြေးဆိုင်ရာအားလုံးပါဝင်စေမှု

၂။ မြန်မာနိုင်ငံ သမဝါယမသမိုင်း

၃။ သမဝါယမအသင်းများကိုကြပ်မတ်ထိန်းညှိထောက်ပံ့နေသော အစိုးရ၏ အခြေခံအဆောက်အအုံ

၃.၁ ဥပဒေမူဘောင်

၁၉၉၂ခုနှစ် သမဝါယမအသင်းဥပဒေ

၁၉၉၈ခုနှစ် သမဝါယမအသင်းနည်းဥပဒေ

၃.၂ သမဝါယမများကို ကြီးကြပ်ခြင်း မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ

ရွာတိုင်းတွင် သမဝါယမအသင်းထူထောင်ရေး

သမဝါယမဦးစီးဌာန

သမဝါယမဥပဒေတွင် ရှိလာမည့် အပြောင်းအလဲများ

၃.၃ သမဝါယမနည်းပညာဆိုင်ရာအထောက်အပံ့နှင့် ပညာရေး

သမဝါယမတက္ကသိုလ် သံလျင်

သမဝါယမလေ့ကျင့်ရေးကျောင်း ပုသိမ်

၃.၄ ဗဟိုသမဝါယမအသင်း

ဗဟိုသမဝါယမအသင်း၏အသေးစားငွေကြေးလုပ်ငန်းများ

၄။ သမဝါယမကဏ္ဍ

၄.၁ မှတ်ပုံတင်ပြီး သမဝါယမအသင်းများ

၄.၂ အခြေခံအသင်းများ

၅။ နိုင်ငံတကာသမဝါယမအထောက်အပံ့၏အခန်းကဏ္ဍ

၆။ မြန်မာနှင့်အင်ဒိုနီးရှား နှစ်နိုင်ငံသမဝါယမအသင်းများ၏ တိုးတက်မှု နှိုင်းယှဉ်ချက်

၆.၁ အင်ဒိုနီးရှားသမဝါယမသမိုင်း

သမဝါယမအမည်ပျက်ခြင်း

ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း

၆.၂ သမဝါယမကဏ္ဍ၏အခြေခံအဆောက်အအုံ

ငွေကြေးနှင့်မဆိုင်သော သမဝါယမများ

ငွေကြေးဆိုင်ရာသမဝါယမများ

၆.၃ အင်ဒိုနီးရှားနိုင်ငံမှသင်ခန်းစာများ

၇။ မြန်မာသမဝါယမများ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ ခြိမ်းခြောက်မှုတို့ကို သုံးသပ်ချက်

၈။ မူဝါဒဆိုင်ရာ အကြံပြုချက်များ

အကြံပြုချက် ၁။ သမဝါယမဥပဒေကို ပြန်လည်ရေးဆွဲရာတွင် အချိန်ယူဆောင်ရွက်ရန်။

အကြံပြုချက် ၂။ ငွေကြေးဆိုင်ရာသမဝါယမများနှင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတို့ကို ခွဲခြား ကြပ်မတ်ရန်။

အကြံပြုချက် ၃။ LIFTအစီအစဉ်တွင်ပါဝင်နေသော လက်ရှိသမဝါယမများ၏ အခန်းကဏ္ဍကို ပိုမို နားလည်ရန်။

အကြံပြုချက်   ၄။ သမဝါယမတိုးတက်မှုဆိုင်ရာ လမ်းညွှန်ချက်များကို ရေးဆွဲရန်။

အကြံပြုချက်   ၅။ ခေတ်မီစံပြသမဝါယမများကို ထောက်ပံ့ရန်။

နောက်ဆက်တွဲ   ၁။ ထိုင်ရာမထ လေ့လာခြင်း

နောက်ဆက်တွဲ   ၂။ ဖွံ့ဖြိုးမှုအဆင့်ဆင့် အကဲဖြတ်မေးခွန်းများ

နောက်ဆက်တွဲ   ၃။ အပြီးသတ်အချိန်ဇယားနှင့်တွေ့ဆုံခဲ့သော အဖွဲ့များ

နောက်ဆက်တွဲ   ၄။ လုပ်ငန်းစည်းကမ်းချက်များ

| **အတိုမှတ်စာရင်း** | |
|---|---|
| AACCU | အာရှငွေချေးသူများအဖွဲ့ချုပ် |
| ACF | ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေး( ပြင်သစ်) |
| CCA | ကနေဒါသမဝါယမအသင်း |
| ဗဟိုသမ | ဗဟိုသမဝါယမအသင်း |
| CENFRI | ငွေကြေးဆိုင်ရာကြပ်မတ်ထိန်းညှိမှုနှင့် အားလုံးပါဝင်စေမှုဗဟိုဌာန |
| CUCO | အင်ဒိုနီးရှားငွေချေးသူများအဖွဲ့ချုပ် |
| CUFA | ဩစတြေးလျငွေချေးသူများဖောင်ဒေးရှင်း |
| DEPKOP | အင်ဒိုနီးရှား သမဝါယမနှင့် အသေးစားအလတ်အစားလုပ်ငန်းများဦးစီးဌာန |
| DEKOPIN | အင်ဒိုနီးရှားသမဝါယမကောင်စီ |
| DEKOPINDA | အင်ဒိုနီးရှားခရိုင်သမဝါယမကောင်စီ |
| DEKOPINWIL | အင်ဒိုနီးရှားပြည်နယ် သမဝါယမကောင်စီ |
| GRET | သုတေသနနှင့်နည်းပညာဖလှယ်ရေးအုပ်စု (ပြင်သစ်) |
| DLA | ဖွံ့ဖြိုးမှုအဆင့်ဆင့်အကဲဖြတ်မှု |
| ICA | နိုင်ငံတကာသမဝါယမ မဟာမိတ် |
| INGO | နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| KUD | ကျေးရွာသမဝါယမစနစ် အင်ဒိုနီးရှား |
| LIFT | အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ |
| LPDB | ငွေလည်ပတ်မှုအုပ်ချုပ်ရေးဌာန အင်ဒိုနီးရှား |
| MMSE | မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း |
| PACT | မိတ်ဖက်အသင်းများပူးပေါင်းဆောင်ရွက်ရေး |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| SME | အသေးစားနှင့်အလတ်စားလုပ်ငန်းများ |
| SOKRI | အင်ဒိုနီးရှားဗဟိုသမဝါယမအသင်းချုပ် |
| UNCDF | ကုလသမဂ္ဂ ငွေအရင်းအနှီးဖွံ့ဖြိုးမှုရန်ပုံငွေ |
| UNDP | ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် |
| | |

| ဇယားများ မှတ်စုများ ပုံများ စာရင်း | | |
|---|---|---|
| ဇယား | ၁။ | (၃၀.၃.၂၀၁၃) ရက်နေ့တွင် အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်နေသော သမဝါယမအသင်းများ |
| ဇယား | ၂။ | သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမလေ့ကျင့်ရေးဌာနများ |
| ဇယား | ၃။ | ဗဟိုသမ၏ချေးငွေလုပ်ငန်းများ |

| | | |
|---|---|---|
| ဇယား | ၄။ | မှတ်ပုံတင်ထားသောသမဝါယမအသင်းဦးရေနှိုင်းယှဉ်ချက် |
| ဇယား | ၅။ | သမဝါယမအသင်းအဆင့်ဆင့်နှင့်အဖွဲ့ဝင်များနှိုင်းယှဉ်ချက် |
| ဇယား | ၆။ | ငွေကြေးဆိုင်ရာသမဝါယမများနှင့် MFIတို့၏ထိရောက်မှုနှိုင်းယှဉ်ချက် |
| ဇယား | ၇။ | သနလခသုံးသပ်ချက် |
| ဇယား | ၈။ | တွေ့ရှိချက်များ အကျဉ်းချုပ် |
| မှတ်စု | ၁။ | အသေးစားငွေရေးကြေးရေးဘဏ် |
| မှတ်စု | ၂။ | သမဝါယမဘဏ် |
| မှတ်စု | ၃။ | မြန်မာနှင့်အင်ဒိုနီးရှား နှစ်နိုင်ငံ သမိုင်းဖြစ်စဉ်များ နှိုင်းယှဉ်ချက် |
| ပုံ | ၁။ | သမဝါယမဝန်ကြီးဌာနဖွဲ့စည်းပုံဇယား |

## အကျဉ်းချုပ်ဖော်ပြချက်

## လုပ်ငန်းတာဝန်အကြောင်းဖော်ပြချက်

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)သည် ငွေကြေးဆိုင်ရာအားလုံးပါဝင်စေမှုရန်ပုံငွေ လုပ်ကွက်တစ်ခုကို ၂၀၁၂ခုနှစ်တွင်ဖွင့်လှစ်ခဲ့သည်။ ဤလုပ်ကွက်၏ရည်ရွယ်ချက်မှာ မြန်မာလယ်သမားများ၊ အသေးစား အငယ်စား အလတ်စားလုပ်ငန်းများ၊ ကုန်သည်များ၊ မွေးမြူရေးသမားများ၊ အခြားမြို့ပြနေနှင့် ကျေးလက်နေလူထုများတို့ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများနှင့် လက်လှမ်းမမီဖြစ်နေသည်ကို ကိုင်တွယ်ရန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်လှမ်းမီသော ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့ရာတွင် သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် မည်သို့ချိတ်ဆက်နိုင်မည်ကို LIFTက စိတ်ဝင်စားပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာတင်သွင်းသူကို ငှားရမ်းကာ မြန်မာနိုင်ငံအတွင်းတွင် သမဝါယမအသင်းများ မည်သို့ လုပ်ငန်းဆောင်ရွက်နေသည်ကို အနည်းဆုံး အာရှနိုင်ငံတစ်ခု၏ သမဝါယမတိုးတက်ဖွံ့ဖြိုးမှုအခြေအနေနှင့် နှိုင်းယှဉ်ဖော်ပြထားသော လေ့လာချက်စာတမ်းတစ်စောင်ကို ပြုစုစေခဲ့ပါသည်။[1] ဤလေ့လာချက်၏ရည်ရွယ်ချက်မှာ- အထူးသဖြင့် ငွေကြေးဆိုင်ရာအားလုံးပါဝင်စေမှု အပါအဝင်ဖြစ်သော LIFT၏ စီမံကိန်းများနှင့် သမဝါယမတိုးတက်ဖြစ်ပေါ်မှုတို့ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့်ပတ်သက်၍ မူဝါဒဆိုင်ရာအကြံပြုချက်များကို LIFTသို့ တင်ပြရန်ဖြစ်သည်။

## ယေဘုယျတွေ့ရှိချက်များ

နိုင်ငံတော်စီးပွားရေးစီမံကိန်းတွင်ပါဝင်ခဲ့ရသဖြင့် သမဝါယမ၏တိုးတက်ဖြစ်ထွန်းမှုမှာ အမည်ပျက်ခဲ့ရသည်။ ၁၉၉၂ခုနှစ် သမဝါယမအသင်းဥပဒေအရ အထက်မှအောက်သို့ ထိပ်တန်းအဆင့်၊ တတိယအဆင့်၊ ဒုတိယအဆင့် စသဖြင့် အဆင့်ဆင့်ချုပ်ကိုင်ထားသော အဆင့်၄ဆင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ပိုင်ဆိုင်မှု သဘောနည်းပါးသော သမဝါယမအဆောက်အအုံတစ်ရပ်ဖြစ်ပေါ်ခဲ့သည်။ ဝန်ကြီးအပါအဝင်ဖြစ်သော နိုင်ငံတော်ခေါင်းဆောင်များကလည်း အပြောင်းအလဲလုပ်ရန် လိုအပ်နေကြောင်းသိမြင်ကြသဖြင့် သမဝါယမအသင်းများကို ကိုင်တွယ်ဖြေရှင်းရန်နည်းလမ်းအသစ်များ၊ နည်းနာအသစ်များကို ရှာဖွေလျက် ရှိကြသည်။ သမဝါယမအသင်းများ လွတ်လပ်စွာလုပ်ကိုင်နိုင်စေမည့် သမဝါယမဥပဒေအသစ်မှာလည်း ရေးဆွဲနေဆဲဖြစ်သည်။

လေ့လာခဲ့သော အခြေခံသမဝါယမအသင်းများတွင် ဒီမိုကရေစီနည်းကျ ပိုင်ဆိုင်ခွင့်ကို နားလည်သော အသင်းသားများက တာဝန်ခံယူမှုရှိစွာ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ကောင်းမွန်သော စီးပွားရေးလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်နေသည်ကို တွေ့ခဲ့ရသည်။ ရွေးချယ်တင်မြှောက်ထားသော ခေါင်းဆောင်များကလည်း မိမိတို့၏အချိန်ကိုပေး၍ လုပ်ငန်းတွင်နှစ်မြှုပ်ထားကြသည်။ သမဝါယမများသည် အခွန်အခများ

[1] အတိုင်ပင်ခံစာချုပ်စည်းကမ်းများ

ပေးဆောင်ကြပြီး မြန်မာနိုင်ငံ၏တိုးတက်ဖြစ်ထွန်းနေသော စီးပွားရေးအခန်းကဏ္ဍတစ်ရပ် အဖြစ်ပါဝင်နေကြသည်။

နိုင်ငံတော်အဆင့်အသင်း(ဗဟိုသမ)၏ လုပ်ငန်းတာဝန်များတွင် အစိုးရနှင့်ဆက်သွယ်ခြင်း၊ ပညာပေးခြင်း၊ လေ့ကျင့်ခြင်း၊ ခေါင်းဆောင်ခြင်း၊ နိုင်ငံတကာနှင့်ဆက်ဆံခြင်းတို့သာမက ငွေချေးခြင်း၊ ရန်ပုံငွေထိန်းသိမ်းခြင်း၊ မတော်တဆဘေးမှကာကွယ်ခြင်းတို့လည်း ပါဝင်သည်။ ဗဟိုသမသည် အထက်မှ အောက်အဆင့်ဆင့်သို့ ငွေချေးလျက်ရှိပြီး အဆင့်တိုင်းအတွက် ဝင်ငွေရရှိအောင် ဖန်တီးပေးနေသည်။ သို့သော်လည်း ဗဟိုသမသည် အဖွဲ့ဝင်အသင်းများထံမှ ရသင့်သောဆပ်ငွေများကို မရသဖြင့် အခြားသောဝန်ဆောင်မှုများကို မပေးနိုင်ဘဲရှိနေသည်။ ယင်းတို့၏ အသေးစား ချေးငွေလုပ်ငန်းခွဲများမှာ ရပ်တည်နေနိုင်ကြသည်။

အသင်းအဆင့်ဆင့်တို့၏ ရပ်တည်နေနိုင်စွမ်းမှာ အောက်ပါတို့တွင်မှီတည်နေသည်-

- စီးပွားရေးဘဏ်တစ်ခုဖြစ်သော သမဝါယမဘဏ်ထံမှ ချေးငွေရရှိမှု၊ ဗဟိုသမနှင့် အခြားသမဝါယမအသင်းများသည် ထိုဘဏ်တွင် အစုရှယ်ယာများဝင်ထားကြသည်။
- အခြေခံသမဝါယမအသင်းများကို အားဖြည့်ခြင်းမရှိသော၊ သမဝါယမလုပ်ရှားမှုများနှင့် တိုက်ရိုက်ချိတ်ဆက်မထားသော အခြားစီးပွားရေးလုပ်ငန်းများမှ အကျိုးအမြတ်များ။

သမဝါယမတိုးတက်ဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သော တွေးခေါ်မှုများ ဖြစ်ထွန်းခဲ့သော်လည်း ဆက်သွယ်မှုနှင့် အမျိုးသားအဆင့်နှင့် လိုက်လျောမှုမရှိပါ။ ၂၀၀၄ခုနှစ်တွင် အစိုးရက အဆင့်၃ဆင့်ရှိသော သမဝါယမ အဆောက်အအုံကို ကျင့်သုံးခဲ့သော်လည်း သွားရောက်လေ့လာခဲ့သော မြို့နယ်များတွင် အဆင့် ၄ဆင့်စနစ်ကိုကျင့်သုံးနေဆဲ ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံကို ပိုမိုကျယ်ပြန့်သော ဈေးကွက်အင်အားစုများသို့ ဖွင့်ပေးလာသည်နှင့်အမျှ လက်ရှိ သမဝါယမ များသည်လည်း ယင်းနှင့် အလိုက်သင့်အလျားသင့် ပြောင်းလဲရန် စိန်ခေါ်ခံရမည်။ ထိုသမဝါယမများသည် ပြိုလဲရန် သို့မဟုတ် အသစ်ပြန်ဖွဲ့ရန် အကြောင်းရှိသည်။ ပြင်ပမှ ပါဝင်ဆောင် ရွက်သူတို့က သမဝါယမကို ဖွံ့ဖြိုးရေးနည်းကိရိယာများအဖြစ် ရှုမြင်ပြီး အစိုးရနှင့်ဖြစ်စေ ဗဟိုသမနှင့် ဖြစ်စေ မထိတွေ့ဘဲ လက်ရှိ သမဝါယမ အသင်းများကို ထောက်ပံ့ ပေးနေကြ လုပ်ငန်းစတင်နေကြသည်။

## အကြံပြုချက်အကျဉ်းချုပ်

### သမဝါယမဥပဒေကို ပြန်လည်ရေးဆွဲရာတွင် အချိန်ယူဆောင်ရွက်ရန်

'ထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်ဆိုင်ရာ နည်းပညာများကို တိုးတက်ကောင်းမွန်စေခြင်းနှင့် သွင်းအားစုများနှင့် ဈေးကွက်တို့ကို ပိုမိုလက်လှမ်းမီစေရန် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုနှင့် ဝင်ငွေ

တိုးတက်များပြားစေရန်’ဟူသော LIFT၏ မျှော်မှန်းချက်ရလဒ်(၁) အကောင်အထည်ပေါ်နိုင်ရန် အတွက် ကျေးလက်နေထုတ်လုပ်သူများကို စည်းလုံးကူညီရာတွင် သမဝါယမတို့က ထိရောက်စွာ ပါဝင်နိုင်ရေးအတွက် သမဝါယမဥပဒေဘောင်အသစ်တစ်ခုကို လိုအပ်လျက်ရှိသည်။

**ငွေကြေးဆိုင်ရာသမဝါယမများနှင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတို့ကို ခွဲခြားကြပ်မတ်ရန်**

မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာကြပ်မတ်ထိန်းညှိသည့်အဖွဲ့အစည်းသည် နိုင်ငံတကာမှ ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ လုပ်ထုံးလုပ်နည်းများကို အခြေခံကာ ဆောင်ရွက်သင့်သည်။ သို့မှသာလျှင် ငွေကြေးဆိုင်ရာသမဝါယမအသင်းများ၏ ထူးခြားသောအနေထားနှင့် လိုက်လျောညီထွေဖြစ်မည့်အပြင် ယင်းတို့ကို ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုနှင့် သက်ဆိုင်သော ယန္တရားတစ်ရပ်အဖြစ် အထောက်အကူပြုပေးနိုင်မည်။

**LIFT စီမံကိန်း ဧရိယာ အတွင်းရှိ သမဝါယမအသင်းများ၏အခန်းကဏ္ဍကို ပိုမိုနားလည်ရန်**

မြန်မာနိုင်ငံသမဝါယမအသင်းများ၏ လက်လှမ်းမီမှုနှင့်အကျိုးသက်ရောက်မှုနှင့် သက်ဆိုင်သော ကိန်းဂဏန်းအချက်အလက်များမှာ တိကျခြင်းမရှိပေ။ မြန်မာနိုင်ငံတဝန်းလုံးရှိ သမဝါယမများကို စစ်တမ်းကောက်ယူရန်မှာ လက်တွေ့မကျသည့်ပြင် လိုလည်းမလိုအပ်သောကြောင့် LIFTအနေဖြင့် မိမိ၏ အစီအစဉ်နယ်မြေအတွင်းရှိ သမဝါယမများအနေဖြင့် သက်ဆိုင်ရာစီမံချက်များတွင် ပြတ်သားသော အစိတ်အပိုင်းဟုတ်မဟုတ်ဆိုသည်ကို လုပ်ငန်းဆောင်ရွက်နေသော မိတ်ဖက်များကို စစ်တမ်းကောက်စေရန် စဉ်းစားသင့်သည်။

**သမဝါယမတိုးတက်မှုဆိုင်ရာ လမ်းညွှန်ချက်များကိုရေးဆွဲပြုစုရန်**

သမဝါယမများသည် မြန်မာနိုင်ငံအစိုးရအတွက် အရေးကြီးသည့်အပြင် သမဝါယမများနှင့် ယခင်က အတူမလုပ်ကိုင်ဖူးသောသူများအပါအဝင် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းအမျိုးမျိုးတို့က အလှူရှင်ရန်ပုံငွေစီမံချက်များတွင် ပိုမို ထည့်သွင်းဆောင်ရွက်လျက် ရှိနေသည်။ ဆင်းရဲသားများ စီးပွားတိုးတက်ရေးမူဝါဒများတွင် ငွေကြေးဆိုင်ရာ သို့မဟုတ် စိုက်ပျိုးရေးဆိုင်ရာ သို့မဟုတ် အခြားသမဝါယမများကို ထည့်သွင်းရန်အတွက် စံလမ်းညွှန်ချက်များကို လက်ခံကျင့်သုံးရန်လိုအပ်သည်။

**ခေတ်မီစံပြသမဝါယမများကိုထောက်ပံ့ရန်**

သမဝါယမများသည် အသင်းသားများ အတူတကွ အလုပ်လုပ်ကြခြင်းဖြင့် ယင်းတို့၏ စီးပွားလူမှုအခြေအနေများနှင့် ရပ်ရွာကိုပါ တိုးတက်အောင် လက်တွေ့ဆောင်ရွက်နိုင်သော နည်းလမ်းတစ်ရပ်ဖြစ်ပေသည်။ မြင်ဖူးမှယုံကြည်သည် ဟူသောစကားနှင့် လွန်စွာသင့်လျော်သည်။ နိုင်ငံတကာစံချိန်စံညွှန်းမူဝါဒများနှင့် ကိုက်ညီသော သမဝါယမအသင်းတစ်ခုကို စတင်ရန် သို့မဟုတ် လက်ရှိအသင်းတစ်သင်းကို အသွင်ပြောင်းရန် LIFT ကအားပေးထောက်ခံပါသည်။

# ၁။ ဤလုပ်ငန်း၏နောက်ခံအကြောင်းအရာများ

## ၁.၁။ နည်းလမ်း

ဤလေ့လာချက်ကို ၂၀၁၃ခုနှစ်မေလနှင့် ဖွန်လအတွင်းတွင် မြန်မာနိုင်ငံ၌၁၇ရက်အပါအဝင် အလုပ်လုပ်ချိန် ရက်၃၀အတွင်း ပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဤနည်းလမ်းတွင် အဓိကအပိုင်းကြီး၄ပိုင်းပါဝင်ပါသည်-

၁. ထိုင်ရာမထလေ့လာခြင်း။ နှိုင်းယှဉ်လေ့လာမည့် အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သမဝါယမဆိုင်ရာ လက်ရှိသုတေသနပြုတွေ့ရှိချက်များကို လေ့လာပြီး ယင်းတို့ကိုအခြေခံကာ မှတ်စုထုတ်၍ ကျမ်းစာရင်းတစ်စောင်ကို ပြုစုပါသည်။ ယင်းကျမ်းစာရင်းနှင့် မှတ်စုများကို နောက်ဆက်တွဲ(၁) အဖြစ်ဖြင့် ဖော်ပြထားပါသည်။

၂. အခြေခံအဆင့်၊ ဒုတိယအဆင့် ထိပ်ပိုင်းအဆင့် သမဝါယမများနှင့် ဆွေးနွေးမှုများ။ မြန်မာနိုင်ငံရှိ သမဝါယမများနှင့်ဆွေးနွေးရာတွင် ကနေဒါသမဝါယမအသင်း(CCA)က ပြုစုထားသော ဖွံ့ဖြိုးမှုအဆင့်ဆင့်အကဲဖြတ်မှု(DLA)ကို မွမ်းမံ၍အသုံးပြုပါသည်။ အောက်ပါနယ်ပယ်တို့တွင်သမဝါယမအသင်းများ လုပ်ဆောင်မှုကို ဆွေးနွေးခဲ့ပါသည်-

- မဟာဗျူဟာ/ဈေးကွက်ကိုတုံ့ပြန်နိုင်စွမ်းရှိမှု
- အသင်းသားများကိုတုံ့ပြန်နိုင်စွမ်းရှိမှု
- လူမှုရေးဖွံ့ဖြိုးမှု
- ဒီမိုကရေစီနည်းကျထိန်းချုပ်မှု
- ပွင့်လင်းမြင်သာမှု/စည်းကမ်းကျင့်ဝတ်
- လုပ်ငန်းဆောင်ရွက်မှု
- ငွေကြေးရေးတောင့်တင်းမှု(ငွေကြေးဆိုင်ရာသမဝါယမများ)
- ငွေကြေးရေးတောင့်တင်းမှု(ငွေကြေးဆိုင်ရာမဟုတ်သောသမဝါယမများ)
- ငွေထုတ်ချေးမှု(ငွေကြေးဆိုင်ရာသမဝါယမများ)

မေးမြန်းခဲ့သောမေးခွန်းများကို နောက်ဆက်တွဲ(၂)အဖြစ်ဖြင့် ဖော်ပြထားပါသည်။

၃။ အစိုးရပိုင်းမှပတ်သက်ဆက်နွယ်သူများနှင့် လူတွေ့မေးမြန်းခြင်း။ ဤစာတမ်းရှင်သည် မြန်မာနိုင်ငံ အစိုးရပိုင်းမှပတ်သက်ဆက်နွယ်သူများကို လူတွေ့မေးမြန်းခဲ့ရာတွင် သမဝါယမဝန်ကြီးနှင့် ဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးဌာနများ(ဘဏ္ဍာရေး)မှပုဂ္ဂိုလ်များ၊ သမဝါယမတက္ကသိုလ်များ သမဝါယမကျောင်းများမှ ပုဂ္ဂိုလ်များ ပါဝင်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူများစာရင်း အပြည့်အစုံ ကို နောက်ဆက်တွဲ(၃)အဖြစ်ဖြင့် ဖော်ပြထားပါသည်။

၄။ သမဝါယမပြင်ပမှပတ်သက်ဆက်နွယ်သူများနှင့်တွေ့ဆုံမေးမြန်းခြင်း။ ဤစာတမ်းရှင်သည် မြန်မာနိုင်ငံတွင် သမဝါယမနှင့်ပတ်သက်၍ဆောင်ရွက်နေသော နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များကို လူကိုယ်တိုင်သော်လည်းကောင်း အီးလက်ထရွန်းနစ်နည်းဖြင့်သော်လည်းကောင်း တွေ့ဆုံခဲ့ပါသည်။

## **၁.၂။ မြန်မာနိုင်ငံရှိငွေကြေးဆိုင်ရာအားလုံးပါဝင်စေမှု**

မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဘဏ်စနစ်မထွန်းကားဆုံးနိုင်ငံများထဲတွင် ပါဝင်သည်။ လူ၁၀၀လျှင် ၂၀မျှပင် တရားငွေကြေးဝန်ဆောင်မှုများနှင့် လက်လှမ်းမမီကြပါ။ အားလုံးပါဝင်နိုင်မည့် ငွေကြေးဆိုင်ရာကဏ္ဍအစီအမံများနှင့်မူဝါဒများသည် ဘဏ်ကိုအသုံးမပြုသေးသော သို့မဟုတ် အသုံးပြုမှုနည်းပါးသေးသော လူထုတို့အတွက် ငွေကြေးဆိုင်ရာနည်းလမ်းများကို တိုးချဲ့ရန် ကြိုးဆောင်လျက်ရှိကြသည်။ ထိုသို့ပြုခြင်းအားဖြင့် အကြွေးကဦးဆောင်သောရောင်းလိုအားအစီအမံများမှ ဝယ်လိုအားကဦးဆောင်သောအစီအမံများသို့ ကူးပြောင်းသွားမည်ဖြစ်သည်။ ထိုအခါ ငွေစုခြင်း၊ ငွေချေးခြင်း၊ ငွေပေးချေမှုဆိုင်ရာဝန်ဆောင်မှုများ၊ အာမခံများ ပါဝင်လာမည်ဖြစ်ပြီး ငွေကြေးဆိုင်ရာ တရားဝင်ဝန်ဆောင်မှုပေးသူများသည်လည်း ဈေးကွက်အတွင်းသို့ဝင်ရောက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ၁.၄သန်းသည် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ငွေကြေးဆိုင်ရာသမဝါယမများ၊ တရားဝင်အသေးစားချေးငွေဌာနများသို့ လက်လှမ်းမီမှုရှိပြီး တရားဝင်ငွေကြေးဝန်ဆောင်မှု၏လွှမ်းခြုံမှုမှာ ၄၃%ရှိသည်။[၁] ၂၀၁၁ခုနှစ် နိုဝင်ဘာလတွင် အစိုးရသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ၂၀၁၃ခုနှစ်ဖွန်လအထိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ၁၄၂ခုကိုထုတ်ပေးပြီးဖြစ်သည်။ ယင်းတို့အနက် ၅၀%ကျော်မှာ ငွေကြေးဆိုင်ရာသမဝါယမများဖြစ်သည်။[၂]

၂၀၁၃ခုနှစ်တွင် ကုလသမဂ္ဂငွေအရင်းအနှီးဖွံ့ဖြိုးမှုရန်ပုံငွေ (UNCDF)သည် LIFT၏ အထောက်အပံ့ဖြင့် ငွေကြေးဆိုင်ရာကြပ်မတ်ထိန်းညှိမှုနှင့်အားလုံးပါဝင်စေမှုဌာန(CENFRI)၊ ဖင်းမတ်ရန်ပုံငွေ( FimMark Trust)တို့နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၏ ဝယ်လိုအားနှင့်ရောင်းလိုအားဆိုင်ရာ အသေးစိပ်ခွဲခြမ်းလေ့လာမှုတစ်ရပ်ကို ဆောင်ရွက်နေသည်။ ဤလေ့လာချက်သည် လက်လှမ်းမီရေးအစီအစဉ်(MAP)နှင့် MICROLEAD တိုးချဲ့ရေးအစီအစဉ်တို့၏ ဆောင်ရွက်ချက်ဖြစ်ကာ၊ မြန်မာနိုင်ငံငွေကြေးဆိုင်ရာ

[၁] ဒူဖလိုစ် အီး၊ လုရ်ျတင်ဘတ် ပီ၊ ရင် အယ်လ်၊ ချင် အယ်လ်(၂၀၁၃) မြန်မာနိုင်ငံအသေးစားငွေကြေးကဏ္ဍ သုံးသပ်ချက်၊ အရှေ့တောင်အာရှနှင့်ပစိဖိတ်ဒေသ အကြံပေးအဖွဲ့ IFC http://www.cgap.org/sites/default/files/Microfinance%20in%20Myanmar%20Sector%20Assessment.pdf မှထုတ်ယူသည်။

[၂] မြန်မာတိုင်း(၂၀၁၃)ကိန်းဂဏန်းများကို အမြန်ဝါးချေခြင်း၊ အသေးစားငွေကြေးလုပ်ငန်းကဘာများအောင်မြင် နိုင်မလဲ http://www.mmtimes.com/index.php/national-news/7207-crunching-the-numbers-what-can-microfinanceachieve.html

အားလုံးပါဝင်စေမှုအစီအစဉ်ကို ရေးဆွဲမည်ဖြစ်ပြီး အရင်းအမြစ်များနှင့်ဦးစားပေးမှုများကို ညှိနှိုင်းပေးမည်ဖြစ်သည်။[၃] ယင်းအစီရင်ခံစာများသည် ၂၀၁၄ခုနှစ်တွင် ထွက်ပေါ်လာမည်ဟု မျှော်လင့်ရသည်။

## ၁.၃။သမဝါယမများနှင့်ငွေကြေးဆိုင်ရာအားလုံးပါဝင်စေမှု

ယင်း၏အသင်းသားများက ခိုင်လုံသောစီးပွားရေးစီမံချက်များဖြင့် မောင်းနှင်ဆောင်ရွက်ပါက သမဝါယမအသင်းများသည် ဓနအင်အားကို ဖန်တီးနိုင်မည်ဖြစ်ပြီး ခွဲဝေစားသုံးနိုင်ကြမည် ဖြစ်သည်။ သမဝါယမအသင်းဆိုသည်မှာ သီးသန့်လွတ်လပ်သောလုပ်ပိုင်ခွင့်ရှိသည့်အဖွဲ့ဝင်များက ပိုင်ဆိုင်သော ဒီမိုကရေစီနည်းကျလုပ်ငန်းဆောင်ရွက်နေသော စီးပွားလုပ်ငန်းဖြစ်ပြီး၊ ယင်းလုပ်ငန်းဆောင်ရွက်နေသည့် ရပ်ရွာရှိအသင်းသားများ၏ လိုအင်ကို ပြည့်မီစေရမည်ဖြစ်သည်။ ယင်း၏အသင်းသားများအတွက် ကုန်စည်များနှင့်ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရန်အတွက် သမဝါယမများသည် ထောင်လိုက်ရော အလျားလိုက်ပါ ကွန်ရက်များဆက်သွယ်ရသည်။ သမဝါယမများကိုတည်ထောင်ရာတွင် အခြေခံရသော ဒီမိုကရေစီမူဝါဒများသည် အခြားသောပုဂ္ဂလိကကဏ္ဍစီးပွားရေးများနှင့် ကွာခြားပြီး လူမှုစီးပွားတိုးတက်မှုများအတွက် သမဝါယမများ၏ဆောင်ရွက်မှုကို ရှင်းပြလျက်ရှိသည်။[၄]

ငွေကြေးဆိုင်ရာသမဝါယမများကို ငွေစုငွေချေးသမဝါယမဟုလည်းကောင်း ငွေချေးအဖွဲ့အစည်း ဟုလည်းကောင်း ခေါ်ဆိုကြပြီး၊ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျေးလက်နေလူထုနှင့် ချို့ငဲ့နွမ်းပါးသော လူထုများသို့ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီအောင် ဆောင်ရွက်ပေးနေကြသည်။ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို တိုးချဲ့ရာတွင် သမဝါယမအသင်းများ အောင်မြင်ရခြင်းမှာ အောက်ပါအကြောင်းရင်းများကြောင့်ဖြစ်သည်-

၁။ ဒီမိုကရေစီနည်းကျဆောင်ရွက်နေသော ရပ်ရွာပိုင်လုပ်ငန်းဖြစ်သောကြောင့် သမဝါယမအသင်းများသည် ရပ်ရွာပိုင်ဆိုင်မှုကိုမြှင့်တင်ပေးသည်။ အသင်းသားများအနေဖြင့် သမဝါယမများ၊ ယင်းတို့စုဆောင်းထားသော ချေးငှားနေသော ထုတ်ချေးနေသော ငွေကြေးများနှင့် ပတ်သက်၍ ပါဝင်ပတ်သက်ပိုင်ခွင့် ပြောဆိုပိုင်ခွင့်များရှိကြသည်။

၂။ သမဝါယမများသည် ယင်း၏အသင်းသားများကို စုငွေများ ငွေကြေးဆိုင်ရာပညာပေးမှုများဖြင့် လုပ်ကိုင်နိုင်စွမ်းရှိစေသည်။ သမဝါယမအဖို့ ငွေချေးခြင်းသည် အရေးကြီးသောငွေကြေးဆိုင်ရာလက်နက်တစ်ခုဖြစ်သော်လည်း ငွေစုဆောင်းသည့်အလေ့အကျင့် ခိုင်မာမှုအောင် ပထမတည်ဆောက်ရမည်ဖြစ်သည်။

---

[၃]UNCDF (၂၀၁၃)အခွင့်အလမ်းသစ်များ မြန်မာနိုင်ငံရှိUNCDF http://www.uncdf.org/en/myanmar မှထုတ်ယူသည်။
[၄]နိုင်ငံတကာလက်ခံထားသော သမဝါယမအဓိပ္ပာယ်ဖွင့်ချက်များနှင့်စံများ၊ အခြေခံရမည့်မူဝါဒများကို နိုင်ငံတကာသမဝါယမမဟာမိတ်(ICA)ကထုတ်ဝေထားသည်။http://ica.coop/en/what-co-op/co-operative-identity-values-principles မှထုတ်ယူသည်။

၃။ သမဝါယမများသည် ရပ်ရွာအတွင်းတွင်ပင် ပြန်လည်ရင်းနှီးမြှုပ်နှံကြသည်။

၄။ သမဝါယမများသည် ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့် အသင်းများအထိ ကွန်ရက်များ ဖြန့်ကျက်ကာ ဝန်ဆောင်မှုများကိုဝေမျှကာ အသုံးစရိတ်များကိုလျှော့ချနိုင်သည်။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်မူ ဒေသအလိုက်သာ ချမှတ်ကြသည်။

၅။ သမဝါယမအသင်းတို့၏အောင်မြင်မှုသည် ရပ်ရွာ၏အောင်မြင်မှုနှင့် ထပ်တူကျသည်။ အသင်းသားများ၏စုငွေများဖြင့် ငွေကြေးထောက်ပံ့ထားသဖြင့် ယင်းတို့၏ယုံကြည်မှုကို ထိန်းသိမ်းနိုင်ရန် သမဝါယမအသင်းများသည် အလုပ်ကြိုးစားရသည်။

## ၂။မြန်မာနိုင်ငံ သမဝါယမသမိုင်း

မူလကကောင်းမွန်သော ရည်ရွယ်ချက်များရှိခဲ့သော်လည်း မြန်မာနိုင်ငံသမဝါယမဖြစ်ထွန်းမှုပုံစံသည် သမဝါယမစံများကိုသိက္ခာချသည့်အဖြစ်သို့ ဆိုက်ရောက်သွားခဲ့သည်။ သမဝါယမအသင်းများဖွဲ့စည်းခြင်း၊ အကဲဖြတ်ခြင်း၊ ဥပဒေပြုခြင်း၊ ငွေကြေးဆိုင်ရာကြပ်မတ်ခြင်းတို့တွင် အစိုးရက အလွန်အမင်းပါဝင် ဆောင်ရွက်မှုများရှိခဲ့ကြသည်။ ထို့ကြောင့် လူထုက အစိုးရနှင့်သမဝါယမကို တစ်ခုတည်းအဖြစ် မြင်ခဲ့ ကြသည်။ ၁၉၀၄ခုနှစ်တွင် အိန္ဒိယသမဝါယမအသင်းများအက်ဥပဒေကို လက်မှတ်ရေး ထိုးလိုက်ခြင်းဖြင့် သမဝါယမအသင်းများနှင့် စတင်မိတ်ဆက်ခဲ့ကြသည်။ ၂၀ရာစုစောစောပိုင်းတွင် ဗြိတိသျှကိုလိုနီ အာဏာပိုင်များက သမဝါယမငွေချေးများကို အတိုးကြီးစားငွေချေးသူများကို နှိမ်နင်းရန်အတွက် အသုံးပြုခဲ့ကြပြီး စီးပွားရေးတိုးတက်မှုကို ထိန်းညှိခဲ့ကြသည်။ မြန်မာနိုင်ငံသည်လည်း ထိုသို့သော နေရာတစ်ခုဖြစ်ခဲ့သည်။ ဗြိတိသျှပိုင်အိန္ဒိယပြည်နယ်တွင် ရာစုနှစ်၏ ပထမဆယ်စုနှစ် သုံးခုအတွင်း ငွေချေးသမဝါယမများ ထူးထူးခြားခြားတိုးပွားလာပြီးနောက် ၁၉၂၉ခုနှစ်တွင် မြန်မာနိုင်ငံ ဖြစ်လာ မည့်ဒေသအတွင်းတွင် ငွေချေးသမဝါယမ ၄၀၀၀ခန့် ရှိလာခဲ့သည်။[၁] မကြာမီတွင် ဒုတိယနှင့် တတိယ အဆင့်သမဝါယမများ ပေါ်ပေါက်လာပြီးနောက် ပူးပေါင်းဆောင်ရွက်သူများနှင့် ကိုလိုနီသမားများကပါ ဤတိုင်းပြည်တွင်သမဝါယမအသင်းများ အလွန်အမင်းများပြားလာမည်ဟု ထင်မြင်ခဲ့ကြသည်။

သို့သော်လည်း ကံမကောင်းအကြောင်းမလှစွာဖြင့် တိုးတက်မှုမှာတာရှည်မခံခဲ့ချေ။ စီးပွားပျက်ကပ် ကြီး ဖြစ်လုဆဲဆဲအချိန်တွင် မြန်မာငွေချေးသမဝါယမပုံစံသည် ပြိုလဲခဲ့ရာ ကိုလိုနီသမားများလည်း ဆောက်တည်ရာမရ ဖြစ်ခဲ့ကြသည်။ သမဝါယမပုံစံကိုယုံကြည်မှုလည်း ပျောက်ဆုံးခဲ့သည်။[၂] ၁၉၃၀ပြည့်နှစ်ခန့်တွင် မြန်မာနိုင်ငံတွင်းရှိ သမဝါယမအသင်းဦးရေမှာ ၂၀၀၀ကျော်ရုံမျှအထိ လျော့ကျ သွားခဲ့သည်။ ၁၉၃၂ခုနှစ်တွင် သမဝါယမဘဏ်မှာ တရားဝင်ဖျက်သိမ်းခဲ့ရပြီး၊ ၁၉၃၅ခုနှစ်တွင် ငွေချေးသမဝါယမအသင်း ၅၇၅သင်းအနက် ၅၇သင်းသာ ကျန်ရှိတော့သည်။ သမဝါယမများကို ကိုလိုနီအစိုးရက လူထုထံ ယူလာခြင်းဖြစ်ပြီး အသင်းသားများကိုလည်း သမဝါယမ နည်းဥပဒေသများနှင့် အညီ လေ့ကျင့်ပညာပေးခြင်းကိုလည်း လုပ်သင့်သလောက် အားထုတ်လုပ်ဆောင်မှု မရှိခဲ့ချေ။[၃] ထို့အတူ သမဝါယမ၏ စံများဖြစ်သော လွတ်လပ်ခြင်း၊ လုပ်ပိုင်ခွင့်ရှိခြင်း၊ ဒီမိုကရေစီနည်းကျခြင်း တို့ကိုလည်း လက်မခံခဲ့ချေ။ သမဝါယမအသင်းများကို တိုင်းတစ်ပါး၏ ဝင်ရောက်စွက်ဖက်မှုအဖြစ်လည်းကောင်း၊ တိုင်းတစ်ပါးသားအာဏာပိုင်များက ပြဋ္ဌာန်းထားသည်၊ ချုပ်ကိုင်ထားသည်ဟုလည်းကောင်း ထင်မြင်ကြ သူအများပင်ရှိသည်။ မြန်မာနိုင်ငံသမဝါယမအသင်းတို့ကို အိန္ဒိယသမဝါယမအသင်းများ အက်ဥပဒေ

[၁] တာနဲလ်၊အက်စ် (၂၀၀၅) ဗြိတိသျှမြန်မာနိုင်ငံ၏သမဝါယမချေးငွေ၊ ဆစ်ဒနီ၊ ဩစတြေးလျ၊ မက်ကရီး တက္ကသိုလ်၊ စီးပွားရေးဌာန။

[၂] တာနဲလ်၊အက်စ် (၂၀၀၉ က) မြန်မာနိုင်ငံရှိ မီးနဂါးများ၊ ဘဏ်များ၊ ငွေချေးသူများ၊ အသေးစားငွေကြေး လုပ်ငန်းများ၊ ကိုပင်ဟေဂင်၊ နော်ဒစ်အာရှရေးရာဌာန ပုံနှိပ်တိုက်၊

[၃] အထက်ပါနှင့် Op cit 6.

တွင် ပါရှိသကဲ့သို့ 'သမဝါယမမူဝါဒများနှင့် အညီအသင်းသားတို့၏ စီးပွားရေးကိုတိုးပွားစေရန် ရည်မှန်းချက်ထားရှိသောအသင်း' ဟူသော အဓိပ္ပာယ်ဖွင့်ချက်အတိုင်း မရှုမြင်ခဲ့ကြချေ။[၄]

လွတ်လပ်ရေးရပြီးနောက်တွင် စိုက်ပျိုးရေးနှင့် ငွေကြေးဆိုင်ရာ သမဝါယမအသင်းများကို ဆိုရှယ်လစ်စနစ်ဖြစ်ထွန်းရေးနှင့် သာယာဝပြောရေးအတွက် နည်းကိရိယာများအဖြစ် အစိုးရကအလေးပေးခဲ့သည်။ ဗြိတိသျှကိုလိုနီတို့အုပ်ချုပ်စဉ်က ကျင့်သုံးခဲ့သော အရင်းရှင်အလေ့အထများကို ပုံတူကူးချဆောင်ရွက်နေစဉ် မြန်မာစီးပွားရေးကျဆင်းလာသဖြင့် အစိုးရသစ်သည်လည်း နိုင်ငံခြားပြုပြင်ပြောင်းလဲမှုဟုလည်းကောင်း အရင်းရှင်အစီအမံများသည်အကျိုးမရှိဟုလည်းကောင်း ရှုမြင်လာခဲ့သည်။ ဤအစိုးရ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စီးပွားရေးလုပ်ငန်းတွင်အမြတ်အစွန်းရလိုမှု'ကို စွန့်လွှတ်ရန် တောင်းဆိုခဲ့ပြီး၊ သမဝါယမအသင်းများကိုလည်း များများထုတ်များများသုံးဝါဒီတို့၏ အလေ့အထများကို ရှောင်ကြဉ်ရာတွင် သုံးစွဲသည့်နည်းကိရိယာအဖြစ် ထင်ထင်ပေါ်ပေါ် ထောက်ခံလာခဲ့သည်။[၅] မည်သို့ဆိုစေ ၁၉၆၅ခုနှစ်အတွင်းတွင် ထုတ်ဝေခဲ့သော မောင်မောင်၏စာတမ်းတစ်စောင်တွင် ထိုသို့သောမူဝါဒများကို အစိုးရက အကောင်အထည်ဖော်ရာတွင် အနည်းငယ်သာအောင်မြင်ခဲ့ကြောင်း ရေးသားထားသည်။ 'တုံ့ပြန်မှုမရှိကြောင်းနှင့် ကျေးလက်စီးပွားရေးတွင် သမဝါယမဘာဝနေဟန်များကို မကျင့်သုံးနိုင်ကြောင်း'[၆]

သမဝါယမအသင်းများသည် အစိုးရ၏ဦးစားပေးမှုများနှင့် တစ်ထပ်တည်းကျလာခဲ့ပြီး သမဝါယမ၏ အခြေခံဥပဒေသအများစုကို မေ့လျော့ထားခဲ့ပြီး အသုံးမပြုကြတော့ချေ။ ထို့အပြင် အသင်းသားများကို လေ့ကျင့်ပေးရေးရန်ကိုလည်း အလေးမထားတော့ပေ။ ယင်း၏ရလာဒ်မှာ သမဝါယမတိုးတက်မှုအတွက် အစိုးရ၏ တွန်းအားပေးမှုကြောင့် သမဝါယမ အသင်းနှင့်အသင်းသား အများအပြား တို့သည် သမဝါယမ လုပ်ငန်းစဉ်တွင် မလှုပ်မယှက်နေသောအဖြစ်သို့ ရောက်သွားခြင်းပင်ဖြစ်သည်။ သို့သော်လည်း အစိုးရသည် ထိုက်သင့်သော ကြပ်မတ်မှုစီမံမှုတွင် အားနည်းသောကြောင့် ဆိုးရွားသောရလာဒ်များသာ ရလာခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံသားတို့ အမြင်တွင် သမဝါယမမူဝါဒ ဟူသည်မှာ (ညံ့ဖျင်းစွာ) လုပ်ဆောင်နေသော အစိုးရ၏အစီအမံများဟု ထင်မြင်လာခဲ့ကြသည်။[၇] ဥပမာအားဖြင့် ကျေးရွာများတွင် သမဝါယမအသင်းများကို ထူထောင်ပေးပြီး အသင်းသားများထဲမှ အသက်အကြီးဆုံးလူကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းများရှိခဲ့သည်။ စီးပွားရေးလုပ်ငန်း အသိအမြင် အတွေ့အကြုံကို အခြေခံခြင်းထက်

---

[၄] မျူခ်နာ၊ အိပ်ချ် (၂၀၁၆) နှစ် ၁၀၀၊ အိန္ဒိယငွေချေးသမဝါယမအသင်းအက်ဥပဒေ၊ ထူးခြားသောလူမှုရေးပြုပြင်ပြောင်းလဲမှုအတွေ့အကြုံ။

[၅] မောင်၊အမ် (၁၉၆၅) မြန်မာနိုင်ငံစိုက်ပျိုးရေးသမဝါယမများ၊ လူမှုစီးပွားရေးဆောင်ရွက်မှု၏သက်ရောက်မှုနှင့် တန်ဖိုးကိုဦးတည်မှုကို လေ့လာချက်။

[၆] အထက်ပါ

[၇] အထက်ပါ

ယဉ်ကျေးမှုအစဉ်အလာကို ဦးစားပေးခြင်းဖြစ်သည်။[၈] သမဝါယမ အသင်းသားအဖြစ်လက်ခံခြင်း၊ ချေးငွေထုတ်ပေးခြင်းစသည်တို့ကို ဆောင်ရွက်ရာတွင် ခိုင်မာသော စီးပွားရေး လုပ်ငန်းများထက် ပုဂ္ဂိုလ်ရေး ဆက်စပ် ပတ်သက်မှုများ အမြင်များကို အခြေပြုကာ ဆောင်ရွက်ခဲ့ခြင်းများ များစွာရှိခဲ့သည်။ ထို့ပြင် သမဝါယမဝန် ကြီးဌာနကလည်း သမဝါယမ ဘုတ်အဖွဲ့ဝင်များကို နောက်ဆုံး အတည်ပြု ပေးလျက်ရှိသည်။ သမဝါယမ အသင်းများ အပေါ် လူထု၏ အမြင် ကို ပိုကောင်းမွန်လာ အောင် ပြုလုပ်ရမည့်အစား အစိုးရ၏ဆောင်ရွက်မှုများမှာ ယင်းတို့၏ မစွမ်းဆောင် နိုင်မှုများကို ပို၍ မကျေနပ်အောင် အားဖြည့်ပေးရာ ရောက်လျက်ရှိခဲ့သည်။

မြန်မာနိုင်ငံရှိသမဝါယမအသင်းများနှင့် အစိုးရကို အဆက်ဖြတ်ရန် ပြောဆိုနေကြသည်မှာ နှစ်များစွာ ကြာခဲ့ပါပြီ။ အစိုးရကထောက်ခံအားပေးသောကြောင့် အသင်းတွင်ပါဝင်ရမှုများမှာလည်း လူထုက လိုက်နာကြရသော အစိုးရ၏အခြားလမ်းညွှန်ချက်များနှင့် မခြားနားလှတော့ပါ။ အတင်းအကြပ် ပါဝင်စေမှုများကြောင့် သမဝါယမအသင်းများကို အစိုးရလုပ်ငန်းများကဲ့သို့ မကောင်းမြင်မှုများသည် ပိုမိုပြင်းထန်လာခဲ့သည်။ ၁၉၇၀နှင့်၈၀ ပြည့်နှစ်များအတွင်းတွင် ဤအမြင်သည် ပို၍ခိုင်မာထာခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေး၏ ပင်မမဏ္ဍိုင်ကြီး ၂ခုမှာ နိုင်ငံပိုင်နှင့် နိုင်ငံကကိုင်တွယ်နေသော သမဝါယမတို့ပင် ဖြစ်ခဲ့သည်။ ၁၉၈၈ခုနှစ်တွင် အရေးအခင်းဖြစ်လာသော အခါ အဖျက်ဆီးခံရသောအဖွဲ့အစည်းများတွင် သမဝါယမအသင်းများလည်း ပါဝင်ခဲ့လေသည်။[၉]

---

[၈] မောင်၊အမ် (၁၉၆၅) မြန်မာနိုင်ငံစိုက်ပျိုးရေးသမဝါယမများ၊ လူမှုစီးပွားရေးဆောင်ရွက်မှု၏သက်ရောက်မှုနှင့် တန်ဖိုးကိုဦး တည်မှုကို လေ့လာချက်။

[၉] ပါမောက္ခ အောင်ထွန်းသက်၊ UNDP အထူးအကြံပေး၊ ၂၀၁၃ခုနှစ်မေလ ၂၉ရက် ရန်ကုန်တွင်လူတွေ့မေးမြန်းချက်

# ၃။သမဝါယမအသင်းများကို ကြပ်မတ်ထိန်းညှိထောက်ပံ့ပေးနေသော အစိုးရ၏ အခြေခံအဆောက်အအုံ

## ၃.၁။ဥပဒေမူဘောင်

လက်ရှိမြန်မာနိုင်ငံသမဝါယမအသင်းများအတွက် ဥပဒေနှင့်မူဝါဒဆိုင်ရာ မူဘောင်ကိုပြဌာန်းနေသော ဥပဒေနှစ်ရပ်ရှိသည်။ ပထမဥပဒေမှာ ၁၉၉၂ခုနှစ်ဒီဇင်ဘာလတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြဌာန်းခဲ့သော သမဝါယမအသင်းဥပဒေ (ဥပဒေ)ဖြစ်ပြီး၊ ယင်းဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံသမဝါယမအသင်းဥပဒေ(၁၉၇၀)ကို ရုပ်သိမ်းခဲ့သည်။ ဒုတိယဥပဒေမှာ ၁၉၉၈ ခုနှစ်မတ်လအတွင်းက ပြဌာန်းခဲ့သော သမဝါယမအသင်းနည်းဥပဒေ(နည်းဥပဒေ)ပင် ဖြစ်သည်။

### ၁၉၉၂ခုနှစ် သမဝါယမအသင်းဥပဒေ

ဤဥပဒေတို့ကိုလည်း ကျဉ်းကျဉ်းသာရေးထားပြီး မြန်မာနိုင်ငံရှိသမဝါယမအသင်းများ၏ အခြေခံလုပ်ငန်း ဆောင်တာများကို ဖော်ပြထားသည်။ အသင်းသားများ၏ ရပိုင်ခွင့်နှင့်ဆောင်ရွက်ရန် တာဝန်များကို သတ်မှတ်ထားသော်လည်း လုပ်ပိုင်ခွင့်အများစုမှာ သမဝါယမဝန်ကြီးဌာနလက်တွင်းတွင်သာ ရှိသည်။ အခြေခံမူများ၊ စည်းမျဉ်းများ၊ အသင်းသား၏တာဝန်နှင့်ရပိုင်ခွင့်များ၊ အသင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကို အခန်း၂မှအခန်း၇အထိ ရေးသားဖော်ပြထားသည်။

ဝန်ကြီးဌာန သို့မဟုတ် သမဝါယမဦးစီးဌာနတို့၏ ကြပ်မတ်ထိန်းညှိမှုတာဝန်များကိုမူ အနည်းအကျဉ်းသာ ဖော်ပြထားသည်။ သမဝါယမအသင်းများသည် အစိုးရထံမှ 'အထောက်အပံ့နှင့်အကူ အညီ' ရယူနိုင် 'စွမ်း' ရှိကြောင်းကိုလည်း ဥပဒေတွင် ရှင်းလင်းစွာဖော်ပြထားသည်။[၁] အစိုးရတွင်မည်သည့် သမဝါယမ အသင်းကိုမဆို 'ဖျက်သိမ်း' နိုင်သည့်အာဏာရှိကြောင်းနှင့် ဤဥပဒေကိုလိုက်နာကျင့်သုံးနိုင်ရန် အလို့ငှာ လိုအပ်သောနည်းဥပဒေများ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ကြောင်းကိုလည်းဖော်ပြ ထားသည်။[၂] အရေးအကြီးဆုံးအချက်မှာ အဆင့်လေးဆင့်ရှိသော သမဝါယမအဆောက်အအုံကို ပြဌာန်း ထားခြင်း ဖြစ်သည်။ အခြေခံအသင်းများ၊ အသင်းစုများ၊ အသင်းစုချုပ်များနှင့်ထိပ်ဆုံးတွင် ဗဟိုသမဝါယမ အသင်း(ဗဟိုသမ)တို့ဖြင့် ဖွဲ့စည်းထားသည်။ ထို့ကြောင့်အဆင့် ၄ဆင့်စလုံး ရပ်တည်လျက်ရှိကြသော် လည်း ငွေကြေးအတွက် ယင်းတို့၏အသင်းသားများကို မှီခိုခြင်းမရှိကြပေ။ ထို့ပြင် ဤအသင်းသားများကို အင်အားဖြည့်ပေးမည့် အထူးဆောင်ရွက်မှုများလည်းမရှိပေ။

---

[၁] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ၁၉၉၂ခုနှစ် သမဝါယမအသင်းဥပဒေ၊ ပုဒ်မ ၁၈(စ)

[၂] အထက်ပါ၊ ပုဒ်မ ၂၅နှင့်၃၈

**၁၉၉၈ခုနှစ် သမဝါယမနည်းဥပဒေ**

ဤနည်းဥပဒေတွင် သမဝါယမဝန်ကြီးဌာန၏ကြပ်မတ်ထိန်းညှိသောအခန်းကဏ္ဍကိုသတ်မှတ်ထားသည်။ အဆင့်၄ဆင့်ရှိသော သမဝါယမအဆောက်အအုံကို အားဖြည့်ပေးထားပြီး ဝန်ကြီးဌာန၏လုပ်ငန်းများနှင့် ပေါင်းယှက်ထားသည်။ သမဝါယမ၏စီးပွားရေးလုပ်ငန်းများကိုလည်း သေချာစွာဖော်ပြထားပြီး ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုတို့ကို လုပ်ငန်းဆောင်ရွက်နိုင်ကြောင်းခွင့်ပြုထားသည်။[၃]

သမဝါယမတို့ လုပ်ငန်းဆောင်ရွက်ရာတွင် အစိုးရသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ သမဝါယမဝန်ကြီးဌာနသည် ကော်မရှင်များ၊ ဆပ်ကော်မရှင်များဖွဲ့စည်းထားကာ သမဝါယမအသင်းများ မှတ်ပုံတင်ခြင်းကို လက်ခံရန် အကြံပေးရန် စီစဉ်ထားသည်၊အထူးသဖြင့် အသင်းစုများ အသင်းစုချုပ်များ နှင့် ထိပ်တန်းအသင်းအဖွဲ့စည်းရာတွင်ဖြစ်သည်။[၄] သမဝါယမဦးစီးဌာနက ဆင်ခြင်သုံးသပ်နိုင်ရန်အတွက် အသင်းဝင်စာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်၊ အုပ်ချုပ်မှုကော်မတီဝင်တို့၏ ကိုယ်ရေးရာဇဝင်တို့ကိုလည်း တင်ပြရသည်။[၅] သင်းလုံးကျွတ် နှစ်စဉ်အစည်းအဝေးမှတ်တမ်းများ၊ လစဉ်လုပ်ငန်းဆောင်ရွက်မှု ကိန်းဂဏန်းများ (ကုန်ထုတ်လုပ်မှု၊ အရောင်း၊ ဝင်ငွေစသည်)တို့ကိုလည်း ဦးစီးဌာနက လေ့လာသုံးသပ်ရန် တင်ပြရသည်။[၆] နှစ်စဉ် စာရင်းစစ်ခံရန်လည်း သတ်မှတ်ထားသည်။[၇] ဗဟိုသမဝါယမအသင်းနှင့် အသင်းစုချုပ်အဆင့် သမဝါယမများ၏ လုပ်ငန်းတာဝန်များမှာ လေ့ကျင့်ရေး၊ အသိပညာဖြန့်ဝေရေး၊ နိုင်ငံခြားသမဝါယမများနှင့် ချိတ်ဆက်ပေးရေးသာဖြစ်သည်။[၈] 'လုပ်ငန်း၏အဆင့်မြှင့်စေရေးအတွက် နည်းလမ်းသစ်များရှာဖွေရန်' ပြဋ္ဌာန်းချက်တစ်ရပ်လည်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်ကြောင့် ဗဟိုသမသည် မြန်မာနိုင်ငံ၏ပထမဆုံးအသေးစားငွေကြေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်[၉]ကို အောက်တွင် ဆက်လက်ဖော်ပြပါမည်။ (အခန်း၃.၄ကို ကြည့်ရန်)

၁၉၉၈ခုနှစ်နည်းဥပဒေကို မည်သည့်အတိုင်းအတာထိ အကောင်အထည်ဖော်နိုင်ခဲ့သည်ကို ရှင်းလင်းစွာ မသိရပါ။ သို့သော်ဤနည်းဥပဒေသည် သမဝါယမအခန်းကဏ္ဍနှင့် အစိုးရတို့ကို ဗျူရိုကရေစီနည်းဖြင့် ပေါင်းယှက်သွားစေရန် အခြေခံတည်ဆောက်ပေးခဲ့သည်ဟု ထင်မြင်ရသည်။ ထိုကြောင့်လွတ်လပ်စွာ လုပ်ပိုင်ခွင့်မရှိသော စီးပွားရေးဆောင်ရွက်သူများဖြင့် ဖွဲ့စည်းထားသည့် သမဝါယမအသင်းများကို အခြေခံသော စီးပွားရေးအင်အားအကန့်အသတ်သာရှိသော အလွန်ကြပ်မတ်ထိန်းညှိထားသော သမဝါယမကဏ္ဍကိုသာ ဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင်အစိုးရအမှုထမ်းများ သို့မဟုတ် ယင်းတို့ကိုထောက်ခံသောသူတို့သာ သမဝါယမအသင်းများ၏ အမှုဆောင်ရာထူးနေရာများသို့ ရောက်ရှိနိုင်သည့် အခွင့်အရေး

---

[၃] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ၁၉၉၈ခုနှစ် သမဝါယမအသင်းနည်းဥပဒေ၊ ပုဒ်မ ၄

[၄] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ၁၉၉၈ခုနှစ် သမဝါယမအသင်းနည်းဥပဒေ၊ ပုဒ်မ ၈နှင့် ၁၆

[၅] အထက်ပါ၊ ပုဒ်မ၂၄

[၆] အထက်ပါ၊ ပုဒ်မ၇၈

[၇] အထက်ပါ၊ ပုဒ်မ၈၀

[၈] အထက်ပါ၊ ပုဒ်မ၇၄

[၉] အထက်ပါ၊ ပုဒ်မ၇၄(ခ)


များ များစွာပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ယခင်အခန်းတွင်ဖော်ပြခဲ့သော အမည်ဆိုးတပ်ခံရသောအဖြစ်သို့ရောက်စေခဲ့သည်။[၁၀]ဤအချက်ကြောင့်ပင်လျှင် စစ်တမ်းကောက်စဉ်က ရန်ကုန်မြို့သားများကို 'သမဝါယမအသင်းဝင်မလား'ဟု မေးသောအခါ 'မဝင်ဘူး၊ သမဝါယမအသင်းမဝင်ချင်ဘူး၊ အစိုးရနဲ့ အပေါင်းအသင်းမလုပ်ချင်ဘူး'ဟု ဖြေကြားခဲ့ကြခြင်းဖြစ်သည်။ ထို့အတူ လယ်သမားများနှင့် ထိတွေ့ကာ လုပ်ငန်းဆောင်ရွက်နေသော INGOများကလည်း သမဝါယမများကို မယုံကြည်ကြပေ။ အစိုးရနှင့် ဆက်ဆံကာ လုပ်ငန်းဆောင်ရွက်ရန် မယုံကြည်သကဲ့သို့ဖြစ်ပေသည်။ (အခန်း၅ကိုကြည့်ရန်)

## ၃.၂။သမဝါယမများကိုကြီးကြပ်ခြင်း၊ မူဝါဒနှင့်စည်းမျဉ်းများ

ယနေ့သမဝါယမဝန်ကြီးဌာနကို အောက်တွင်ဖော်ပြထားသည့်အတိုင်း ဌာနကြီး၄ခုဖြင့်ဖွဲ့စည်းထားသည်-

သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမထုတ်ကုန်သွင်းကုန်လုပ်ငန်း၊ ဗဟိုသမဝါယမအသင်းတို့ဖြစ်သည်။[၁]ဗဟိုသမ၏ ခေါင်းဆောင်များနှင့် ဝန်ကြီးဌာနမှအရာရှိကြီးများက ဗဟိုသမကို အစိုးရနှင့်သီးခြားကင်းလွတ်သောအဖွဲ့အစည်းဟု ရှုမြင်ကြသော်လည်း အောက်ဖော်ပြပါ ဇယားကို ၂၀၁၃ခုနှစ်ဇန္နဝါရီလအထိ နိုင်ငံတကာပရိသတ်သို့ သမဝါယမဝန်ကြီးဌာနက ပြသနေဆဲဖြစ်သည်။ ဤဇယားတွင် ဗဟိုသမကို သမဝါယမဝန်ကြီးဌာန၏ အစိတ်အပိုင်းအဖြစ် ဖော်ပြထားသည်။

**ပုံ၁။ သမဝါယမဝန်ကြီးဌာန၏ဖွဲ့စည်းပုံဇယား**




[၁၀] Op cit 7.

[၁]မြန်မာနိုင်ငံသမဝါယမကဏ္ဍ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော သတင်းအချက်အလက်များကို နေပြည်တော်တွင် ဖွန်လ၃ရက်တွင် သမဝါယမဦးစီးဌာနမှအရာရှိများနှင့်တွေ့ဆုံစဉ်ကလည်းကောင်း၊ ထို့ပြင် ရန်ကုန်တွင်ဖွန်လ၁၈ရက်နေ့တွင် ငွေစုငွေချေး သမဝါယမအသင်းစုချုပ် အမှုဆောင်ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ်ကလည်းကောင်း အသီးသီး ထပ်မံအတည်ပြု ပြောကြားခဲ့ကြပါသည်။

ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာအများစုကို သမဝါယမဦးစီးဌာနဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဤဦးစီးဌာနတွင် တစ်နိုင်ငံလုံးအနှံ့ လက်ရှိဝန်ထမ်း ၅၀၀၀ကျော်ရှိသည်။[၁၁] နှိုင်းယှဉ်ရပါမူ အသေးစား စက်မှုလုပ်ငန်းဦးစီးဌာနတွင် ဝန်ထမ်း၃၀၀သာ ရှိသည်။[၁၂] သမဝါယမတက္ကသိုလ်များကိုလည်း ဤဦးစီး ဌာနက ကြီးကြပ်သည်။ (အခန်း၃.၃ကိုကြည့်ရန်) ဤဦးစီးဌာနနှင့် တန်းတူဖော်ပြထားသော်လည်း ဗဟိုသမသည် ယင်း၏လုပ်ဆောင်မှုအားလုံးကို ဤဦးစီးဌာနသို့တင်ပြရသည်။ ထို့ပြင် ယင်း၏အထက် တန်းအရာရှိများသည် ဦးစီးဌာနမှ ဝန်ထမ်းဟောင်းများသာ ဖြစ်ကြသည်။ (အခန်း၃.၄ကိုကြည့်ရန်)၊ ဤဦးစီးဌာန၏ ပြောင်းလဲလာသော အခန်းကဏ္ဍကို နောက်အခန်းတွင် အသေးစိတ် ဖော်ပြပါမည်။

သမဝါယမဆိုင်ရာအစိုးရမူဝါဒကို သမ္မတနှင့်ဝန်ကြီးအဖွဲ့ကချမှတ်ပြီး၊ သမဝါယမဝန်ကြီးဌာနက ဦးဆောင် ရသည်။ လက်ရှိအစိုးရသည် ဆင်းရဲမွဲတေမှုပပျောက်ရန် လုပ်ငန်းကဏ္ဍရှစ်ရပ် ချမှတ်ထားရာတွင် သမဝါယမဖွံ့ဖြိုးတိုးတက်မှုသည်လည်း အပါအဝင် ဖြစ်သည်။[၁၃] လက်ရှိ ဝန်ကြီးသည် မြန်မာနိုင်ငံ သမဝါယမများ အတွက် ဦးစားပေးလုပ်ငန်း၂ရပ်ကို တင်ပြထား သည်- မြန်မာနိုင်ငံရှိ မြို့ပြနှင့် ကျေးလက်နေ ဆင်းရဲသောပြည်သူများ၏ လူမှုစီးပွားအခြေအနေကို တိုးတက်အောင်ဆောင်ရွက်ရန်နှင့် သမဝါယမစီးပွားရေးလုပ်ငန်းများကိုထောက်ပံ့ရန် ဖြစ်သည်။[၁၄]

အထက်ပါရည်မှန်းချက်များသို့ ဆိုက်ရောက်အောင် ပို့ဆောင်ပေးမည့်ယာဉ်မှာ အခြေခံသမဝါယမအသင်း များမှတစ်ဆင့် အသေးစားငွေကြေးလုပ်ငန်း ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်နှင့် အခြေခံသမဝါယမ အသင်းများကို ငွေအရင်းအနှီးထုတ်ပေးမည့် အသေးစားငွေရေးကြေးရေးဘဏ်တစ်ခု တည်ထောင်ရန် ဖြစ်သည်။[၁၅] (မှတ်စု(၁)ကိုကြည့်ရန်) အခြားရည်မှန်းချက်များမှာ လက်ရှိသမဝါယမအသင်းများ၏ လုပ်ကိုင်နိုင်စွမ်းကို အဆင့်မြှင့်တင်ပေးရန်၊ လူငယ်များသို့ သမဝါယမများ၏စံတန်ဖိုးများကို ပညာပေးရန် မြန်မာနိုင်ငံသမဝါယမပုံစံကို ပြန်ပြောင်းရန်ဖြစ်သည်။[၁၆]

သမဝါယမဦးစီးဌာန၊ ဗဟိုသမတို့နှင့်လက်တွဲကာ အစိုးရသည် သမဝါယမအသင်း အသစ်၅၀၀၀ကို နှစ်စဉ် ဖွဲ့စည်းရန်ရည်ရွယ်လျက်ရှိသည်။ အစိုးရစာရွက်စာတမ်းများတွင် ယင်းသမဝါယမအသစ်များ သည် အရေအတွက်ထက်အရည်အချင်းကို အလေးပေးမည်ဟုဆိုသော်လည်း တွေ့ဆုံခဲ့သောပုဂ္ဂိုလ်များ ပြောဆိုသည့်စကားအရမူ ထိုသို့မဟုတ်ပေ။[၁၇] သမဝါယမများသည် ဒီမိုကရေစီနည်းစဉ်အတိုင်း လုပ်ငန်း ဆောင်ရွက်ကြမည်ဖြစ်သော်လည်း ယင်းတို့ကိုတည်ထောင်ပေးသူမှာ အစိုးရဖြစ်နေသည်။ အသင်းသား

---

[၁၁] ၂၀၁၃ခုနှစ်ဖွန်လ၃ရက် နေပြည်တော်တွင် သမဦးစီးဌာန ဝန်ထမ်းများနှင့်လူတွေ့မေးမြန်းချက်

[၁၂] အထက်ပါ

[၁၃] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သမဝါယမဝန်ကြီးဌာန၊ အသေးစားငွေကြေးလုပ်ငန်းတာဝန်(စာရေးသူလက်ခံ ရရှိ)

[၁၄] ၂၀၁၃ခုနှစ်မေလ၃၁ရက်နေ့ ရန်ကုန်တွင် သမဝါယမဝန်ကြီးနှင့်လူတွေ့မေးမြန်းချက်

[၁၅] အထက်ပါ Op cit 17

[၁၆] အထက်ပါ

[၁၇] အထက်ပါ

များ၏ လွတ်လပ်သောဆန္ဒအရ လိုအင်တစ်ခုအတွက် ဖွဲ့စည်းခြင်းမဟုတ်ပေ။ ငွေကြေးအထောက်အပံ့ကို အစိုးရထံမှ ရမည်ဖြစ်သော်လည်း လုပ်ငန်းအစီအမံဖြစ်စေ၊ ငွေကြေးဆိုင်ရာ သို့မဟုတ် အရှုံးအမြတ် အလားအလာသုံးသပ်ချက်ဖြစ်စေ မလိုအပ်ပေ။ သမဝါယမဝန်ကြီးဌာနက ထုတ်ပေးသော ကိန်းဂဏန်းများအရ ၂၀၁၃ခုနှစ်မတ်လကုန်တွင်ရှိမည့် အသေးစားငွေချေးလုပ်ငန်းများကို အစိုးရငွေကြေး ထောက်ပံ့မှုဖြင့်လုပ်ကိုင်နေသော သမဝါယမအသင်းများ၏စာရင်းကို စာရင်း(၁)တွင် ဖော်ပြထားသည်။[၁၈] သမဝါယမအသေးစားငွေချေးလုပ်ငန်းများအကြောင်းကို အခန်း၃.၄ နှင့် ၄.၁တွင် ဆက်လက်ဆွေးနွေး ထားပါသည်။

**ဇယား(၁) ၂၀၁၃ခုနှစ်မတ်လ၃၁ရက်နေ့တွင်ရှိသော အသေးစားငွေချေးလုပ်ငန်းများ ဆောင်ရွက်နေသော သမဝါယမအသင်းများ**

| သမဝါယမအသင်း အမျိုးအစား | မြို့နယ် စုစုပေါင်း | ကျေးရွာများရှိ အသင်းဦးရေ | အသင်းသားဦးရေ | ချေးငွေ( ကျပ်) |
|---|---|---|---|---|
| ၉မျိုး အခန်း၄ကိုကြည့်ပါ | ၃၀၄ | ၆၆၅၉ | ၇၆၀၂၂၀ | ၄၄ဘီလီယံ |

**မှတ်စု(၁)။ အသေးစားငွေရေးကြေးရေးဘဏ်**

ဗဟိုသမ၊ သမဝါယမဝန်ကြီး၊ ငွေစုငွေချေးသမဝါယမအသင်းစုချုပ်တို့နှင့် ဆွေးနွေးချက်အရ အသေးစားငွေရေးကြေးရေးဘဏ်သည် ဤအစီရင်ခံစာကိုရေးသားနေချိန်တွင် ဗဟိုဘဏ်တွင် မှတ်ပုံတင်ပြီးဖြစ်နေပေမည်။ ဤဘဏ်၏အစုရှယ်ယာများကို ရောင်းချမည်ဖြစ်ရာ ဗဟိုသမနှင့် စီဘီဘဏ်တို့ကလည်း ဝယ်ယူမည်ဖြစ်သည်။ (မှတ်စု(၂)ကိုကြည့်ရန်) ရေးသားထုတ်ဝေသော အစီရင်ခံစာအချို့အရ ဤအစုရှယ်ရာများကို တစ်စုလျှင်ကျပ်တစ်သိန်းနှုန်းဖြင့် ရောင်းချမည်။ ထို့ပြင် ဤဘဏ်သည် ကျေးလက်နေဖောက်သည်များနှင့် တိုက်ရိုက်ထိတွေ့ကာ အတိုးနှုန်းနည်းနည်းဖြင့် ငွေချေးပေးမည်ဟုဆိုသော်လည်း အစိုးရအရာရှိများကဖြစ်စေ ဗဟိုသမဝါယမအသင်းကဖြစ်စေ အတည်ပြုခြင်းမရှိပါ။* အခြားသောသမဝါယမအသင်းများကလည်း အစုရှယ်ယာများကို ဝယ်မဝယ် ဆိုသည်မှာလည်းမရှင်းလင်းပါ။ မြန်မာနိုင်ငံအစိုးရသည် အစုရှယ်ယာများဝယ်ရုံသာမက၊ အတိုးနှုန်း သက်သာသောချေးငွေများ ထောက်ပံ့ငွေများပေးကာ ဤဘဏ်ကို အရင်းအနှီးထုတ်ပေးရန် ကြံရွယ်ထားသည်။ ဤဘဏ်အတွက် အခြားသောငွေကြေးအထောက်အပံ့များ( ဥပမာ။ နိုင်ငံခြားအကူ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အတိုးနှုန်းသက်သာသောချေးငွေများ)ကိုလည်း ရှာဖွေလျက်ရှိသည်။ အသေးစားငွေရေးကြေးရေးဘဏ်သည် ဗဟိုသမမှတစ်ဆင့် ယင်း၏ကွန်ရက်အတွင်းရှိ အသေးစား ငွေကြေးလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော အခြေခံသမဝါယမအသင်းများသို့ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း(MMSE)မှတဆင့်ဖြစ်စေ ယင်း၏ကိုယ်ပိုင် လိုင်စင်ရ

[၁၈] ၂၀၁၃ခုနှစ်ဇွန်လ၁၈ရက်နေ့ ရန်ကုန်တွင်စာတန်းရှင်အား ငွေစုငွေချေးသမဝါယမအသင်းချုပ်အမှုဆောင်ဒါရိုက်တာ၏ ရှင်းလင်းတင်ပြချက်မှရသော ကိန်းဂဏန်းများ

အသေးစားငွေကြေးလုပ်ငန်းခွဲများမှဖြစ်စေ ထုတ်ချေးမည်ဖြစ်သည်။ (အောက်တွင်ကြည့်ရန်) ၂၀၁၃ခုနှစ် နှစ်ကုန်ပိုင်း သို့မဟုတ် ၂၀၁၄ခုနှစ်နှစ်ဆန်းပိုင်းတွင် ဤဘဏ်၏လုပ်ငန်းများ စတင်ဆောင်ရွက်ရန် မျှော်မှန်းထားသည်။
http://www.myanmar-business.org/2013/05/myanmar-microfinance-bank-to-be-launched.htmlကိုကြည့်ပါ(ဇူလိုင်၂၀၁၃)

## ရွာတိုင်းတွင်သမဝါယမအသင်းဖွဲ့စည်းရေး

သမဝါယမဝန်ကြီး၊ သမဝါယမဦးစီးဌာနမှအရာရှိများ၊ ဗဟိုသမ၊ ငွေစုငွေချေးသမဝါယမအသင်းစုချုပ် တို့၏အဆိုအရ မြန်မာအစိုးရသည် ရွာတိုင်းတွင် သမဝါယမတစ်သင်းကျ ဖွဲ့စည်းရန် မျှော်မှန်းလျက်ရှိသည်။ ဤသမဝါယမအသင်းတို့သည် အဓိကအားဖြင့် အသေးစားငွေကြေးလုပ်ငန်းများကိုသာ ဆောင်ရွက်မည်ဖြစ်သော်လည်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း(MFI)များအဖြစ် မှတ်ပုံတင်ရန်ကား မလိုအပ်ပေ။ ထို့ကြောင့်(MMSE)[၁၉]ကမဟုတ်ဘဲ သမဝါယမဦးစီးဌာနကသာ ကြပ်မတ်ထိန်းညှိသွားမည်ဖြစ်သည်။ ဖွဲ့စည်းပေးမည့် ထောက်ပံ့ပေးမည့် သမဝါယမအမျိုးအစားများကို အခန်း၄.၁တွင်ဆွေးနွေးသွား ပါမည်။

အစိုးရသည် သမဝါယမအသင်းခြောက်သောင်းကို (တစ်ရွာလျှင်တစ်သင်းနှုန်းဖြင့်) မတည်ရင်းနှီးငွေကျပ်၁၀၀သန်းနှုန်းစီဖြင့် ဖွဲ့စည်းသွားရန် စီမံချက်ရေးဆွဲထားသည်။ သမဝါယမအသင်းများ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာပါက တစ်သင်းလျှင် ကျပ်သန်း၅၀၀နှုန်းဖြင့် ထပ်မံထုတ်ချေးမည်ဖြစ်ရာ ၂၀၁၅ခုနှစ်အရောက်တွင် သမဝါယမအသင်းများသို့ စုစုပေါင်း ကျပ်ငွေ၃.၆ထရီလျံ ထုတ်ချေးရန် လျာထားသည်။ ဆင်းရဲသောကျေးလက်နေလယ်သမားများ၊ မွေးမြူရေးသမားများ၊ ဈေးသည်များ၊ ကျေးလက်ဒေသနေဆိုင်ရှင်များသို့ ထုတ်ချေးရန်ရည်ရွယ်သည်။ အတိုးနှုန်းမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်တွင်ပါရှိသည့်အတိုင်း တစ်လလျှင် ၂.၅ရာခိုင်နှုန်း၊ တစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်းဖြစ်သည်။[၂၀] ငွေချေးလုပ်ငန်းများကို လစဉ် ဌာနတွင်းစာရင်းစစ်ကလည်းကောင်း၊ ၆လတစ်ကြိမ် သမဝါယမဦးစီးဌာနကလည်းကောင်း စာရင်းစစ်မည်။

## ငွေကြေးဆိုင်ရာသမဝါယမများကိုကြီးကြပ်ခြင်း

အသေးစားငွေကြေးလုပ်ငန်းဆောင်ရွက်နေသော လက်ရှိသမဝါယမအသင်းများကိုဖြစ်စေ အသင်းသစ်များကိုဖြစ်စေ သမဝါယမဦးစီးဌာနက ကြီးကြပ်ရမည့်တာဝန်မှာ ရှင်းလင်းခြင်းမရှိလှပေ။ MMSE မှာလည်း အသစ်ဖွဲ့စည်းသော လုပ်နိုင်စွမ်းအနည်းငယ်သာရှိသော ကြီးကြပ်ရေးအဖွဲ့ဖြစ်သည်ဟု နိုင်ငံတကာ MFI

---

[၁၉] အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဘာသာပြန်ဆိုချက်တွင် မြန်မာအသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဗျူရိုဟုဘာသာပြန်ထားသည်။

[၂၀] Op cit 26.

[၂၁] ၂၀၁၃ခုနှစ်မေလ၂၉ရက်နေ့ ရန်ကုန်တွင် LIFT/FINDလူတွေ့မေးမြန်းချက် Op cit 2.

ထောက်ပံ့သူများကပြောကြသည်။[၂၁] ဤအစီရင်ခံစာကိုရေးသည့်အချိန်အထိ MMSEသည် MFI၁၄၂ခုကို လုပ်ငန်းလိုင်စင်များထုတ်ပေးပြီးပြီဟုသိရသည်။ ယင်းတို့အနက် ၆ခုမှာ သမဝါယမအသင်းများသို့ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။[၂၂]

သမဝါယမအသင်းများကလည်း ဤလိုင်စင်ကိုရယူလိုကြသည်။ အကြောင်းမှာ MFIပုံစံဖြစ်သောကြောင့် နိုင်ငံရေးထောက်ခံမှုကိုရသည့်အပြင် အစိုးရထံမှရော နိုင်ငံတကာအဖွဲ့အစည်းများကဲ့သို့သော ပြင်ပ ရင်းမြစ်များကပါ အရင်းအနှီးများရနိုင်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။[၂၃] အထက်အခန်းတွင်ဖော်ပြခဲ့ သည့်နည်းလမ်းများဖြင့် ငွေအရင်းအနှီးများရယူခြင်းထက် ဤနည်းက အဘယ်ကြောင့်ပိုကောင်းရသည် မှာ မရှင်းလင်းပါ။ သို့သော် MFIလိုင်စင်ရထားသော သမဝါယမအသင်းများကို MMSEက ကြပ်မတ် ထိန်းညှိမည်ဖြစ်သည်။ သို့သော် ယင်းတို့၏ သမဝါယမလုပ်ငန်းများကိုမူ သမဝါယမဦးစီးဌာနကသာ ဆက်လက်ကြပ်မတ်ထိန်းညှိမည်ဖြစ်သည်။ ထို့ပြင် အသေးစားငွေကြေးလုပ်ငန်းများကို လက်ရှိဆောင် ရွက်နေသော ဗဟိုသမကဲ့သို့သော သမဝါယမများ (အခန်း၃.၄တွင်ဆွေးနွေးထားသည်) ကိုလည်း သမဝါယမဦးစီးဌာနကပင် ဆက်လက်ကြပ်မတ်ထိန်းညှိသွားမည် ဖြစ်သည်။ အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေတွင်ပင်လျှင် ငွေကြေးဆိုင်ရာသမဝါယမများကို ကြပ်မတ်ထိန်းညှိပေးရန် ပြဋ္ဌာန်းထား ခြင်းမရှိပေ။ ယင်းအချက်သည်လည်း နိုင်ငံတကာတွင်ကျင့်သုံးနေသော သမဝါယမများကြီးကြပ်ခြင်း ဆိုင်ရာ နည်းနာကောင်းများနှင့် မကိုက်ညီပေ။[၂၄]

## သမဝါယမဦးစီးဌာန

သမဝါယမဦးစီးဌာနသည် မြန်မာနိုင်ငံသမဝါယမလုပ်ငန်းများတွင် အရေးအကြီးဆုံးသော အစိုးရဌာန ဖြစ်သည်။ သမဝါယမဦးစီးဌာနမှ အရာရှိများနှင့်တွေ့ဆုံမေးမြန်းရာတွင် ဌာန၏အဓိကလုပ်ငန်းဆောင်တာ သုံးရပ်ကို ထပ်၍သိလာရသည်။ ယင်းတို့မှာ- သမဝါယမအသင်းသစ်များကိုဖွဲ့စည်းခြင်း၊ သမဝါယမ စံပြပုံစံကို ပညာပေးခြင်း၊ သမဝါယမအသင်းသစ်များကိုမှတ်ပုံတင်ခြင်းတို့ ဖြစ်ကြသည်။ သမဝါယမ အသင်းသစ်များ ထောင်နှင့်ချီ၍ဖွဲ့စည်းရန် အစိုးရ၏ရည်မှန်းချက်ကို ဤအဆင့်သုံးဆင့်ပါလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

သမဝါယမအသင်းသစ်များဖွဲ့စည်းရန် ဤဦးစီးဌာနကဆောင်ရွက်နေသောလုပ်ငန်းစဉ်မှာ ၁၉၉၈ခုနှစ် နည်းဥပဒေတွင်ပြဋ္ဌာန်းထားသည်တို့နှင့် များစွာမကွာခြားလှပါ။ ကျေးရွာတိုင်းတွင် သမဝါယမအသင်းများ ဖွဲ့စည်းရန်အတွက် အသင်းစုအဆင့်သမဝါယမအသင်းသားများ၊ မြို့နယ်ဦးစီးဌာနမှအရာရှိများကို

.

[၂၂] Op cit 26.

[၂၃] Op cit 26.

[၂၄] CGAP (2012)၊ အသေးစားငွေရေးကြေးရေးကြပ်မတ်ထိန်းညှိခြင်းနှင့်ကြီးကြပ်ကွတ်ကဲခြင်းဆိုင်ရာလမ်းညွှန် Retrieved from http://www.cgap.org/sites/default/files/Consensus-Guideline-A-Guide-to-Regulation-and-Supervision-of-Microfinance-Oct-2012_0.pdf

ဤဦးစီးဌာနကတွေ့ဆုံသည်။ အရာရှိများသည်လည်း ရွာများသို့သွားရောက်ကာ စည်းရုံးပညာပေးကာ သမဝါယမအသင်းသစ်များကို မှတ်ပုံတင်ပေးကြသည်။ မြို့နယ်တိုင်း ကျေးရွာတိုင်းမှ အသင်းသား လောင်း၅ဦးမှ ၁၀ဦးထိကို ရွေးထုတ်သည်။ ယင်းတို့သည် သမဝါယမနည်းဥပဒေများကို သင်ယူကြသည်။ အစုဝင်ငွေများကို ကောက်ခံကြသည်။ အမှုဆောင်ကော်မတီကို ရွေးချယ်ကြသည်။ ယင်းတို့အားလုံးကို မြို့နယ်သမဝါယမဝန်ထမ်းများက အတည်ပြုပြီးလျှင် မှတ်ပုံတင်ပေးကြသည်။ ၂၀၁၂ခုနှစ် အတွင်းတွင် ဤဦးစီးဌာနသည် အစိုးရ၏ရည်မှန်းချက်နှင့်အညီ သမဝါယမအသင်းသစ်၅၀၀၀ကို ဖွဲ့စည်းခဲ့ပြီး၊ အသင်း၃၀၀ကို ဖျက်သိမ်းခဲ့ကြောင်းသိရသည်။[၂၇] ဖျက်သိမ်းခဲ့သောအသင်းအများစုမှာ အသင်းဖွဲ့စည်းပြီး မှတ်ပုံတင်ပြီးသည့်နောက်တွင် လုပ်ငန်းဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ဤဦးစီးဌာန၏ ကြပ်မတ်ထိန်းညှိသောတာဝန်ကို ၁၉၉၈ခုနှစ် နည်းဥပဒေများတွင် သတ်မှတ်ထားသည်။ ဤဦးစီးဌာနတွင် အသင်းမှတ်ပုံတင်ခြင်းဆိုင်ရာနှင့် နစ်စဉ်စာရင်းစစ်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်းထားသည်။ သမဝါယမအသင်းများကို ဖျက်သိမ်းကြောင်းသိရသော်လည်း မည်သို့ ဆက်လက်ဆောင်ရွက်သည်မှာ မရှင်းလင်းချေ။ နိုင်ငံရေးလိုအပ်ချက်နှင့် အစိုးရကစိုက်ထုတ်သော လူအားငွေအားတို့အရ အစိုးရသည် အလားအလာကောင်းရန်နှင့် ရေရှည်တည်တံ့စေရန် ကြပ်မတ်ထိန်းညှိမှုထက် အသင်းသစ်များ ထူထောင်ရန်ကိုသာ ပိုမိုအာရုံစိုက်သည်ဟု ယူဆရန်ရှိသည်။ လက်ရှိသမဝါယမအသင်းများကို ကြပ်မတ်နေသမျှ နစ်စဉ်ငွေရေးကြေးရေးအစီရင်ခံစာများ အစည်းအဝေးမှတ်တမ်းများ ဤဦးစီးဌာနသို့ ရောက်ရှိနေဦးမည်ဖြစ်သည်။

**သမဝါယမ ဥပဒေတွင်ရှိလာမည့်အပြောင်းအလဲများ**

သမဝါယမဝန်ကြီး၏အဆိုအရနှင့် ဗဟိုသမမှအရာရှိများနှင့် အလွတ်သဘောဆွေးနွေးမှုများအရ သမဝါယမဥပဒေအသစ်တရပ် ရေးဆွဲနေကြောင်း သိရသည်။ တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ဝန်ကြီးအဖွဲ့က အတည်ပြုပြီးလျှင် လွှတ်တော်သို့ မကြာမီတင်သွင်းမည်ဟု သိရသည်။ မည်သူတို့နှင့် တိုင်ပင်မည်၊ မည်သည့်အချိန်တွင် တင်သွင်းမည်ဆိုသည်မှာ မရှင်းလင်းချေ။ ၂၀၁၅ခုနှစ် လွှတ်တော် နှင့် သမ္မတရွေးကောက်ပွဲမတိုင်မီ ဤဥပဒေကိုအတည်ပြုနိုင်မည်ဟု တွေ့ဆုံမေးမြန်းခဲ့သူ တစ်ဦးတစ်လေကမျှ မျှော်လင့်ထားခြင်း မရှိပေ။

ဗဟိုသမမှအရာရှိများက သမဝါယမဥပဒေသစ်ကိုပြုပြင်ရန် အဆိုပြုချက်များစွာကို ပြုလုပ်ခဲ့ကြသည်။ အသင်းသားများနှင့် တွေ့ဆုံဆွေးနွေးချက်များကိုအခြေခံကာ ဥပဒေသစ်သည် နိုင်ငံတကာ သမဝါယမဥပဒေများနှင့်အညီဖြစ်စေရန် အဆိုပြုခဲ့ကြသည်။ အထူးသဖြင့် သမဝါယမအသင်းများကို ပိုမို လွတ်လပ်ခွင့် လုပ်ပိုင်ခွင့်များပေးရန်ဖြစ်သည်။ ဒုတိယအချက်မှာ သမဝါယမဦးစီးဌာနကို သမဝါယမ အသင်းများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခွင့်မပြုတော့ရန်ဖြစ်သည်။ တတိယအချက်မှာ သမဝါယမအဆောက်အအုံကို အခြေခံမှစကာ ပြောင်းလဲပြီး ဗဟိုသမဝါယမအသင်းကို သီးခြားရပ်တည်ခွင့်ပေးကာ သမဝါယမ

[၂၇] Op cit 19.

ဦးစီးဌာန၏လက်အောက်မှ ဖယ်ရှားရန်နှင့် နောက်ဆုံးအချက်မှာ အသင်းစု သို့မဟုတ် မြို့နယ် အဆင့်ကို ဖျက်သိမ်းရန်ဖြစ်သည်။ ဥပဒေကိုပြင်ဆင်ရန် မည်သည့်အချိန်တွင် စဉ်းစားသုံးသပ်ကြမည်ကို မရှင်းလင်းသော်လည်း သမဝါယမပုံစံများ၏လက်ရှိအခြေအနေနှင့် အကောင်အထည်ဖော်နေမှုများကို ပြန်လည်ပြင်ဆင်ရန်လိုအပ်သည်ဟူသော အသိသည် မြန်မာနိုင်ငံသမဝါယမအသင်းများတွင် ရှိနေကြကြောင်း၎င်းအဆိုပြုချက်များကဖော်ပြနေပေသည်။

## ၃.၃။သမဝါယမနည်းပညာဆိုင်ရာအထောက်အပံ့နှင့်ပညာပေးရေး

မြန်မာနိုင်ငံတွင် အခြေခံသမဝါယမအသင်းများသည် နည်းပညာအထောက်အပံ့များကို သမဝါယမဦးစီးဌာန၊ အခြားဝန်ကြီးဌာနများ၊ ဗဟိုသမဝါယမအသင်းတို့ထံမှ ရရှိနေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြို့နယ်အဆင့်သမဝါယမဦးစီးဌာနအရာရှိများသည် အသင်းသစ်များဖွဲ့စည်းရန်အတွက် ပညာပေးရေးတာဝန်များကို တက်ကြွစွာထမ်းဆောင်နေကြပြီး၊ သမဝါယမလုပ်ငန်းများ ( ဥပမာ။ စည်းမျဉ်းများ၊ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးများ၊ ရွေးကောက်ပွဲများ) ဆောင်ရွက်ရာတွင်လည်းကောင်း၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ( ဥပမာ။ လစဉ်အစီရင်ခံစာ၊ စာရင်းစစ်)ဆောင်ရွက်ရာတွင်လည်းကောင်း နည်းပညာဆိုင်ရာအကူအညီများ ပေးလျက်ရှိကြသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနကဲ့သို့သော အခြားသော ဝန်ကြီးဌာနများထံမှ နည်းပညာအကူအညီများကိုလည်း အခြေခံသမဝါယမအသင်းများက ရရှိနိုင်သည်။ ဗဟိုသမကလည်း ယင်းတည်ထောင်ထားသော အသေးစားငွေကြေးလုပ်ငန်းခွဲများသို့ နည်းပညာဆိုင်ရာအကူအညီများပေးလျက်ရှိသည်။ ဗဟိုသမသည် အခြေခံသမဝါယမ အသင်းများနှင့် တိုက်ရိုက်အလုပ်လုပ်ခွင့်ကား မရှိချေ။ (အခန်း၃.၄ကိုကြည့်ရန်)

သမဝါယမဝန်ကြီးဌာနသည် ယင်း၏ကြီးကြပ်မှုအောက်ရှိ ပညာရေးဌာနများမှတစ်ဆင့် ပညာပေးခြင်းတာဝန်များကိုထမ်းဆောင်နေသည်။ သမဝါယမဝန်ကြီးဌာနတွင် သမဝါယမတက္ကသိုလ်၂ခု၊ သမဝါယမကောလိပ်၂ခု(ဘွဲ့ဒီဂရီမပေးပါ)၊ အသက်မွေးဝမ်းကျောင်းပညာသင်ဌာနအမျိုးမျိုး၂၂ခု ရှိသည်။ တက္ကသိုလ်များမှာ မကြာမီကမှ ကောလိပ်အဆင့်မှ အဆင့်မြင့်တင်လိုက်ခြင်းဖြစ်သည်။ အသက်မွေးဝမ်းကျောင်းပညာသင်ဌာနများမှာ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနအောက်တွင် ရှိသည်။ ဤပညာရေးဌာနအားလုံးသည်လည်း မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ပညာရေးပြုပြင်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို ခံရဖွယ်ရှိသည်။ (ယင်းပြုပြင်ပြောင်းလဲမှုများမှာ ဤလေ့လာချက်၏ဘောင်တွင် မပါဝင်ပါ)။ ယင်းပညာရေးဌာနများ၏စာရင်းကို ဇယား(၂) တွင် ဖော်ပြထားပါသည်။

ဇယား(၂) သမဝါယမဝန်ကြီးဌာနအောက်ရှိသမဝါယမလေ့ကျင့်ရေးဌာနများ[၁]

| တက္ကသိုလ်များ | ကောလိပ်များ | အသက်မွေးဝမ်းကျောင်း ပညာသင်ဌာနများ |
|---|---|---|
| သမဝါယမတက္ကသိုလ် သံလျှင် | သမဝါယမကောလိပ် ဖောင်ကြီး | ယွန်းပညာကောလိပ်၊ပုဂံ |
| သမဝါယမတက္ကသိုလ် စစ်ကိုင်း | သမဝါယမကောလိပ် မန္တလေး | ဆောင်းဒါးရက်ကန်းကျောင်း၊မန္တလေး |
| | | အခြေခံရက်ကန်းကျောင်း၁၃ကျောင်း |
| | | သမဝါယမလေ့ကျင့်ရေးကျောင်း ၄ကျောင်း |
| | | သမဝါယမကုန်သွယ်ရေးကျောင်း ၃ကျောင်း |

**သမဝါယမတက္ကသိုလ်၊သံလျှင်**

ရန်ကုန်မှကားဖြင့်၄၅မိနစ်သွားရသောသံလျှင်ရှိ သမဝါယမတက္ကသိုလ်သည် ဘွဲ့ဒီဂရီပေးနိုင်သော တက္ကသိုလ်အဖြစ်သို့ ၂၀၁၂ခုနှစ်တွင်ရောက်ရှိခဲ့၏။ ယင်းမတိုင်မီက ရန်ကုန်တက္ကသိုလ်လက်အောက်ခံ ကောလိပ်တစ်ခုဖြစ်ခဲ့၏။ ၈၀ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသော အသက်၁၆နှစ်နှင့်၂၀ကြား ကျောင်းသား ၁၈၀၀ခန့်တို့ သင်ယူရာနေရာဖြစ်၏။ ဤတက္ကသိုလ်သည် သမဝါယမစီမံခန့်ခွဲမှုပညာရပ်ကို အထူးပြုသင်ကြားနေပြီး စီးပွားရေးသိပ္ပံဘွဲ့၊ စီးပွားရေးစီမံခန့်ခွဲမှု၊ စီးပွားရေးစာရင်းကိုင်၊ ဈေးကွက်ဆိုင်ရာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာသိပ္ပံတို့နှင့်သက်ဆိုင်သော ဒီပလိုများကို အပ်နှင်း၏။ ဤတက္ကသိုလ်သည် သမဝါယမလှုပ်ရှားမှုနှင့် ကိုက်ညီစွာ သမာဝါယမသက်တံ အမှတ်အသားကိုသုံးစွဲထား၏။

ဤသမဝါယမတက္ကသိုလ်သည် သမဝါယမများနာမည်ပျက်နေသည်ကို ကျော်လွှားရန်ဟူသော ရည်ရွယ်ချက်ကြီး၏ တစ်စိတ်တစ်ဒေသအဖြစ် မှတ်ယူလျက်ရှိသည်။ ပါမောက္ခချုပ်က- သမဝါယမ ဆိုသည်မှာ "လူမှုစီးပွားရေးသမား၊ လူမှုစီးပွားရေးလုပ်ငန်း" ဖြစ်သည်ဟုဆိုသည်။[၂] ယင်းကိုလက် တွေ့လုပ်ဆောင်သည့်အနေဖြင့် ကျောင်းဝင်းအတွင်း ကျောင်းသားများလုပ်ကိုင်နေသော သမဝါယမ အသင်းတစ်ခုရှိပြီး၊ အမြတ်များကို ကျောင်းသားများခွဲဝေယူကြကြောင်း၊ ထို့ပြင် ကော၁၀၀ရှိ လယ်မြေ

[၁] Op cit 29

[၂] Op cit 34.

တွင်လည်း သမဝါယမစနစ်ဖြင့် ဖွဲ့စည်းလုပ်ဆောင်နေကြောင်း သိရသည်။ ယင်းလုပ်ငန်း နှစ်ရပ်စလုံးကို ကိုယ်တိုင်မြင်ခွင့်ကိုကား မရခဲ့ပါ။

ငွေကြေးနှင့်ဈေးကွက်ဆိုင်ရာဘာသာရပ်များအပြင် စီးပွားရေးဘွဲ့(သမဝါယမစီမံခန့်ခွဲရေး)အတွက် သင်ရိုးညွှန်းတမ်းတွင် သမဝါယမအထူးပြုဘာသာရပ်များလည်း ပါဝင်ကြောင်းတွေ့ရသည်။ ဥပမာအားဖြင့် သမဝါယမမိတ်ဆက်၊ မြန်မာနိုင်ငံသမဝါယမလှုပ်ရှားမှုသမိုင်း၊ နိုင်ငံတကာစံပြသမဝါယမပုံစံများ၊ သမဝါယမကျင့်ဝတ်နှင့်ဖွံ့ဖြိုးမှုစသည်တို့ ဖြစ်သည်။ ကျောင်းသုံးစာအုပ်များတွင် ICAကဲ့သို့သော နိုင်ငံတကာသမဝါယမဌာနများနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့[၃]တို့က ထုတ်ဝေသော စာအုပ်စာစောင်များလည်းပါဝင်သည်။ ဤတက္ကသိုလ်တွင် နိုင်ငံတကာနှင့် ဆက်ဆံမှုများရှိကြောင်း တွေ့ရသည်။ ယင်းတို့တွင် မြန်မာနိုင်ငံရှိ ဗြိတိသျှကောင်စီရုံးလည်း အပါအဝင်ဖြစ်ပြီး လူမှုစီးပွားရေးလုပ်ငန်းဆိုင်ရာ ပရောဂျက်တစ်ခုကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)မှ စက်မှုပညာလေ့ကျင့်ရေးကောလိပ်တစ်ခုနှင့် အမျိုးသမီးတိုးတက်မှုသင်တန်းတစ်ခုတို့နှင့်လည်း အဆက်အဆံရှိသည်။ ဤတက္ကသိုလ်တွင် စိန်ခေါ်မှု၂ရပ်ရှိကြောင်း ပါမောက္ခချုပ်ထံမှသိရှိရသည်။ ပထမအချက်မှာ ဤတက္ကသိုလ်တွင် အရင်းအမြစ်များလိုအပ်နေခြင်းဖြစ်သည်။ ကျောင်းသား၁၈၀၀ခန့်အတွက် ကွန်ပျူတာအလုံး၁၅၀သာ ရှိသည်။ ဒုတိယအချက်မှာ တက္ကသိုလ်မှကထိကများမှာ နိုင်ငံတကာအတွေ့အကြုံမရှိကြခြင်း ဖြစ်သည်။ ပါမောက္ခချုပ်၊ ဒုပါမောက္ခချုပ်အပါအဝင် ကထိကအားလုံးမှာ ဝန်ကြီးဌာနသို့မဟုတ် သမဝါယမဦးစီးဌာနမှ ယာယီပြောင်းရွှေ့လာသူများချည်းဖြစ်သည်။ သို့ဖြစ်၍ သမဝါယမဆိုင်ရာခေတ်မီအသိအမြင်မှာ အကန့်အသတ်နှင့်သာရှိကြသည်။ အလွတ်သဘောဖြင့် ကြီးကြပ်သူများမပါဝင်ဘဲ ကျောင်းသားသုံးဦးနှင့် ကျောင်းဝင်းအတွင်း စကားပြောဆိုခဲ့ရာတွင် ယင်းတို့သည် ဤတက္ကသိုလ်၏ သမဝါယမဆိုင်ရာတာဝန်ကိုလည်းကောင်း၊ သမဝါယမဆိုသည်ကိုလည်းကောင်း မသိရှိကြကြောင်း တွေ့ရသည်။ အသေးစားငွေကြေးလုပ်ငန်းအကြောင်းသင်ယူရန်သာ စိတ်ဝင်စားကြကြောင်း သိရသည်။[၄]

## သမဝါယမလေ့ကျင့်ရေးကျောင်း၊ ပုသိမ်

သမဝါယမလေ့ကျင့်ရေးကျောင်းသည် မြန်မာနိုင်ငံအနှံ့တည်ရှိသော သမဝါယမကျောင်းလေးကျောင်းအနက်တစ်ကျောင်းဖြစ်သည်။[၅] ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ ဤကျောင်းကို ၁၉၇၀ပြည့်နှစ်မှ ဖွင့်လှစ်ခဲ့ပြီး နေရာသစ်သို့ ၂၀၀၃ခုနှစ်ကမှ ရွှေ့ပြောင်းလာခြင်းဖြစ်သည်။ ကျောင်းသားများမှာ အသက်၁၆နှစ်မှ ၂၅နှစ် အတွင်းရှိကြပြီး၊ ၉၅ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြသည်။ အချို့ကျောင်းသားများမှာ ဤဒေသမှ ဝန်ထမ်းများ၊ သမဝါယမအသင်းသားများဖြစ်ကြသည်။

---

[၃] စာတန်းရှင်အားထုတ်ပေးသောသင်ရိုးညွှန်းတမ်း

[၄] Op cit34

[၅] ၂၀၁၃ခုနှစ်ဖွန်လ၅ရက်နေ့ ပုသိမ်တွင်သမဝါယမသင်တန်းကျောင်းအုပ်ကြီးနှင့်လူတွေ့မေးမြန်းချက်

သင်တန်းဆရာများသည်လည်း သမဝါယမဦးစီးဌာနမှဖြစ်ကြသည်။ သင်ကြားပေးသော ဘာသာရပ်များတွင် အထွေထွေစီးပွားရေးဘာသာရပ်များအပြင် သမဝါယမအထူးပြုဘာသာရပ် ၁၃ခုလည်း ပါဝင်သည်။ ဤကျောင်း၏အဓိကစိန်ခေါ်မှု ၂ရပ်မှာလည်း သမဝါယမတက္ကသိုလ်မှာကဲ့သို့ပင် အရင်းအမြစ်နှင့် ခေတ်မီသမဝါယမလုပ်ငန်းဆိုင်ရာအသိအမြင်တကယ်ရှိသော နည်းပြများပင်ဖြစ်သည်။

## ၃.၄။ ဗဟိုသမဝါယမအသင်း

ဗဟိုသမဝါယမအသင်းသည် မြန်မာနိုင်ငံရှိ နိုင်ငံတော်အဆင့်သမဝါယမအသင်းဖြစ်သည်။ ဤအသင်းကို သမဝါယမကဏ္ဍက ချုပ်ကိုင်ထားသည်။ ရှေ့တွင်တင်ပြခဲ့သကဲ့သို့ ဗဟိုသမကို ၁၉၉၂ခုနှစ်သမဝါယမအသင်းဥပဒေနှင့် ၁၉၉၈ခုနှစ်သမဝါယမအသင်းနည်းဥပဒေတို့အရ တည်ထောင်ထားခြင်းဖြစ်ပြီး သမဝါယမဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအတွင်းတွင်တည်ရှိသည်။ ထို့ကြောင့် ဗဟိုသမကိုလည်း မြန်မာနိုင်ငံအစိုးရ၏ သမဝါယမအသင်းများကို ထိန်းညှိထောက်ပံ့နေသော အခြေခံအဆောက်အအုံအဖြစ် ဤလေ့လာချက်တွင် ထည့်သွင်းထားပါသည်။ သို့သော်လည်း သမဝါယမဥပဒေအသစ်ပေါ်ပေါက်လာသောအခါ ဤအနေထားသည် ပြောင်းလဲသွားမည်ဖြစ်ပြီး အောက်တွင်ဆွေးနွေးမည့် အတိုင်း အစိုးရနှင့်နှောင်တွယ်ထားမှုများသည်လည်း ယခင်ကထက် အားလျော့နေပြီ ဖြစ်သည်။

ဗဟိုသမသည် ရန်ကုန်တွင်အခြေစိုက်သည်။ ၁၉၉၈ခုနှစ်သမဝါယမနည်းဥပဒေတွင် ပြဋ္ဌာန်းထားသော ဗဟိုသမ၏တာဝန်များမှာ- မြန်မာနိုင်ငံသမဝါယမအသင်းများကို ကိုယ်စားပြုဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသမဝါယမအသင်းများ အကျိုးရှိစေမည့် နိုင်ငံတကာဆက်သွယ်မှုများကိုဆောင်ရွက်ရန်၊ သမဝါယမများဖွံ့ဖြိုးတိုးတက်စေရန်၊ လေ့ကျင့်ပညာပေးရန်ဖြစ်သည်။[၁] ဗဟိုသမကို ၃၅ဦးပါ ဒါရိုက်တာအဖွဲ့နှင့် အုပ်ချုပ်နေပြီး၊ ယင်းတို့ကို အသင်းစုချုပ်အဆင့်သမဝါယမ၄၈ဝထံမှ ရွေးချယ်ထားခြင်းဖြစ်သည်။ ယင်းတို့အနက်၃ဦးမှာ အမျိုးသမီးများဖြစ်ကြသည်။ ဥက္ကဋ္ဌအပါအဝင် အလုပ်အမှုဆောင်ကော်မတီဝင်၅ဦးရှိသည်။ ဥက္ကဋ္ဌမှာ စီဘီဘဏ်၏ဥက္ကဋ္ဌလည်း ဖြစ်သည်။ ( မှတ်စု(၂)ကိုကြည့်ရန်)

### မှတ်စု(၂) စီဘီဘဏ်

သမဝါယမဘဏ်ဟုလည်းသိကြသော စီဘီဘဏ်သည် ပုဂ္ဂလိကပိုင်ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုဖြစ်သည်။ နိုင်ငံအနှံ့ဘဏ်ခွဲ၂၅ခုရှိပြီး အလိုအလျောက်ငွေထုတ်စက်နှင့် နိုင်ငံတကာအကြွေးဝယ်ခွင့်လက်မှတ်များကို ပထမဆုံးအသုံးပြုနိုင်သောဘဏ်တစ်ခုလည်းဖြစ်သည်။ စီဘီဘဏ်ကို ဗဟိုဘဏ်တွင်မှတ်ပုံတင်ထားပြီး အစုဝင်များကပိုင်ဆိုင်ကြသည်။ ဗဟိုသမအပါအဝင် သမဝါယမအသင်းများကအစု၏၃ဂရာခိုင်နှုန်းကို ပိုင်ဆိုင်ကြသည်။ ဗဟိုသမသည် စီဘီဘဏ်မှငွေများကိုချေးယူပြီး အသင်းစုချုပ်များ အသင်းစုများမှတစ်ဆင့် အခြေခံသမဝါယမများသို့ ပြန်၍ထုတ်ချေးပေးသည်။ ဥက္ကဋ္ဌ တစ်ဦးတည်းကို ခွဲဝေယူထားရုံမျှမက ဗဟိုသမနှင့်ဘဏ်က သမဝါယမလှုပ်ရှားမှုကိုပါ ပူးတွဲ၍ နာမည်ခံယူသည်။ နှစ်ဖွဲ့စလုံးသည် သမဝါယမသင်္ကေတကို အမှတ်တံဆိပ်အဖြစ်သုံးစွဲကြသည်။ မြန်မာနိုင်ငံ

[၁] Op cit 16.

| |
|---|
| သမဝါယမအစီရင်ခံစာတွင် စီဘီဘဏ်ကို 'မြန်မာသမဝါယမလှုပ်ရှားမှု၏ပြကွက်'အဖြစ်ဖော်ပြထားသည်။ |

ဗဟိုသမတွင်ဝန်ထမ်း၈၀ခန့်ရှိသည်။ ယင်းတို့ကိုအမှုဆောင်အရာရှိချုပ်တစ်ဦးကအုပ်ချုပ်ပြီး အုပ်ချုပ်ရေး၊ လေ့ကျင့်ပညာပေးရေးနှင့် နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်း (အသေးစားငွေကြေး လုပ်ငန်းအပါအဝင်) တာဝန်များအတွက် အထွေထွေမန်နေဂျာ၃ဦးကိုလည်း ခန့်အပ်ထားသည်။ ဗဟိုသမ၏ အသေးစားငွေကြေးလုပ်ငန်းကို ဝန်ထမ်း၈၀အနက် ၆၀ကက ဆောင်ရွက်လျက် ရှိသည်။ အထက်တန်းဝန်ထမ်းအားလုံးမှာ သမဝါယမဦးစီးဌာန၏ ဝန်ထမ်းဟောင်းများ၊ အငြိမ်းစားဝန်ထမ်းများ ဖြစ်ကြသည်။ ဗဟိုသမတွင် ကြာကြာလုပ်ကိုင်နေသူ ဝန်ထမ်းအများစုမှာလည်း ထို့အတူပင် ဖြစ်ကြ သည်။ ဝန်ထမ်းသစ်အများစုမှာ အသက်၃၅နှစ်အောက်ဖြစ်ကြပြီး ဗဟိုသမ၏ အသေးစားငွေကြေး လုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုကိစ္စများကို ဆောင်ရွက်နေကြသည်။ ဗဟိုသမတွင် ခေတ်မီသမဝါယမ အသိ အမြင်ရှိသူ နည်းပါးသည်။ ဥပမာအားဖြင့် ဗဟိုသမ ဝန်ထမ်းများနှင့် ဆွေးနွေးကြည့်ရာတွင် ဝန်ထမ်းငယ် များသည် အသေးစား ငွေကြေးဆိုင်ရာလုပ်ငန်းကိုသာ စိတ်ဝင်စားကြကြောင်းတွေ့ရှိရသည်။[၂]

သမဝါယမအသင်းများက ပိုင်ဆိုင်သည်ဆိုသော်လည်း ဗဟိုသမနှင့် ယင်းအခြေခံရာသမဝါယမအသင်း များကို နောင်တွယ်ထားသည်မှာ စီဘီဘဏ်မှရသောချေးငွေများကို အဆင့်ဆင့်စီမံခန့်ခွဲမှုသာ ဖြစ်သည်။ အသင်းစုများ အသင်းစုချုပ်များသည် ဥပဒေအရသာ ဗဟိုသမ၏ အသင်းသားများဖြစ်ကြသည်၊ အစုငွေထည့်ဝင်ခြင်းကြောင့် မဟုတ်ပေ။ အသင်းသားများသည် ဗဟိုသမသို့ နှစ်စဉ်ကြေးပေးရခြင်းလည်း မရှိ၊ ယင်းတို့၏တိုးတက်ဖွံ့ဖြိုးအတွက် လိုအပ်မည့်ဝန်ဆောင်မှုများကို ဗဟိုသမထံမှ ရရှိခြင်းလည်းမရှိပေ။ အစိုးရကိစ္စများ၊ သမဝါယမမူဝါဒ၊ လေ့ကျင့်ရေး၊ အုပ်စုလိုက်ဝယ်ယူခြင်း၊ ဆုံးရှုံးမှုစီမံခန့်ခွဲခြင်း၊ ငွေချေး ခြင်းစသည်တို့ကို ဖြည့်ဆည်းနိုင်စွမ်းမှာ ဗဟိုသမတွင် လွန်စွာ အားနည်းလျက်ရှိ၏။ နှစ်စဉ် ဝင်ငွေကိန်းဂဏန်းများကို စာတမ်းရှင်အား ပြသကြပါသည်။[၃] သို့သော် ဝင်ငွေ၏ရာခိုင်နှုန်းမည်မျှသည် အသင်းဝင်များ၏အစုမှ ရသည်ကို မဆုံးဖြတ်နိုင်ပေ။ ယင်းဝင်ငွေ၏ ၅၀ရာခိုင်နှုန်းကျော်ကျော်မှာ MFIများ၊ ငွေကြေးဆိုင်ရာသမဝါယမများ၊ အဆင့်ဆင့်သော သမဝါယမအသင်းများသို့ ထုတ်ချေးငွေများမှ ရရှိသော အတိုးငွေများဖြစ်သည်မှာ ရှင်းလင်း၏။ ၁၅ရာခိုင်နှုန်းမှာ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှ ရရှိခြင်းဖြစ်၏။ ပို့ကုန်များမှာ ပဲအမျိုးမျိုးတို့ဖြစ်ကြပြီး၊ သွင်းကုန်များတွင် အီလက်ထရွန်းနစ်ပစ္စည်းများ၊ ပရိဘောဂများ၊ ဘိလပ်မြေများ၊ စားအုန်းဆီများ ပါဝင်သည်။ ဤပို့ကုန်သွင်းကုန်များ မည်သည့်နေရာ တွင် လမ်းဆုံးသည်ကို ရှင်းလင်းစွာမသိရပေ။ ထို့အတူ ဗဟိုသမ၏ နှစ်စဉ်ပေးရန်တာဝန် ၅၀ရာခိုင်နှုန်း မှာလည်း အသေးစားငွေကြေးလုပ်ငန်းများ လည်ပတ်ရန်အတွက် စီဘီဘဏ်မှ ချေးယူသော ချေးငွေများ နှင့် သက်ဆိုင်နေပေသည်။

---

[၂] ၂၀၁၃ခုနှစ်မေလ၂၉ရက်နေ့ရန်ကုန်တွင် ဗဟိုသမဝန်ထမ်း(၁၅)ဦးနှင့်ဆွေးနွေးချက်

[၃] မြန်မာနိုင်ငံသမဝါယမအသင်း လှုပ်ရှားမှုအစီရင်ခံစာ (၂၀၁၃) ဗဟိုသမဝါယမအသင်း

**ဗဟိုသမဝါယမအသင်း၏ အသေးစားငွေကြေးလုပ်ငန်းများ**

မြန်မာနိုင်ငံအသေးစားငွေကြေးလုပ်ငန်းများတွင် ဗဟိုသမသည် အရေးအကြီးဆုံးထောက်ပံ့သူ ဖြစ်နေသည့်ပြင် အသေးစားငွေကြေးလုပ်ငန်းများသည်လည်း ဗဟိုသမ၏ အဓိကဝင်ငွေလမ်းဖြစ်ပေသည်။ ၂၀၀၆ခုနှစ်တွင် သမဝါယမဝန်ကြီးဌာနသည် ဗဟိုသမကို အသေးစားငွေကြေးလုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုဆောင်ရွက်ရန် အထူးအခွင့်အရေးပေးခဲ့သည်။ ဗဟိုသမ၏ ထိုစဥ်က အထက်တန်းစီမံခန့်ခွဲသူများသည် (ယနေ့တိုင်လည်းထိုသူတို့ပင်ဖြစ်နေသည်)၊ မကြာမီကမှ တာဝန်ပေးအပ်ခဲ့သော သမဝါယမဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများဖြစ်ကြသည်။ ယင်းတို့သည် 'ဗဟိုသမကို ဒေဝါလီခံရမည့်ဘေးမှကယ်တင်ရန်' တာဝန်အပ်နှင်း ခြင်းခံရသည်။[၄] သူတို့သည် အကျိုးအမြတ်ရနိုင်သည့် အသေးစားငွေကြေးလုပ်ငန်းကို စတင်ဆောင်ရွက်ကာ ကယ်တင်ခဲ့ကြသည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် အာရှငွေချေးသူများအသင်း(ACCU)က ဗဟိုသမသို့ ရိုးရှင်းသော အသေးစားငွေကြေးလုပ်ငန်းပုံစံတစ်ခုကို မိတ်ဆက်ပေးခဲ့သည်။[၅] ထိုနှစ် စက်တင်ဘာလဆန်းတွင် စီဘီဘဏ်မှ ချေးငွေဖြင့် ဗဟိုသမသည် အလွန်စနစ်ကျသော အသေးစားငွေကြေးလုပ်ငန်းများကို စတင်ခဲ့သည်။ ဗဟိုသမက MFIတစ်ခုလျှင် ဝန်ထမ်းသုံးဦးစီခန့်ထားပေးပြီး ပင်မငွေရင်း ထုတ်ပေးသည်၊ စာရင်းစစ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် နည်းပညာပိုင်းအထောက်အကူ ပေးအပ်သည်။ ထို့ပြင် ချေးငွေများ ပြန်ဆပ်ပြီးသောအခါ ပို၍ ငွေထုတ်ချေးပေးသည်။

ယနေ့တွင် ဗဟိုသမ၏ လက်အောက်ခံ MFI၈၀သည် မြို့ပြဒေသများတွင် ငွေချေးသူ ၆၆၀၀၀ကျော်နှင့် ထုတ်ချေးငွေ ကျပ်၁.၃ဘီလျံဖြင့် လုပ်ငန်းဆောင်ရွက်နေကြသည်။ MFIများ၏ ကြွေးကျန်မှာ ၂ရာခိုင်နှုန်းအောက်တွင်သာရှိသည်။ ယင်းမှာ အဓိကအားဖြင့် တင်းကျပ်သော MFIပုံစံကို ကျင့်သုံးသောကြောင့် ဖြစ်သည်။ ထို့ပြင် အသင်းသားများပိုင်သော အသေးစားငွေချေးသမဝါယမအသင်း ၇၂သင်းသည်လည်း ဗဟိုသမထံမှ ငွေချေးကာ ဗဟိုသမ၏ အနီးကပ်ကြီးကြပ်မှုအောက်တွင် ရှိနေကြသည်။ ၂၀၁၃ခုနှစ် ဧပြီလ၃၀ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက် ဗဟိုသမ၏ အသေးစားငွေကြေးလုပ်ငန်းများမှရသော အကျိုးအမြတ်မှာ ကျပ်၁၃၈သန်းရှိသည်။[၆]

**ဇယား(၃) ဗဟိုသမ၏ MFI လုပ်ငန်းများ**

| အမျိုးအမည် | ပမာဏ |
|---|---|
| MFI | ၈၀ |

[၄] Op cit 41.

[၅] ပို့စ်တင်၊ ရှီ (၂၀၀၉) မြန်မာနိုင်ငံသမဝါယမလှုပ်ရှားမှုတွင် အသေးစားငွေကြေးလုပ်ငန်း၏ဖွံ့ဖြိုးမှု၊ နိုင်ငံတကာသမဝါယမစီမံခန့်ခွဲမှုဂျာနယ်၊ ၄(၂) ယူကော၊ နယူးဟာမနီ ပုံနှိပ်တိုက် လီမိတက်။

[၆] Op cit 29 (p. 12) and Op cit 26.

| | |
|---|---|
| အသင်းဝင်ဦးရေ | ၆၆၀၁၃၆ |
| ချေးငွေ | ကျပ်၁၃၄၇,၆၃၀,၀၀၀/- |
| ကြွေးကျန်ချေးငွေ | ကျပ် ၂၄၁,၀၀၀,၀၀၀/- |
| MFIများရှိစုငွေ | ကျပ် ၁၈၀,၅၀၀,၀၀၀/- |

ယင်း၏MFIလုပ်ငန်းများသည် တိုးတက်ရန်အလားအလာ အကန့်အသတ်သာရှိသည်ကို ဗဟိုသမက သိရှိပါသည်။ အကြောင်းမှာရိုးစင်းသောပုံစံကြောင့်ဖြစ်သည်။ ခေတ်မီသတင်းအချက်အလက်နည်းပညာများ လိုအပ်လျက်ရှိသည်။ ဥပမာအားဖြင့် ငွေအပေးအယူမှန်သမျှကို စာရေးသားမှတ်တမ်းတင်နေကြဆဲဖြစ်သည်။ အတိုးတွက်ရာတွင်လည်း ဂဏန်းပေါင်းစက်များဖြင့်သာ တွက်ချက်နေရဆဲဖြစ်သည်။ ထို့ပြင် MFIများ၏ ပျံ့နှံ့ထိရောက်မှုကို တိုင်းတာရာတွင် ထုတ်ချေးသော ချေးငွေ၊ ကြွေးကျန်၊ ကြွေးပြန်ဆပ်မှုနှုန်း၊ အတိုးငွေ၊ အသုံးစရိတ် စသည်တို့ကိုသာ အဓိကထားသည်။ ထို့ကြောင့် MFIလုပ်ငန်းများဖြင့် ဆင်းရဲမှုကိုလျှော့ချရန် ဦးတည်ကြောင်း ဗဟိုသမ၏ စာအုပ်စာတမ်းများတွင် အတိအလင်းဖော်ပြထားသော်လည်း ထိရောက်မှုရှိမရှိကိုမူ မသိရချေ။ အကြောင်းမှာ ချေးငွေများ မည်သည်သို့ရောက်သွားသည် မည်သို့အသုံးပြုသည် ဟူသော စာရင်းအင်းအချက်အလက်များ နည်းပါးသောကြောင့်ဖြစ်သည်။

MFIလုပ်ငန်းများသည် ငွေကြေးအရအောင်မြင်သော်လည်း ရေရှည်ခံသော အခြေအနေကောင်းသော သမဝါယမစံပြပုံစံတစ်ရပ်ကို ထောက်ကူပြုရန်ဟူသော ယင်းတို့၏တာဝန်ကို ကျေပွန်မှုရှိမရှိဆိုသည်ကိုမူ မေးရန်ရှိလာသည်။ ဗဟိုသမက အထောက်အပံ့ပြုထားသော ဤလုပ်ငန်းတို့၏ သမဝါယမပင်ကို လက္ခဏာအစစ်အမှန်သည် မည်သို့ရှိပါသနည်း။ ဤအကြောင်းအရာကို နောက်အခန်းတွင် ဆွေးနွေးထားပါသည်။ ဗဟိုသမအသေးစားငွေကြေးလုပ်ငန်းများ၏ ငွေရေးကြေးရေးအရ အောင်မြင်မှုသည် ရေရှည်ခံမှုနှင့် သမဝါယမဦးစီးဌာနနှင့်လွတ်ကင်းမှုကို အတိုင်းအတာတစ်ခုထိ ပေးပါသည်။ ယင်း၏ MFIများတည်ငြိမ်မှု၊ အကျိုးအမြတ်ရရှိမှုကြောင့် လေ့ကျင့်ပညာပေးရန်တာဝန်ကို ထမ်းဆောင်နိုင်မည့် အရင်းအမြစ်များကို ရရှိမည်ဟု ယင်း၏ အထက်တန်းစီမံခန့်ခွဲသူများက ယူဆကြသည်။ ဗဟိုသမသည် လျင်မြန်စွာချဉ်းကပ်လာနေသော မျိုးဆက်အပြောင်းအလဲတစ်ရပ်နှင့် ရင်ဆိုင်နေရသည်။ ၂၀၀၆ခုနှစ်တွင် အပြောင်းအလဲများကို ဆောင်ရွက်ခဲ့သော အထက်တန်းစီမံခန့်ခွဲသူများ၏ အသက်သည် ယခုအခါ အနှစ်၇၀ကျော်နေပြီဖြစ်သည်။ ထို့ပြင် ပညာပေးရေးတာဝန်ကို ထမ်းဆောင်နေသော အချို့သော ဝန်ထမ်းများသည်လည်း ဗဟိုသမတွင် တာဝန်ထမ်းဆောင်နေသည်မှာ အနှစ်၂၀ကျော်နေပြီဖြစ်သည်။ သို့သော် ကနေဒါသမဝါယမအသင်းနှင့် ဝီအီဖက်(ယခင်ဆွီဒင်သမဝါယမဗဟိုဌာန) ကဲ့သို့သော နိုင်ငံတကာသမဝါယမအသင်းအဖွဲ့များနှင့် ပိုမိုထိတွေ့ဆက်ဆံကာ လက်တွဲဆောင်ရွက်မှုများကြောင့် ဝန်ထမ်းငယ်များသည် တိုးတက်သောအလားအလာများရှိလာမည်ဟု မျှော်လင့်ရပါသည်။ အထက်တန်း

စီမံခန့်ခွဲသူတစ်ဦးက ပြောခဲ့သကဲ့သို့ပင် ဖြစ်ပါမည်- 'အောက်ခြေကတက်လာရန်မှာ အချိန်ယူရမည်ဖြစ်ကြောင်း၊ ယခင်ကမူဘာလုပ်ရမည်ဆိုသည်ကိုသာ အပြောခံခဲ့ရကြောင်း'

မြန်မာနိုင်ငံတွင် အောင်မြင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်သော သမဝါယမကွန်ရက်တစ်ရပ်ဖြစ်စေရန် အောက်ပါတို့ကို အာရုံစိုက်၍ ဆောင်ရွက်ရပါမည်-

- အစိုးရ၏မူဝါဒကို တိုးတက်အောင်ပြုပြင်ရန်နှင့် လုပ်ငန်းများတွင်ဝင်ပါခြင်းမပြုရန်။
- အခြေခံသမဝါယမအသင်းများကို ငွေကြေးအရရေရှည်ရပ်တည်နိုင်သော အသင်းသားများကသာ ပိုင်ဆိုင်ထိန်းချုပ်ထားပြီး အသင်းသားတို့၏ လိုအင်များကို ပြည့်မီစေရုံသာမက ဈေးကွက်တွင်းရှိ အခြားအဖွဲ့အစည်းများနှင့်ပါ ယှဉ်ပြိုင်နိုင်သောအဖွဲ့အစည်းများအဖြစ် ပြောင်းလဲရန်။ သမဝါယမအသင်းများတွင် စီးပွားရေးစီမံချက်များ လိုအပ်သည်။ ပြောင်းလဲရေးအတွက် တွန်းအားတစ်ရပ်မှာ အခြားအာဆီယံနိုင်ငံများမှ သမဝါယမများနှင့် ထိတွေ့ဆက်ဆံရန်ဖြစ်သည်။
- အခြေခံသမဝါယမများ ခိုင်မာရေးကို အာရုံစိုက်ဆောင်ရွက်ရန်။ ဒုတိယနှင့်တတိယအဆင့် သမဝါယမများသည်လည်း ယင်းတို့၏လုပ်ဆောင်မှုများ၊ တာဝန်ခံမှုများကို ပြန်၍အာရုံစိုက်သင့်ပြီဖြစ်ပါသည်။ အခြေခံသမဝါယမများက အသင်းသားများ၏လိုအင်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ရန်အတွက် ယင်းအသင်းတို့ခိုင်မာမှုရှိလာစေမည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ဝင်ငွေရရှိ လာနိုင်သည့် လုပ်ဆောင်မှုမျိုးကို အာရုံစိုက်သင့်ပါသည်။
- ဈေးကွက်စီးပွားရေးစနစ်တွင် သမဝါယမနှင့်ပတ်သက်သော လူထုပညာပေးမှုကို (တက္ကသိုလ်ကောလိပ်များမှတစ်ဆင့် အပါအဝင်) တက်ကြွစွာဆောင်ရွက်ရန်။ မကြာသေးမီက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက- ဈေး ကွက်စီးပွားရေးစနစ်နှင့် အံမဝင်တော့ကြောင်း၊ သမဝါယမများကို လူမှုဖူလုံရေးအစီအစဉ်အဖြစ်ဖြင့် ယခင်ကလည်ပတ်ခဲ့ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်မှာမူ ယှဉ်ပြိုင်မှုကို အားပေးကြောင်း ပြောဆိုခဲ့သည်။
- အသင်းသားများကသာ ပိုင်ဆိုင်ထိန်းချုပ်ထားသည့် သမဝါယမအကြောင်းကို အသင်းသားများ၊ ခေါင်းဆောင်များ၊ ဝန်ထမ်းများသာမက သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းများကိုပါ လမ်းညွှန် ပညာပေး လေ့ကျင့်ပေးရန်။

မကြာသေးမီကကြားသိရသော တရုတ်ထုတ်ကုန်သွင်းကုန်ဘဏ်မှ သမဝါယမအသင်းများသို့ ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံသမဝါယမအသင်းများ၏ တိုးတက်မှုကိုထိခိုက်စေပါမည်။ ရင်းနှီးမြှုပ်နှံငွေအများအပြားကိုလက်ခံရရှိသော အခြားနိုင်ငံများ(ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ယူဂန္ဒာ)တို့၏ သမဝါယမများ၏ အတွေ့အကြုံများမှာ-

- သမဝါယမများသည်အားမကိုးရတော့ ယင်းတို့၏လိုအင်များကို မတုံ့ပြန်တော့သဖြင့် အသင်းသားများ၏ အခွင့်အရေးလက်လွှတ်ဆုံးရှုံးရခြင်း။

- ပြင်ပမှရင်းနှီးငွေအများစုသည် အခြေခံသမဝါယမအသင်းများကိုသာ ပုံအောကြပြီး ဒုတိယနှင့် တတိယအဆင့် သမဝါယမများကို ထောက်ပံ့မှုများ လျော့နည်းလာသောကြောင့်၊ ဝန်ဆောင်မှု များမျှဝေခြင်း၊ ငွေကြေးထောက်ပံ့မည့် အထက်အဆင့်အဖွဲ့အစည်းများ၊ အချင်းချင်းငွေချေးမှုများ၊ ငွေကြေးစီမံခန့်ခွဲမှုများ၊ သတင်းအချက်အလက်နည်းပညာများတို့ကိုပေးမည့် အရင်းအမြစ်များကို အခြေခံအသင်းများက မရတော့ခြင်း။
- ဈေးကွက်အခြေအနေကိုမတုံ့ပြန်မဆောင်ရွက်တော့ဘဲ ပြင်ပငွေကြေးကိုသာမှီခိုခြင်း။ ဒေသခံ သမဝါယမအများအပြားသို့ ငွေကြေးထောက်ပံ့ခြင်းဖြင့်၊ အသင်းများပေါင်းစည်းလိုစိတ် သို့မဟုတ် ဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်ရန် အတူပူးပေါင်းဆောင်ရွက်လိုစိတ် မရှိတော့ခြင်း။ ပြင်ပ ထောက်ပံ့ငွေများကို ပြန်ဆပ်ပြီးသောအခါ လွတ်လပ်သော်လည်း ရေရှည်ရပ်တည်နိုင်စွမ်းရှိ အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်နေသေးသော သမဝါယမအသင်း အမြောက်အမြား ရှိနေခြင်း။ ယင်းတို့၏လိုအင်ကို ဆောင်ရွက်ပေးနိုင်မည့် ဒုတိယနှင့်တတိယအဆင့် သမဝါယမ များ မတည်ဆောက်ရသေးခြင်း။
- အသင်းသားများ၊ အစိုးရ၊ ရပ်ရွာပညာပေးရေးအပါအဝင် လူမှုရေးအရအသင့်ဖြစ်မှုကို အာရုံစူး စိုက်မှု နည်းပါးခြင်း။
- အလွန်လျင်မြန်သော တိုးချဲ့မှုကိုကြုံရသောအခါ အသင်းများသည် စီမံခန့်ခွဲနိုင်စွမ်းမရှိခြင်း။

# ၄။ သမဝါယမကဏ္ဍ

## ၄.၁။ မှတ်ပုံတင်ပြီး သမဝါယမအသင်းများ

မြန်မာနိုင်ငံတွင် သမဝါယမအသင်းမည်မျှရှိပြီး ယင်းတို့ ဘာလုပ်နေကြသည်ကို အပြည့်အဝနားလည်ရန် ခက်ခဲလှသည်။ ကိန်းဂဏန်းစာရင်းအင်းများကို ထုတ်ပေးသော်လည်း မှတ်ပုံတင်ထားသော သမဝါယမ အသင်းဦးရေအမှန်မှာ မည်သို့တင်ပြထားသည် မည်သည့်အချိန်တွင်စာရင်းသွင်းထားသည်ကို လိုက်၍ ပြောင်းလဲနိုင်သည်။ ဤကိန်းဂဏန်းများအားလုံးကို သမဝါယမဦးစီးဌာနက စုဆောင်းထားပြီး ဝန်ကြီးဌာန က ထုတ်ပြန်ထားခြင်းဖြစ်သည်။ မပြောင်းလဲသော အချက်အချို့ကိုလည်း တွေ့မိသည်- ပထမအချက်မှာ သမဝါယမအသင်းသားဦးရေကို ၂.၄သန်းခန့်ဟု ပုံမှန်သတင်းပို့ထားခြင်း၊ ဒုတိယအချက်မှာ- မှတ်ပုံတင် ထားသည်မှာကြာပြီဖြစ်သော အသင်းအရေအတွက်မှာ မပြောင်းလဲခြင်း၊ တတိယအချက်မှာ-အသေးစား ငွေကြေးလုပ်ငန်းလုပ်ကိုင်နေသော သမဝါယမအသင်းများသည် လစဉ်သာမက အပတ်စဉ်ပါ သိသာစွာ တိုးပွားနေခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် သမဝါယမအသင်းအမျိုးအစားခွဲခြားပုံမှာ အမျိုးမျိုးရှိနေသည်။ အခြေခံ၊ အသင်းစု (မြို့နယ်)၊ အသင်းစုချုပ်၊ သမဝါယမအသင်းများကို ကဏ္ဍသုံးရပ်ဖြစ်သော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုတို့အလိုက် အုပ်စုခွဲထားသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးကဏ္ဍအောက်တွင် စိုက်ပျိုးရေး၊ သားငါး၊ သစ်တောထွက်ကုန်၊ စက်မှုကုန်ထုတ်စသဖြင့် ဖြစ်သည်။ ဤအမျိုးအစားတို့ကိုပင် ပြန်၍ခွဲထား ပြန်သေးသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးသမဝါယမများကို စိုက်ပျိုးရေးနှင့်အထွေထွေကုန်သွယ်မှု သမ ဝါယမအသင်းနှင့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်းဟု ခွဲခြားထားခြင်းဖြစ်သည်။ ထို့အတူ ဝန် ဆောင်မှုကဏ္ဍအောက်ရှိ ငွေကြေးဆိုင်ရာသမဝါယမများကိုလည်း အမျိုးအစားကိုးမျိုးအဖြစ် ထပ်မံခွဲခြား ထားပြန်သည်။ ဤသို့ကဏ္ဍ၊ အုပ်စုအလိုက် အမျိုးအစားခွဲခြားထားသည့်ပြင် ယင်းအသင်းတို့၏အဆင့် (အခြေခံ၊အသင်းစု၊အသင်းစုချုပ်)ကိုလိုက်၍လည်း ခွဲခြားထားပြန်သေးသည်။ ကဏ္ဍ အုပ်စုစသည်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် တိုင်းတာသောနှုန်းစံများကိုမူ မရခဲ့ပါ။

ဤစာတမ်းရှင်ကို ဗဟိုသမ၊ ငွေစုငွေချေးသမဝါယမအသင်းစုချုပ်၊ သမဝါယမဝန်ကြီးဌာနတို့က ပေးသော ကိန်းဂဏန်းများသည်လည်း အချင်းချင်းမတူညီကြပေ။ အသင်းစုချုပ်ကပေးသော ကိန်းဂဏန်းများ သည် ၂၀၁၃ခုနှစ် ဧပြီလ၃၀ရက်နေ့ ရက်စွဲ ဖြင့်ဖြစ်ပြီး၊ ဗဟိုသမက ပေးသည်တို့မှာ ၂၀၁၃ခုနှစ် မေလ၆ရက်နေ့ ရက်စွဲဖြင့် ဖြစ်သည်။ ထို့ပြင် အသင်းစုချုပ်ကပေးသော ကိန်းဂဏန်းများတွင် 'အသေးစားငွေကြေးလုပ် ငန်းသမဝါယမအသင်းသစ်'များပါဝင်ပြီး ဗဟိုသမက ပေးရာတွင်ကား ယင်းတို့မပါဝင်ချေ။

ဇယား(၁)တွင်ဖော်ပြထားသော အသေးစားငွေကြေးလုပ်ငန်းသမဝါယမအသင်း အရေအတွက်မှာ သမဝါ ယမဝန်ကြီးဌာနက ထုတ်ပြန်ပေးခြင်းဖြစ်သည်။ ဤကိန်းဂဏန်းအားလုံးကို သမဝါယမဝန်ကြီးဌာနက

ပြုစုထားခြင်းဖြစ်သော်လည်း အချင်းချင်းကိုက်ညီမှုမရှိကြပေ။ ဤကိန်းဂဏန်းသုံးစုံလုံးကို ဇယား(၄)တွင် တင်ပြထားသည်။ ရရှိသောသတင်းအချက်အလက်အလိုက် စာတိုင်များကို ခွဲထားသည်။

**ဇယား(၄)မှတ်ပုံတင်သမဝါယမအသင်းအရေအတွက်နှိုင်းယှဉ်ချက်**

| သတင်းရင်းမြစ် | သမဝါယမဝန်ကြီးဌာန | ငွေစုငွေချေး သမဝါယမအသင်းစုချုပ် | ဗဟိုသမဝါယမ အသင်း |
|---|---|---|---|
| ရက်စွဲ | (၃၀.၃.၂၀၁၃) | (၃၀.၄.၂၀၁၃) | (၆.၅.၂၀၁၃) |
| ကဏ္ဍ။ ကုန်ထုတ်လုပ်မှု | | ၆၅၀၆ | ၇၇၂၆ |
| စိုက်ပျိုးရေး | | ၅၈၇၃ | ၇၀၉၂ |
| သား/ငါး | | ၂၀၄ | ၂၀၄ |
| သစ်တောထုတ်ကုန် | | ၇ | ၇ |
| စက်မှုလက်မှု | | ၄၂၂ | ၄၂၂ |
| ကဏ္ဍ။ ဝန်ဆောင်မှု | | ၂၂၁၂ | ၂၉၀၁ |
| ငွေကြေး | | ၁၉၇၄ | ၂၂၇၆ |
| သယ်/ပို့ | | ၄၀ | ၄၀ |
| အထွေထွေ | | ၁၉၈ | |
| ကျန်းမာရေး | | | ၃၄ |
| ဘဏ်လုပ်ငန်း | | | ၁ |
| အမျိုးသမီး | | | ၄၁ |
| လုပ်ငန်းပေါင်းစုံ | | | ၅၀၉ |
| ကဏ္ဍ။ ကုန်သွယ်မှု | | ၃၀၄၈ | ၃၀၄၈ |
| ကဏ္ဍ။ အသေးစားငွေကြေး | ၆၃၅၉ | ၉၂၇၆ | ၉၂၇၆(ထုတ်ပြန်ပေးခြင်းမရှိ၊ အသင်းစုချုပ်နှင့်အတူတူဟုယူဆ) |
| ဌာနဆိုင်ရာ | ၁၂၂၉ | | |
| ရပ်ကွက်/ကျေးရွာ | ၁၅၀ | | |
| ဈေး | ၃၂၇ | | |
| စိုက်ပျိုးကုန်ထုတ် | ၃၉၂၂ | | |
| စက်မှုလက်မှု | ၃၁ | | |
| အသေးစားငွေကြေး | ၃၉၇ | | |
| တိရစ္ဆာန်မွေးမြူ | ၃၃၄ | | |
| ကုန်သွယ်မှု | ၁၉၉ | | |
| ရွှေတောင်ကုမ္ပဏီ | ၇၀ | | |
| စုစုပေါင်း | | ၂၁၄၀၂ | ၂၂၅၉၀ |

အဆင့်အလိုက်သမဝါယမအသင်းဦးရေများလည်း ကွဲပြားကြသည်။အသင်းသားဦးရေ စုစုပေါင်းသာ မပြောင်းလဲချေ။

**ဇယား(၅) မြန်မာသမဝါယမအဆင့်ဆင့်အရေအတွက်နှိုင်းယှဉ်ချက်**

| သတင်းရင်းမြစ် | ငွေစုငွေချေးသမဝါယမ အသင်းစုချုပ် | ဗဟိုသမဝါယမအသင်း |
|---|---|---|
| ရက်စွဲ | (၃၀.၄.၂၀၁၃) | (၆.၅.၂၀၁၃) |
| ထိပ်တန်း(ဗဟိုသမ) | ၁ | ၁ |
| အသင်းစုချုပ် | ၂၀ | ၂၀ |
| အသင်းစု | ၄၅၉ | ၄၆၀ |
| အခြေခံ | ၂၀၆၅၈ | ၁၃၆၇၄ |
| သမဝါယမအသင်းစုစုပေါင်း | ၂၁၁၃၈ | ၁၄၁၅၅ |
| အသင်းသားစုစုပေါင်း | ၂၄၀၃၃၆၄ | ၂၄၀၃၃၆၄ |

## ငွေကြေးဆိုင်ရာသမဝါယမအသင်းများနှင့် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု

သမဝါယမနှင့် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုတို့နှင့်စပ်လျဉ်းသော ကိန်းဂဏန်းများကို အနက်ဖွင့်ရန်မှာလည်းအလွယ်ကူပါ။ ဗဟိုသမကပေးသော ကိန်းဂဏန်းများမှာ ယင်း၏ဖွဲ့စည်းပုံနှင့် အသေးစားငွေကြေးလုပ်ငန်းများ၏ ကျစ်လျစ်သော သဘာဝအရ အားထားနိုင်ဖွယ်ရှိသည်။ သို့သော်လည်း အခြားကိန်းဂဏန်းများ အနက်ဖွင့်ဆိုချက်များကိုမူ ထိုမျှလောက်အားမထားရပေ။ ဥပမာအားဖြင့် ငွေကြေးဆိုင်ရာသမဝါယမအသင်းများအဖြစ် မှတ်ပုံတင်ထားသော သမဝါယမအရေအတွက်၊ အသေးစားငွေကြေးလုပ်ငန်းဆောင်ရွက်ရန် အသစ်ဖွဲ့စည်းထားသော သမဝါယမအရေအတွက်၊ လက်ရှိတွင်ငွေထုတ် ချေးနေသဖြင့် အသေးစားငွေကြေးသမဝါယမအဖြစ် သတ်မှတ်ခြင်းခံရသော လက်ရှိသမဝါယမအရေအတွက်စသည်ဖြင့် သေချာစွာခွဲခြားနိုင်ရန် ခဲယဉ်းသည်။ အမည်အခေါ်အဝေါ်များကလည်း ပိုမိုရှုပ်ထွေးစေသည်။ စာရွက်စာတမ်းအမျိုးမျိုးတွင် 'အသေးစားငွေချေးသမဝါယမအသင်း'ဟု လည်းကောင်း၊ 'အသေးစားငွေကြေးဆိုင်ရာသမဝါယမအသင်း'ဟု လည်းကောင်း၊ 'ငွေစုငွေချေးသမဝါယမအသင်း'ဟု လည်းကောင်း အမျိုးမျိုးခေါ်ဝေါ် ထားသည်။

အသေးစားငွေကြေးဆိုင်ရာသမဝါယမအသင်းများ၏ လက်ရှိပျံ့နှံ့မှုအခြေအနေကို MFIထောက်ပံ့ပေးနေသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများကထုတ်ပြန်ပေးသော ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ကြည့်လျှင် သိရှိနိုင်ပါသည်။ အကယ်၍ ယင်းကိန်းဂဏန်းများသည် မှန်ကန်ပါက သမဝါယမများသည် စားသုံးသူအများအပြားထံသို့ ပျံ့နှံ့နိုင်စွမ်းရှိသည်ဟု အဓိပ္ပါယ်သက်ရောက်နေသည်။ လက်ရှိဗဟိုသမ၏ MFI လုပ်ငန်းများ၏ ပျံ့နှံ့မှုကို ထိုMFIအကြီးစားများနှင့် နှိုင်းယှဉ်နိုင်သည်။

ငွေကြေးဝန်ဆောင်မှုသမဝါယမများသည် အသင်းသားများကို ငွေစုငွေချေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ငွေစုငွေချေးသမဝါယမအသင်းအများစုသည် သီးခြားအသင်းသားအုပ်စုများအတွက်သာ ဖွင့်ထားကြသည်။ (ဥပမာ။ ကျောင်းဆရာများ) အချို့ငွေကြေးဆိုင်ရာ သမဝါယမများ၏ အတိုးနှုန်းသည် စုငွေအတွက် တစ်နှစ်လျှင်၂.၅ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေအတွက် ၇.၅ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။

**ဇယား(၆) သမဝါယမအသင်းများနှင့် MFIပံ့ပိုးပေးသူများ၏ ငွေကြေးဆိုင်ရာပျံ့နှံ့မှုနှိုင်းယှဉ်ချက်**

| အဖွဲ့အစည်း | အသင်းသား/ဖောက်သည်ဦးရေ | လူဦးရေ၏ရာခိုင်နှုန်း (သန်း၆၀ဟုယူဆထား) |
|---|---|---|
| သမဝါယမများ | ၂.၄သန်း | ၄% |
| အသေးစားငွေကြေးလုပ်ငန်း သမဝါယမများ | ၇၆၈၂၂၀ | ၁.၂% |
| ဗဟိုသမမှ ချေးယူသူများ | ၆၀၀၃၆ | ၀.၁% |
| MFI များ | ၁၀၁၃၀၀၀ | ၀.၇% |
| UNDP/PACTမှ ချေးယူသူများ | ၃၆၅၀၀၀ | ၀.၆% |
| PACTမှချေးယူသူများ | ၇၄၁၉၄ | ၀.၁% |
| စုစုပေါင်း | ၁၈၄၁၂၅၆ | ၃% |

## ၄.၂။ အခြေခံအသင်းများ

အခြေခံသမဝါယမအသင်းများသည် ကြံ့ခိုင်သောသမဝါယမစနစ်၏ အခြေခံများပင်ဖြစ်ကြသည်။ အခြေခံသမဝါယမအသင်းများ၏ စီးပွားရေးအောင်မြင်မှုနှင့် အသင်းသားများ၏ ပါဝင်ဆောင်ရွက်မှုတို့သည် ငွေကြေးအရအောင်မြင်သော၊ ခိုင်မာသောသမဝါယမအဆောက်အအုံကို အထောက်အကူပြုနေသည့် ကြံ့ခိုင်သော သမဝါယမအသင်းများ၏ လက္ခဏာများဖြစ်ကြသည်။ အထက်တွင်တင်ပြခဲ့သကဲ့သို့ သမဝါယမအသင်းများသည် နာမည်ပျက်ခဲ့ကြသည့်အပြင် လက်တွေ့မျက်မြင်မှာလည်း လူများစွာတို့သည် သမဝါယမအသင်းများကို မဝင်လိုကြောင်းတွေ့ရှိခဲ့သည်။ သို့သော် သမဝါယမအသင်းသားများ ဖြစ်နေကြသည့် လူ၂.၄သန်းတို့မှာကား မည်သို့ရှိပါသနည်း။ သမဝါယမ၏စံပြပုံစံနှင့် ပတ်သက်၍ ယင်းတို့၏ အတွေ့အကြုံမှာ မည်သို့ရှိပါသနည်း။

၂၀၁၃ခုနှစ် မေလကုန်ပိုင်းနှင့် ဖွန်လဆန်းပိုင်းတွင် မြန်မာနိုင်ငံရှိအခြေခံသမဝါယမအသင်းအချို့တို့သို့ သွားရောက်ခဲ့ပါသည်။ ရန်ကုန်၊ နေပြည်တော်နှင့် ပုသိမ်ရှိ သမဝါယမအသင်း ၆၃သင်းသို့ သွားရောက်ကာ အသင်းသားများ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဆွေးနွေးခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍ (အမျိုးသမီးနှင့် ငွေကြေးဆိုင်ရာ)၊ ထုတ်လုပ်မှုကဏ္ဍ(စက်မှုလက်မှု)တို့ ပါဝင်သည်။ ဤနမူနာကောက်ကွက်မှုဖြင့်

ထိရောက် သောကောက်ချက်များကို ချနိုင်မည်မဟုတ်သော်လည်း အခြေခံအသင်းများ အထူးသဖြင့် နည်းနာတွင်ပါဝင်သော သမဝါယမလုပ်ငန်းများဆောင်ရွက်နေသည့် နယ်မြေရှစ်ခုတွင် ပါဝင်နေသော အသင်းများ၏ ယေဘုယျအနေအထားကိုမူ တွေ့မြင်ခွင့်ရရှိခဲ့ပါသည်။ အသင်းစုတစ်ခုနှင့် အသင်းစုချုပ်တစ်ခုကိုသာ တွေ့ဆုံခဲ့ကြောင်းကိုလည်း ဂရုပြုစေလိုပါသည်။ ထို့ကြောင့် ဤအဆင့် ၂ဆင့် အကြောင်းကို ဤလေ့လာချက်တွင် ထည့်သွင်းမဆွေးနွေးထားပါ။

အခြေခံသမဝါယမအသင်းများတွင် တူညီသောပင်ကိုလက္ခဏာများရှိကြသည်-

- အခြေခံသမဝါယမအသင်းများ၏ ပျမ်းမျှအသင်းသားအင်အားမှာ ၁၅ဂမှ၂၂၅ကြားတွင် ရှိကြ၏။ ငွေကြေးဆိုင်ရာသမဝါယမအသင်းများမှာ အသင်းသားဦးရေပိုများ၏။
- အသင်းသားဖြစ်မှုကို ကျေးရွာအပိုင်အလိုက်၊ အလုပ်အလိုက်၊ အလုပ်ရှင်အလိုက် ကန့်သတ်ထား၏။
- အသင်းအရွယ်အစားလိုက် အမှုဆောင်အဖွဲ့ဝင်၅ဦးမှ ၇ဦးအထိကို နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် ရွေးကောက်ကြသည်။ ယင်းတို့၏သက်တမ်းမှာ ၄နှစ်ဖြစ်သော်လည်း သက်တမ်းကုန်ချိန်မှာ တစ်ပြိုင်တည်းမဖြစ်ကြပေ။ အဖွဲ့ဝင်၂ဦးက ကြီးကြပ်ရေးကော်မတီအဖြစ် ဆောင်ရွက်ကြသည်။
- သမဝါယမအသင်းတိုင်းသည် လစဉ်စာရင်းချုပ်ရေးဆွဲကြရသည်။ ငွေစာရင်းများကို သမဝါယမဦးစီးဌာနက တစ်နှစ်လျှင်နှစ်ကြိမ်၊ မစစ်နိုင်ပါက အနည်းဆုံးတစ်ကြိမ် စာရင်းစစ်ဆေးသည်။
- အခြေခံအသင်းတိုင်းသည် အသင်းစုများ အသင်းစုချုပ်များသို့ဝင်ရန် သတ်မှတ်ထားသည်။

လေ့လာခဲ့သော သမဝါယမအသင်းများသည် ဒီမိုကရေစီနည်းကျထိန်းချုပ်မှု၊ ပွင့်လင်းမြင်သာမှု၊ အသင်းသားလိုအင်ကို ဖြည့်ဆည်းမှုများရှိကြောင်း ထင်ရှားစွာတွေ့မြင်ခဲ့ရသည်။ သမဝါယမဦးစီးဌာနက နှစ်ဝက်စာရင်းစစ်ခြင်းသည် အသင်းသားများတွင် ငွေကြေးဆိုင်ရာစီမံခန့်ခွဲရန်တာဝန်နှင့် အစီရင်ခံရန် တာဝန်ရှိကြောင်းအသိစိတ်ကို ဖြစ်ပေါ်စေသည်။ လုပ်ငန်းများကို ခိုင်မာသောအသင်းတွင်းထိန်းချုပ်မှု၊ အသုံးစရိတ်၊ အသင်းသားအတွင်းပွင့်လင်းမြင်သာမှုတို့ကိုလည်း ဖြစ်ပေါ်စေသည်။ အသင်းသားများသည် ရွေးကောက်ထားသော အမှုဆောင်များကို အသင်း၏ငွေကြေးကိစ္စများကို ရှင်းပြခိုင်းကြသည်။ ငွေကြေးဆိုင်ရာသမဝါယမများ၊ ငွေထုတ်ချေးနေသောသမဝါယမ၊ အခြားသမဝါယမများတွင် ကြွေးကျန်ရာခိုင်နှုန်းနည်းပါးခြင်းမှာ ယင်းအချက်ကိုထင်ဟပ်နေခြင်းပင်ဖြစ်သည်။ တွေ့ဆုံခဲ့သော အခြေခံသမဝါယမအသင်းများတွင် အသင်းသားအချင်းချင်းယုံကြည်မှု အတော်အသင့်ရှိကြကြောင်း တွေ့ခဲ့ရသည်။

အခြေခံသမဝါယမအသင်းများ၏ မဟာဗျူဟာနှင့်ဈေးကွက်လိုအင်ကို တုံ့ပြန်နိုင်မှု အခြေအနေ၊ ယင်းတို့၏ ရပ်ရွာနှင့်ထိတွေ့လုပ်ငန်းဆောင်ရွက်နိုင်စွမ်း အခြေအနေတို့ကို ဆုံးဖြတ်ရန်မှာ ပို၍ခက်ခဲသည်။ သွားရောက်ခဲ့သောသမဝါယမအသင်းများတွင် အခြားသော စီးပွားရေးလုပ်ငန်းများနည်းတူ စီးပွားရေးစီမံချက်များရှိမရှိ၊ မြန်မာနိုင်ငံ၏တိုးပွားနေသော လွတ်လပ်စွာပြိုင်ဆိုင်နိုင်သည့် ဈေးကွက်စီးပွားရေး စနစ်

ကို မည်သို့ရင်ဆိုင်မည်ဆိုသည်တို့ကို ရှင်းလင်းစွာမသိရပေ။ သမဝါယမအသင်းများသည် ယင်းတို့၏ ပိုင်နက်များအတွင်းတွင်သာ လုပ်ငန်းဆောင်ရွက်နေရသည့်အပြင် နာမည်ပျက်လည်းရှိခဲ့ဖူးသောကြောင့် အသင်းသားများတိုးချဲ့၍ ကျယ်ကျယ်ပြန့်ပြန့် ပျံ့ပျံ့နှံ့နှံ့ဆောင်ရွက်ကာ ဝင်ငွေတိုးအောင် ဆောင်ရွက်ရန် ယှဉ်ပြိုင်နိုင်ရန် ခက်ခဲမည်ဖြစ်သည်။

## ၅။ နိုင်ငံတကာသမဝါယမအထောက်အပံ့၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ၏သမဝါယမကဏ္ဍကိုစိတ်ဝင်စားကြသော နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGO)များ၏ အရေအတွက်မှာတိုး၍နေလေသည်။ ဤသို့စိတ်ဝင်စားရခြင်းမှာ အများအားဖြင့် စီမံကိန်းများ၏လိုအပ်ချက်ကြောင့်ဖြစ်သည်။ LIFT ကဲ့သို့ပင် INGO အချို့တို့သည် ငွေကြေးဆိုင်ရာသမဝါယမများမှတစ်ဆင့် ငွေကြေးဆိုင်ရာလက်လှမ်းမီရရှိမှုကို တိုးချဲ့ရန်စိတ်ဝင်စားလျက်ရှိကြသည်။ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသော အချို့INGOများသည်လည်း စုပေါင်းသိုလှောင်ခြင်း၊ အသွင်ပြောင်းလဲခြင်း၊ ဈေးကွက်အခွင့်အလမ်းစသည်တို့ကို ပိုမိုတိုးချဲ့နိုင်စေရန် အတွက်လယ်သမားများကို သမဝါယမအသင်းများ ဖွဲ့စည်းပေးရန် စိတ်ဝင်စားလျက်ရှိကြသည်။

မကြာသေးမီအချိန်အထိ INGOများ၊ ပြင်ပမှလှူပ်ရှားသူများသည် မြန်မာနိုင်ငံသမဝါယမကဏ္ဍနှင့် ထိတွေ့မှုမရှိကြသေးချေ။ သမဝါယမဝန်ကြီးဌာန သို့မဟုတ် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနတို့နှင့် သဘောတူညီမှုရရှိထားပြီးဖြစ်သော INGOအများအပြားရှိကြသော်လည်း သမဝါယမများနှင့် တိုက်ရိုက်ထိတွေ့ခဲ့သည်မှာ နည်းပါးလှသည်။ ဗဟိုသမသည် ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့မှုရှိခဲ့ရာ ယင်းတို့တွင် အာရှငွေချေးသူများအသင်းစုချုပ်(ACCU)၊ နိုင်ငံတကာသမဝါယမ မဟာမိတ် (ICA)၏ အာရှနှင့်ပစိဖိတ်ဒေသရုံးတို့လည်း ပါဝင်သည်။ ဗဟိုသမသည် ဝန်ထမ်းအချို့ကို ICA၏ အကူအညီဖြင့် ဂျပန်နှင့်အိန္ဒိယတို့သို့ စေလွှတ်နိုင်ခဲ့သည်။ အခန်း၃.၄တွင်ဖော်ပြခဲ့သည့်အတိုင်း ဗဟိုသမက အသေးစားငွေကြေးလုပ်ငန်းများ စတင်ထူထောင်ရာတွင် ACCUသည် အဓိကကျခဲ့သည်။ ဗဟိုသမ သည် ဩစတြေးလျငွေချေးသူများဖောင်ဒေးရှင်း(CUFA)နှင့် ထိတွေ့မှုရှိခဲ့သော်လည်း ပူးပေါင်းဆောင်ရွက်ခြင်းကား မရှိသေးချေ။

မကြာသေးမီက ကနေဒါသမဝါယမအသင်း(CCA)သည် ဗဟိုသမနှင့် နားလည်မှုသဘောထားလွှာ တစ်စောင်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ နိုင်ငံတကာသမဝါယမဖွံ့ဖြိုးမှုအဖွဲ့များတွင် ဤသို့လုပ်နိုင်သူမှာ ယင်းတစ်ဖွဲ့သာရှိသေးသည်။ ယင်းသဘောထားလွှာအရ ဗဟိုသမနှင့် CCA တို့သည် နယ်ပယ်အများအပြားတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေကြမည်ဖြစ်သည်။ ယင်းနယ်ပယ်တို့တွင် သမဝါယမအုပ်ချုပ်မှုနှင့်စီးပွားရေးစီမံချက်ရေးဆွဲခြင်း၊ မူဝါဒနှင့်စည်းမျဉ်းစည်းကမ်းများ၊ ကျားမတန်းတူညီမျှရေး၊ လူငယ်နှင့်ခေါင်းဆောင်မှုစသည်တို့ ပါဝင်ကြသည်။ ထို့အတူ ဗီအီဖက်နှင့်ဗဟိုသမတို့သည်လည်း ဧရာဝတီတိုင်းဒေသကြီးမှ သမဝါယမအသင်းစုနစ်စုကို ဈေးကွက်ချဲ့ထွင်နိုင်စွမ်းရှိအောင် ဆောင်ရွက်ရန် စီမံလျက်ရှိကြသည်။

ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ဗဟိုသမတို့နှင့် တရားဝင်စီစဉ်ခြင်းမရှိဘဲ တက်သစ်စသမဝါယမအသင်းများနှင့် ထိတွေ့ဆက်ဆံနေသောINGOများလည်းရှိသည်။ CUFAသည် ရှမ်းပြည်နယ်ရှိ ငွေကြေးဆိုင်ရာသမဝါယမများနှင့် တိုက်ရိုက်ဆောင်ရွက်လျက်ရှိသည်။ PLANET FINANCE (ဂျာမနီ)သည် ဥရောပသမဂ္ဂ၏

ငွေကြေးအထောက်အပံ့ကိုရယူပြီး ကရင်ပြည်နယ်တွင် အနည်းဆုံးငွေကြေးဆိုင်ရာသမဝါယမအသင်း သုံးသင်းကို ဖွံ့ဖြိုးလာအောင် ထောက်ပံ့ပေးနေသည်။ ထို့ပြင် ပြည်နယ်သမဝါယမဦးစီးဌာနကိုလည်း ဈေးကွက်ရှာဖွေရေး၊ စီးပွားရေးအလေ့အကျင့်ကောင်းများ၊ သမဝါယမဖွဲ့စည်းရေးတို့နှင့် ပတ်သက်၍ လေ့ကျင့်ပေးနေသည်။ ပြင်သစ်မှသုတေသနနှင့်နည်းပညာဖလှယ်ရေးအုပ်စု(GRET)၊ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေး(ACE)၊ ဂျာမနီမှကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှုသက်သာရေး(WHH)၊ အီတလီမှ စီမံခန့်ခွဲရေး နှင့်လူမှုအပြောင်းအလဲများကျောင်း(ASVI)၊ အမေရိကန်မှ နိုင်ငံတကာကယ်ဆယ်ရေးစသော INGO များသည် လယ်သမားများနှင့်ထိတွေ့ကာ သမဝါယမများဖြစ်လာနိုင်သော အဖွဲ့အစည်းများဖွဲ့ရန် အပါအဝင်ဖြစ်သော လှုပ်ရှားမှုအထွေထွေကို ဆောင်ရွက်လျက်ရှိကြသည်။

တွေ့ဆုံခဲ့သမျှသောINGOတို့က ယင်းတို့၏စီမံချက်များကို အကျိုးခံစားခွင့်ရရှိနေသူများသည် သမဝါယမပုံစံနှင့်ပတ်သက်လာလျှင် နှုတ်ပိတ်နေကြကြောင်း ပြောပြကြသည်။ ကုန်ထုတ်လုပ်သူများကလည်း သမဝါယမဖွဲ့စည်းခြင်းဖြင့် ထုတ်ကုန်များအား တန်ဖိုးမြှင့်နိုင်သည်ကိုနားမလည်ကြောင်း၊ အစိုးရက ဝင်စွက်ဖက်မည်ကို ကြောက်ရွံ့ကြကြောင်းဖော်ပြကြသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ မှတ်ပုံတင်ထားသောသမဝါယမအသင်းများ ယင်းတို့၏စီမံချက်နယ်မြေများအတွင်းတွင် ရှိနေကြသည်ကို မည်သည့် INGOကမျှ မသိကြခြင်းပင် ဖြစ်သည်။ သမဝါယမ၏မူဝါဒဖြစ်ထွန်းရေးကိုဖြစ်စေ သမဝါယမနှင့်ပတ်သက်သောအရေးကိစ္စများကို ကိုယ်စားပြုပြောဆိုခြင်းကိုဖြစ်စေ မည်သည့်INGOကမျှ ပါဝင်ဆောင်ရွက်နေသည်ကိုလည်း မတွေ့ရချေ။

## ၆။ မြန်မာနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံသမဝါယမဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်

နိုင်ငံအရွယ်အစား၊ ပထဝီ၊ ဘာသာရေးစသည်တို့တွင် သိသိသာသာကွဲပြားမှုရှိကြသော်လည်း မြန်မာနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံတို့တွင် သမဝါယမလုပ်ရှားမှု၏ ဖွံ့ဖြိုးတိုးတက်မှုကို နှိုင်းယှဉ်သုံးသပ်ရန် သင့်လျော်သော တူညီချက် များစွာရှိကြသည်။ မှတ်စု(၃)တွင် ယင်းတူညီချက်အချို့ကို ဖော်ပြထားပါသည်။

**မှတ်စု(၃) မြ န်မာနှင့်အင်ဒိုနီးရှား နှစ်နိုင်ငံသမိုင်းဖြစ်စဉ်များ နှိုင်းယှဉ်ချက်**

| **စီးပွားရေးနှင့်နိုင်ငံရေးတူညီချက်များ** | **သမဝါယမသမိုင်း** |
|---|---|
| • ၁၉၄၀ပြည့်လွန်နှစ်များအတွင်းဥရောပနယ်ချဲ့များထံမှလွတ်လပ်ရေးရခဲ့ကြသည်။<br>• ဒုတိယကမ္ဘာစစ်အတွင်းဂျပန်တို့၏အုပ်ချုပ်မှုကိုခံခဲ့ရသည်။<br>• မျိုးနွယ်စု၁၀၀ကျော်ရှိသော်လည်း မျိုးနွယ်စုတစ်ခုတည်းကသာ လူဦးရေအများဆုံး ဖြစ်သည်။(မြန်မာပြည်တွင်ဗမာ၄၃%၊ အင်ဒိုနီးရှားတွင် ဂျာဗား၄၈%)*<br>• စစ်တပ်အုပ်ချုပ်မှုကိုခံခဲ့ရပြီး ဒီမိုကရေစီရေးအတွက်ရုံးကန်ခဲ့ရသည်။<br>• မတည်ငြိမ်မှုလူတန်းစားကွဲပြားမှုတို့ကြောင့် နိုင်ငံရေးပြုပြင်ပြောင်းလဲခဲ့ရသည်။<br>• လူမျိုးရေး ဘာသာရေး ခွဲခြားမှုများ နိုင်ငံရေးပဋိပက္ခများကြောင့်မကြေနပ်မှုများ၊ နှိမ်နင်းမှုများ တွေ့ကြုံခဲ့ကြသည်။**<br>• သဘာဝအရင်းအမြစ်များ အတန်အသင့်ရှိသော်လည်း ယင်းတို့ကို ထိရောက်စွာ တိုးချဲ့ရန်အသုံးချရန် စွမ်းရည် ချို့တဲ့ခဲ့သည်။***<br>• ၁၉၉၇ခုနှစ်နှင့်၂၀၀၂ခုနှစ်တို့တွင် ငွေကြေးအကျပ်အတည်းဒဏ်ကိုခံစားခဲ့ကြသည်။<br>• နေဝင်းနှင့်ဆူဟာတို ခေတ်အကုန်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများသည် အရေအတွက်ရော အမျိုးအစားပါ တိုးမြှင့်လာသည်ကို ကြုံတွေ့ခဲ့ကြသည်။ မကြာသေးမီကမှ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတွင် ယင်းတို့သည် အခရာကျလာကြသည်။<br>• အာဏာရှင်အစိုးရပြီးဆုံးသွားချိန်တွင် | • ငွေချေးသူများအစားပြည်သူများကိုဆောင်ရွက်ပေးရန်သမဝါယမများစတင်ပေါ်ပေါက်ခဲ့သည်။<br>• ဥရောပနယ်ချဲ့များနှင့်ရှုပ်ထွေးသောသမိုင်းများရှိခဲ့ပြီးယင်းတို့၏စည်းမျဉ်းများအတိုင်းသမဝါယမကိုစတင်ဖွဲ့စည်းခဲ့သည်။<br>• ဥရောပနယ်ချဲ့များထံမှလွတ်လပ်ရေးရပြီးသောအခါ နိုင်ငံ၏စီးပွားရေးကို တော်လှန်ရေးဆန်ဆန်အသွင်ပြောင်းပြီးသမဝါယမကဏ္ဍတွင် ယခင်ကမကြုံဖူးသော ရည်မှန်းချက်များထားရှိခဲ့ကြသည်။<br>• ၁၉၄၀ပြည့်လွန်နှစ်များအတွင်း အရင်းရှင်များ၏ ဝင်ရောက်စွက်ဖက်မှုကို ဖြေရှင်းရန် သမဝါယမများကို အားပေး မြှင့်တင်ခဲ့သည်။<br>• အစိုးရ၏ စွက်ဖက်မှု ထိန်းချုပ်မှုကိုခံရပြီး သမဝါယမ၏ပုံစံ ပျက်စီးကာ နာမည်ပျက်ခဲ့သည်။<br>• ကျေးလက်တွင် သမဝါယမ အသင်းများအမြောက်အမြားဖွဲ့စည်းရန် အစိုးရက တာဝန်ယူဆောင်ရွက်ခဲ့သည်။<br>• နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကြောင့် ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် ကျေးလက်နေ လူဆင်းရဲများကို ငွေကြေးထောက်ပံ့ပေးရန်ဟူသော မူဝါဒများကို အကောင်အထည်ဖော်မည့် အစိုးရယန္တရားများအဖြစ် သမဝါယမများကို တာဝန်ချထားခြင်း ခံရသည်။ |

| | |
|---|---|
| ပဋိပက္ခများ တိုးပွားလာပြီး နိုင်ငံတော် စည်းလုံးမှုဆိုင်ရာ ပြဿနာများ ကြီးမား ပေါ် ပေါက်လာခဲ့သည်။ | |

* စုန္ဒာဆင်၊ယူ(၁၉၉၅) အင်ဒိုနီးရှား၏စနစ်သစ်၊ မြန်မာနိုင်ငံအတွက်နမူနာဖြစ်မည်လား၊ အာရှသုတေသန ၂၅ ၇၆၈-၇၈၀

** ခွန်း၊အေ(၂၀၁၃) မြ န်မာပြုပြင်ပြောင်းလဲလာသောအခါ၊ အင်ဒိုနီးရှားမှသင်ခန်းစာများ၊ အင်န်ပီအာရ်ထုတ်လွှင့်ချက် http://www.npr.org/blogs/parallels/2013/05/21/185815047/as-myanmar-reforms-indonesnia-offers-some-lessons

*** ဤကျမ်း၆၈

## ၆.၁။ အင်ဒိုနီးရှားသမဝါယမသမိုင်း

### သမဝါယမ၏အမည်ကိုဖျက်ခြင်း

အင်ဒိုနီးရှားသမဝါယမလှုပ်ရှားမှုသည် ၁၈၉၅ခုနှစ်တွင် ပထမဆုံးသမဝါယမဘဏ်ဖြစ်သော `ဟပ်လ်အင် စပါးဘဏ်'ကို ဖွင့်ခြင်းမှစတင်သည်။ ပထမဆုံးစားသုံးသူသမဝါယမအသင်းကို ၁၉၁၀ခုနှစ်တွင် ဖွင့်ခဲ့သည်။ နယ်သာလင်နိုင်ငံ၏ ၁၈၇၆ခုနှစ် သမဝါယမဥပဒေနှင့်ဆင်တူသော စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းလိုက်သော ၁၉၁၅ခုနှစ်တွင် အထက်ပါ သမဝါယမအသင်းများသည် တရားဝင်ဖြစ်သွားကြသည်။ သို့သော်ဒတ်ချ်များ ပြဋ္ဌာန်းလိုက်သော သမဝါယမဥပဒေသစ်သည် သမဝါယမအသင်းများအတွက် ပြဿနာပင်ဖြစ်သည်။ ယင်းဥပဒေသည် သမဝါယမအသင်းများ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို အားမပေးသည့်အပြင် ဒေသခံတို့၏ထုံးစံနှင့် လိုအင်များကိုလည်း အခြေခံမထားသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတွေ့ကြုံခဲ့သကဲ့သို့ အင်ဒိုနီးရှား၏ရှေ့ဦးသမဝါယမများသည်လည်း ဥရောပတိုက်တွင်ကျင့် သုံးခဲ့သော ပုံစံနမူနာများကို အခြေခံထားခဲ့ကြသည်။ စည်းမျဉ်းများကို ဒတ်ချ်ဘာသာနှင့် ရေးသား ထားသည့်အပြင် နိုတြီများကို ဘာသာပြန်ခိုင်းရသည်မှာလည်း ဈေးကြီးလှသည်။ အသင်းထူထောင် ခွင့် များကိုတောင်းခံရသည်မှာလည်း ငွေကုန်ကျေးကျများသည့်အပြင် အချိန်ကြာမြင့်လှသည်။

၁၉၄၅ခုနှစ်တွင် လွတ်လပ်ရေးရပြီးသည်နှင့် အင်ဒိုနီးရှားသမဝါယမအသင်းများကို စီးပွားရေးဖွံ့ဖြိုးရန် အတွက် ဖြစ်နိုင်ခြေအရှိဆုံးသောနည်းလမ်းများဟု ကြော်ငြာခဲ့ကြသည်။ မြန်မာနိုင်ငံမှာကဲ့သို့ပင် အင်ဒို နီးရှားလွတ်လပ်ရေးခေါင်းဆောင် ပထမဆုံးသမ္မတ ဆူကာနိုက အရင်းရှင်ဝါဒကိုရှုတ်ချခဲ့ပြီး၊ မတ်ဝါဒကို အင်ဒိုနီးရှားလူထုဖွံ့ဖြိုးရေးအတွက် အင်အားစုအဖြစ် ရှုမြင်ခဲ့သည်။ နိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေသစ် တွင်လည်း သမဝါယမကို နိုင်ငံတည်ဆောက်ရေး၏ အဓိကမဏ္ဍိုင်၃ရပ်တွင် အပါအဝင်ဖြစ်သည်ဟု ပြဋ္ဌာန်းခဲ့သည်။ ၁၉၄၇ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသမဝါယမညီလာခံကို ကျင်းပခဲ့သည်။

ယင်းညီလာခံမှ အင်ဒိုနီးရှားပြည်သူ့သမဝါယမဗဟိုအသင်းချုပ် (SOKRI)ကို ဖွဲ့စည်းခဲ့သည်။ ယင်းသည် အင်ဒိုနီးရှားသမဝါယမများ၏ ပထမဆုံးနိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။ နောင်တွင် ယင်း၏အမည်ကို 'အင်ဒိုနီးရှားသမဝါယမကောင်စီ' (DEKOPIN) ဟုပြောင်းလဲခဲ့သည်။ ယင်းသည် လက်ရှိ နိုင်ငံတော်အဆင့်သမဝါယမအသင်းပင် ဖြစ်သည်။

၁၉၅၉ခုနှစ်သို့ရောက်သောအခါ အင်ဒိုနီးရှားအစိုးရ၏ဦးဆောင်ဒီမိုကရေစီနှင့် လွှမ်းမိုးလွန်းသော လုပ်ထုံးလုပ်နည်းများကြောင့် သမဝါယမအသင်းများ၏ထိရောက်မှုနှင့် အသင်းသားများ၏ အသက်မွေးမှုတိုးတက်အောင်ဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ အမည်းစက်ထင်လာစေသည်။ 'စနစ်သစ်'အစိုးရလက်ထက်တွင် အင်ဒိုနီးရှားသမဝါယမများသည်လည်း အခြားသော စီးပွားရေးလုပ်ငန်းကဏ္ဍများကဲ့သို့ပင် ပို၍ တင်းကျပ်စွာ အထိန်းချုပ်ခံ အကန့်အသတ်ခံ လာရလေသည်။ ကျေးရွာသမဝါယမ(KUD)များသည် ယခင်က စိုက်ပျိုးရေးသမဝါယမများအဖြစ် အောင်မြင်မှုအသင့်အတင့်ရရှိအောင် လုပ်ဆောင်ခဲ့ကြသော်လည်း ယင်းတို့ကို လုပ်ငန်းပေါင်းစုံသမဝါယမများအဖြစ် အတင်းပြောင်းပစ်ခဲ့ကြသည်။ ထိုမှစ၍ ဤသမဝါယမတစ်မျိုးတည်းသာ ရှိနေတော့သည်။ မြန်မာနိုင်ငံမှာကဲ့သို့ပင် သမဝါယမအသင်းများသည်လည်း အစိုးရက နိုင်ငံတော်ကို ထိန်းချုပ်ရာတွင်သုံးသော ကိရိယာများဖြစ်လာလေသည်။ အသင်းသားအဖြစ် အတင်းဝင်ခိုင်းကြပြီး သမဝါယမအသင်းများသည်လည်း နာမည်ပျက်လာခဲ့သည်။

သမဝါယမဆိုင်ရာဥပဒေများကို ၁၉၆၇ခုနှစ်တွင်လည်းကောင်း ၁၉၉၀ပြည့်လွန် နှစ်များအတွင်းတွင်လည်းကောင်း အကြိမ်ကြိမ်မွမ်းမံခဲ့ကြသည်။ တစ်ကြိမ်ထက်တစ်ကြိမ် လျော့ပေါ့ပေးလာခဲ့သော်လည်း အစိုးရ၏ဦးဆောင်မှုအခန်းကဏ္ဍမှာ အခိုင်အမာရှိနေဆဲပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဆူဟာတို ပြုတ်ကျပြီးနောက် ၁၉၉၈ခုနှစ်တွင် အင်ဒိုနီးရှားသမဝါယမလှုပ်ရှားမှု၏ခေတ်သစ် စတင်ခဲ့လေသည်။

### ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း

၁၉၉၈ခုနှစ်တွင် သမ္မတဟာဘီဘီ[၁]က ညွှန်ကြားချက်တစ်ရပ်ထုတ်ကာ သမဝါယမအသင်းများကို အသင်းများကသာ တာဝန်ယူရန်ဖြစ်ပြီး အစိုးရ၏တာဝန်မဟုတ်ကြောင်းနှင့် KUDပုံစံမဟုတ်သော အခြားသမဝါယမအသစ်များကို မှတ်ပုံတင်ခွင့်ကိုလည်းခွင့်ပြုပေးလိုက်သည်။ သမဝါယမဌာနကိုလည်း လုပ်ငန်းဆောင်ရွက်သောဌာနအဖြစ်မှ သမဝါယမနှင့် SMEများကို မူဝါဒပိုင်းနှင့်ကြပ်မတ်ထိန်းညှိပေးသော ဌာနအဖြစ်သို့ ပြောင်းလဲခဲ့လေသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဒီမိုကရေစီခေတ်သို့ဝင်ရောက်လာသည်နှင့်အညီ လွတ်လပ်စွာသင်းပင်းစုဝေးခွင့်၊ သတင်းစာလွတ်လပ်ခွင့်၊ တက်ကြွသော အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ရပ်တို့ ရှိလာပြီဖြစ်ရာ သမဝါယမတို့ ၁၈နှစ်တာမျှရပ်တည်ခဲ့ရသော ဖိနှိပ်ချုပ်ချယ်ထားသည့် ပတ်ဝန်းကျင်သည်လည်း ပြောင်းလဲရန် အချိန်ကျလာပြီဖြစ်သည်။ ၂၀၀၂ခုနှစ်တွင် ဆူဟာတိုခေတ်နောက်ပိုင်းတွင် ပထမဆုံး

[၁]ဆူဟာတိုကိုဆက်ခံသူ၊အင်ဒိုနီးရှားနိုင်ငံ၏တတိယသမ္မတဖြစ်သည်။၁၉၉၈မှ၁၉၉၉ထိတာဝန်ယူခဲ့သည်။

ရွေးချယ်တင်မြှောက်လိုက်သော အင်ဒိုနီးရှားပါလီမန်သို့ ဥပဒေကြမ်း၃စောင်တင်သွင်းခဲ့၏။[၂] ပထမဥပဒေကြမ်းမှာ ICA စံနှုန်းများကိုအခြေခံကာ ဖွဲ့စည်းထားသော လွတ်လပ်သည့် အသင်းသားများ ထိန်းချုပ်သည့် သမဝါယမများကို အသိအမှတ်ပြုရန်ဖြစ်သည်။ ကျန်၂ခုမှာ အစိုးရအတွင်းရှိ အားပြိုင်နေသော အဖွဲ့အစည်း၂ခုဖြစ်သည့် DEKOPIN နှင့်သမဝါယမဝန်ကြီးဌာနတို့က တင်သွင်းခြင်းဖြစ်သည်။ ဤဥပဒေကြမ်းများသည် ၁၉၉၉-၂၀၀၄ ပါလီမန်သက်တမ်းအတွင်းတွင် ဥပဒေဖြစ်မလာခဲ့ကြသဖြင့်၊ ၁၉၉၂ခုနှစ်သမဝါယမဥပဒေလျှင် အတည်ဖြစ်နေခဲ့သည်။ ၂၀၀၄ခုနှစ်တွင် ပါလီမန်အသစ်တွင်လည်း အစိုးရ၏ပဟိုဦးစီးစနစ်ကို ဖယ်ရှားရန်ကြိုးစားခဲ့ကြပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ၂၀၀၈ခုနှစ်ပါလီမန်သက်တမ်းမကုန်ဆုံးသည်အထိ ဤဥပဒေကြမ်းကို မဆွေးနွေးနိုင်ခဲ့ပေ။

ဒေသတွင်းနှင့်နိုင်ငံတကာ စီးပွားရေးအသွင်အပြင်ပြောင်းလဲတိုးတက်လာမှုကြောင့် အင်ဒိုနီးရှားသမဝါယမအသင်းများသည် ဈေးကွက်ဦးစားပေးအမြင်ဖြင့် တစ်ဖန်ပြန်၍ ဆောင်ရွက်လာကြသည်။ ၂၀၁၂ခုနှစ်နိုဝင်ဘာလ၃၀ရက်နေ့တွင် သမဝါယမဥပဒေအသစ်တစ်ရပ် ထွက်ပေါ်လာသည်။[၃] ဤဥပဒေသစ်၏ အဓိကအချက်မှာ သမဝါယမများတွင် အခြားစီးပွားရေးကဏ္ဍများနှင့်တန်းတူ သတ်မှတ်လိုက်ခြင်းပင် ဖြစ်သည်။ သမဝါယမများကို 'ဥပဒေအဖွဲ့အစည်း'အဖြစ် သတ်မှတ်ထားသည်။ သမဝါယမအသင်းသားတို့၏ အဓိကအခန်းကဏ္ဍကိုမူ ဖော်ပြထားခြင်းမရှိချေ။ အကျိုးအမြတ်ကိုဦးတည်သော အခြားလုပ်ငန်းများကဲ့သို့ပင် သမဝါယမများသည် အစိုးရနှင့်အခြားပြင်ပအရင်းအမြစ်များထံမှ အစုငွေအရင်းအနှီးများကို လက်ခံနိုင်ကြောင်းသတ်မှတ်ထားသည်။ အင်ဒိုနီးရှားနှင့်နိုင်ငံတကာမှ သမဝါယမအကဲခတ်များက ဤသို့ ပြင်ပအစုငွေအရင်းအနှီးကို လက်ခံခွင့်ပြုခြင်းနှင့်ပတ်သက်၍ စိုးရိမ်ကြောင်းကိုဖော်ပြခဲ့ကြသည်။ ယင်းသို့ လက်ခံခြင်းဖြင့် ပြင်ပမှငွေကြေးကြွယ်ဝသူတို့က သမဝါယမများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံကာ အသင်းသားတစ်ဦးချင်းထံမှ ဆုံးဖြတ်ခွင့်များကို လုယူသွားနိုင်မည်ဖြစ်ကြောင်း ထောက်ပြခဲ့ကြသည်။[၄] ထို့အတူ ဤပြဋ္ဌာန်းချက်ကြောင့် သမဝါယမအဆောက်အအုံကို ကုန်စည်များနှင့်ဝန်ဆောင်မှုများဖြန့်ချိရန်အတွက် အသုံးချကာ သမဝါယမများတွင် အစိုးရ၏အခန်းကဏ္ဍကို တစ်ဖန် အခိုင်အမာပြန်လည်တည်ဆောက်လာနိုင်သည်။

---

[၂] ဥပဒေကြမ်းတစ်စောင်ကိုဝန်ကြီးကလည်းကောင်း၊ တစ်စောင်ကိုDEKOPINကလည်းကောင်း၊ ကျန်တစ်စောင်ကို CCA နှင့်ကမ္ဘာ့ဘဏ်အပါအဝင်နိုင်ငံတကာကထောက်ပံ့ထားသော ဒေသခံသမဝါယမများကလည်းတင်သွင်းခဲ့ကြသည်။
[၃] ဥပဒေအမှတ် ၁၇/၂၀၁၂
[၄] ရော်ဘီကူးလပ်စ် ICA၏ အာရှနှင့်ပစ္စိဖိတ်နယ်မြေညွှန်ကြားရေးမှူးဟောင်းနှင့်တယ်လီဖုန်းနှင့်မေးမြန်းချက်(၂၂.၇.၂၀၁၃)

## ၆.၂။ သမဝါယမကဏ္ဍ၏ အခြေခံအဆောက်အအုံ

အင်ဒိုနီးရှားသမဝါယမဝန်ကြီးဌာနသည် သမဝါယမအသင်းများကို ငွေကြေးထောက်ပံ့ခြင်း၊ အမြတ်ငွေ ခွဲဝေပေးခြင်း၊ လေ့ကျင့်ခြင်း၊ နည်းပညာအထောက်အကူပေးခြင်းတို့ဖြင့် အထောက်အပံ့ပြုသည်။[၅] သမဝါယမဌာနနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းဌာနတို့သည် အင်ဒိုနီးရှားသမဝါယမများကို ကြပ်မတ်ထိန်းညှိပေးရန်နှင့် လုပ်ငန်းလည်ပတ်စေရန်အတွက် တာဝန်ရှိကြသည်။ အစိုးရ၏ ဆင်းရဲမွဲတေမှုပပျောက်ရေးအစီအစဉ်သည် အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍမှ အသေးစားလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ပေးရန် ရည်ရွယ်သည်။ ထိုသို့ဖြစ်စေရန်အတွက် သမဝါယမ အသင်းများနှင့် လွတ်လပ်သော စီးပွားရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရမည် ဖြစ်သည်။ ဤအစီအစဉ်ဖြင့် သမဝါယမ အသင်း၃၉၀၀၀ကျော်နှင့် ကျေးရွာသမဝါယမအသင်းသစ် ၈၇၀၀တို့ကို ဖွဲ့စည်းခဲ့သည်။

### ငွေကြေးဆိုင်ရာမဟုတ်သော သမဝါယမများ

၂၀၁၂ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌သမဝါယမအသင်းပေါင်း ၁၄၉၀၀၀ခန့်သည် အသင်းသားဦးရေ ၃၃သန်း( လူဦးရေစုစုပေါင်း၏ ၁၃ရာခိုင်နှုန်း)ကို ကိုယ်စားပြုနေသည်။[၆]အင်ဒိုနီးရှားသမဝါယမစနစ်မှာ အဆင့်သုံးဆင့်ရှိသည်။ DEKOPINသည် ထိပ်တန်းအသင်းဖြစ်ပြီး ယင်းတွင် ပြည်နယ်အများမှ ဒုတိယ အဆင့်သမဝါယမအသင်းများက အသင်းသားများအဖြစ်ပါဝင်ကြသည်။ DEKOPINWIL သည် ပြည်နယ် အဆင့်သမဝါယမကောင်စီဖြစ်ပြီး၊ ယင်းတွင်နယ်မြေအသီးသီး၌ လုပ်ငန်းဆောင်ရွက်နေသော အခြေခံ သမဝါယမများပါဝင်ကြသည်။ DEKOPINDAမှာမူ စည်ပင်သာယာနယ်နိမိတ်တစ်ခုအတွင်းရှိ သမဝါယမ အသင်းများ၏ ခရိုင်သမဝါယမကောင်စီဖြစ်သည်။[၇] DEKOPINကို ၁၉၄၇ခုနှစ်တွင် တည်ထောင်ခဲ့ရာ ယင်းလက်အောက်တွင် အမျိုးသားအဆင့်သမဝါယမအသင်း၆၀နှင့် ပြည်နယ်အဆင့်သမဝါယမအသင်း ၃၃သင်းတို့ ပါဝင်ကြသည်။

### ငွေကြေးဆိုင်ရာ သမဝါယမ အသင်းများ

အင်ဒိုနီးရှား ငွေချေးသူများအဖွဲ့ချုပ်(CUCO)သည် နိုင်ငံ၏အမြင့်ဆုံးငွေချေးသမဝါယမအသင်းဖြစ်သည်။ ဆယ်စုနှစ်သုံးခုကျော်အတွင်း အသင်းသားများက စီမံအုပ်ချုပ်သော ငွေချေးအသင်းစုများသည် အရေအတွက်ရောအင်အားတွင်ပါ တိုးတက်ခဲ့သည်။ ယင်း၏ဖွံ့ဖြိုးမှုသည် မဏ္ဍိုင်သုံးရပ်ပေါ်တွင် အခြေခံသည်။ ယင်းတို့မှာ ကိုယ်အားကိုယ်ကိုးခြင်း၊ ငွေကြေးဆိုင်ရာတွင်လွတ်လပ်ခြင်း၊ ပညာပေးခြင်းတို့ဖြစ်သည်။

---

[၅] ICA အာရှနှင့်ပစိဖိတ်နယ်မြေစားသုံးသူ သမဝါယမအသင်းများကော်မတီ(၂၀၁၂)၊ မြန်မာ-စားသုံးသူသမဝါယမအသင်းများ၏စိတ်ဝင်စားဖွယ်အကောင်းဆုံး၊ http://www.eurocoop.coop/en/publications/reportsmemos/508-the-present-status-of-consumer-cooperatives-in-asia-and-the-pacific-2012 မှထုတ်ယူသည်။

[၆] အထက်ပါ

[၇] အထက်ပါ

ငွေချေးအသင်းစုများ၏လုပ်ဆောင်ချက်ကို ကျေးလက်ဒေသနှင့်ဝေးလံသောကျွန်းများတွင် ထင်ရှားစွာ တွေ့ရသည်။ ယင်းဒေသတို့တွင် ငွေကြေးဝန်ဆောင်မှုများရရန်မလွယ်ကူပါ။ အပေါင်ပစ္စည်းမရှိသဖြင့် ဘဏ်ချေးငွေမရရှိနိုင်သူများကို ငွေချေးအသင်းစုများက ငွေကြေးရရှိစေနိုင်ခဲ့သည်။ ၁၉၇၁ခုနှစ်တွင် ဂျာကာတာမြို့ပတ်ဝန်းကျင်ရှိ စမ်းသပ်နယ်မြေများတွင် စနစ်ကျသော ငွေချေးအသင်းစုအဖြစ် စတင်ခဲ့ရာမှ အသင်းသား၂သန်းကျော်ရှိသော ငွေချေးအသင်းစု၉၃၀ရှိနေပြီး ပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁.၆၈၃ဘီလျံရှိနေပြီဖြစ်သည်။[၈] ငွေချေးအသင်းစုများသည် အစိုးရထံမှ ငွေကြေးအထောက်အပံ့ကို လက်မခံပါ။ သို့သော် အင်ဒိုနီရှားငွေချေးအသင်းစုများသည် LPDBထံမှ ချေးငွေများကို လက်ခံပြီး ကျေးလက်ဒေသများတွင် ဖြန့်ဝေပေးရန် အစိုးရ၏ဖိအားပေးခြင်းကိုခံနေရသည်။[၉]

## ၆.၃။ အင်ဒိုနီးရှားနိုင်ငံမှ သင်ခန်းစာများ

၁။ သမဝါယမများကို အစိုးရနှင့်အဆက်ဖြတ်ခြင်းမှာ ကြာရှည်သောလုပ်ငန်းစဉ်ဖြစ်သည်။ အစိုးရထံမှ လွတ်လပ်ခွင့်နှင့်လုပ်ပိုင်ခွင့်ကို ထူထောင်ရန်မှာ နှစ်များစွာအချိန်ယူရန်၊ သမဝါယမအသင်းများတွင် တည်တံ့သော ခေါင်းဆောင်မှုရှိရန်၊ အစိုးရကလိုလိုလားလားရှိရန်လိုအပ်သည်။

၂။ သမဝါယမဥပဒေပြုပြင်ရန်မှာ ဗဟိုဦးစီးစနစ်ကို ဖျက်သိမ်းခြင်း ငွေကြေးဆိုင်ရာ ကြပ်မတ်ထိန်းညှိခြင်းအပါအဝင် အခြားဒီမိုကရေစီဆိုင်ရာပြုပြင်မှုများနှင့် တစ်ပြေးညီဖြစ်ရန်လိုအပ်သည်။ ဒေသဆိုင်ရာအစိုးရများသို့ ဒီမိုကရေစီအာဏာ၊ အရင်းအမြစ်များ၊ သြဇာများလွှဲပြောင်းပေးအပ်လာသည်နှင့် အမျှ သမဝါယမ၏အခန်းကဏ္ဍကို ယင်းတို့နားလည်သဘောပေါက်မှုကို ပြန်လည်ချိန်ညှိရန်နှင့် ယင်းတို့၏ကြပ်မတ်ထိန်းညှိမှုတို့ကို ပြောင်းလဲရန်လိုအပ်လာသည်။

၃။ သမဝါယမဥပဒေပြုပြင်ရန်မှာ အချိန်များစွာကြာပြီး သမဝါယမကဏ္ဍအတွင်းမှဖြစ်စေ အပြင်မှဖြစ်စေ ပြိုင်ဘက်များက အတင်းအကြပ်ပါဝင်စေခြင်းများလည်း ရှိလာနိုင်သည်။ နိုင်ငံရေးကြောင့် အစိုးရများသည် သမဝါယမကို မျက်စိကျလာနိုင်သည်။ အသင်းသားများ၏ အကျိုးစီးပွားသည်သာ သမဝါယမတို့၏ အဓိကအလေးထားစရာ ဖြစ်နေစေရမည်။

၄။ သမဝါယမပြုပြင်ပြောင်းလဲရေးဆောင်ရွက်လိုသော ဆန္ဒနှင့်စိတ်ဝင်စားမှုတို့သည် လွတ်လပ်မှုနှင့် လုပ်ပိုင်ခွင့်ရှိသော သမဝါယမများဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများနှင့်ထပ်တူညီရန် မလိုအပ်ပေ။ သမဝါယမများသည် အသင်းသားများပိုင်ဆိုင်သော အသင်းသားများကထိန်းချုပ်နေသော စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း အချိန်ကြာမှသာ သိနားလည်လာကြမည်ဖြစ်သည်။ မိမိအသင်းသားများ၏လိုအင်ကို ဆောင်ရွက်ပေးနေခြင်းအား နောင့်ယှက်ရာကျမည့် ရည်ရွယ်ချက်များဖြင့် အစိုးရနှင့် အခြားအဖွဲ့အစည်းများသည် သမဝါယမများသို့ ချဉ်းကပ်လာနိုင်သည်။

---

[၈] ကမ္ဘာ့ချေးငွေအဖွဲ့ချုပ် (WOCCU ) အင်ဒိုနီးရှားဟုမ်းပေ့ဂျ့Retrieved from http://www.woccu.org/about.
[၉] Op Cit 66.

## ၇။ မြန်မာနိုင်ငံသမဝါယမများ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ ခြိမ်းခြောက်မှုတို့ဆိုင်ရာ သုံးသပ်ချက်။

ဇယား(၇)သနလခသုံးသပ်ချက်

| အားသာချက် | အခွင့်အလမ်း |
|---|---|
| • လုပ်ငန်းဆောင်ရွက်နေသောသမဝါယမများအတွင်း ယုံကြည်မှုတည်ဆောက်ထားကြခြင်း<br>• အခြေခံသမဝါယမများတွင်အသင်းတွင်းထိန်းချုပ်မှုရှိနေပြီးပုံမှန်စာရင်းစစ်ခြင်းဖြင့်သမဝါယမအလေ့အကျင့်များကိုမြှင့်တင်ပေးလျက်ရှိခြင်း။<br>• အချို့အခြေခံအသင်းများ၏ အသင်းသားနှင့် အမှုဆောင်အဖွဲ့တို့တွင်အမျိုးသမီးများပါဝင်မှုများပြားခြင်း<br>• တည်ရှိပြီးသင်တန်းဌာနများမှာတစ်ဆင့်လေ့ကျင့်ရေးနှင့်ဝန်ဆောင်မှုတိုးချဲ့ခြင်းကိုဆောင်ရွက်နိုင်ခြင်း<br>• ဗဟိုသမသည်ထိရောက်သောသမဝါယမပုံစံများကိုပေးနိုင်သောနိုင်ငံတကာအဖွဲ့အစည်းများနှင့်အဆက်အသွယ်များရှိခြင်း။<br>• ပြောင်းလဲနေသောဈေးကွက်၏တောင်းဆိုချက်ကိုဖြည့်ဆည်းနိုင်ရန်သမဝါယမပုံစံသစ်များကိုဗဟိုသမနှင့်အခြားအသင်းစုခေါင်းဆောင်များကရှာဖွေနေကြခြင်း။<br>• နိုင်ငံဖွံ့ဖြိုးရေးစီမံချက်များတွင်သမဝါယမကိုလည်းထည့်သွင်းလက်ခံထားခြင်း။ | • အာဏာရှင်စနစ်မှပြောင်းလဲလာသောလူ့အဖွဲ့အစည်းများတွင်တွေ့ရန်ခဲယဉ်းသောယုံကြည်မှုကိုလုပ်ငန်းဆောင်ရွက်နေသောသမဝါယမများတွင်တွေ့ရှိနေခြင်း။<br>• ဝန်ကြီးအဖွဲ့ကအတည်ပြုရန်ရေးဆွဲနေသောသမဝါယမဥပဒေအသစ်သည်လွတ်လပ်သောလုပ်ပိုင်ခွင့်ရှိသည့်သမဝါယမများကို ဖြစ်ပေါ်စေနိုင်ခြင်း၊ သမဝါယမ၏အမည်ကိုအားသစ်လောင်း ပေးနိုင်ခြင်း။<br>• သမဝါယမကဏ္ဍတွင်အရင်းအမြစ်များကိုဖြည့်သွင်းပေးလိုခြင်းကြောင့်သမဝါယမအတွင်းအပြောင်းအလဲလိုအပ်နေကြောင်းအသိအမြင်ကို ဖြစ်ပေါ်စေခြင်း။<br>• သမဝါယမများနှင့်ထိတွေ့လုပ်ဆောင်လိုသောနိုင်ငံတကာအသိုက်အဝန်းရှိနေခြင်း။<br>• သမဝါယမပုံစံသည်အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုကိုကိုင်တွယ်ခြင်း။<br>• သမဝါယမများအထူးသဖြင့်ယုံကြည်မှုတည်ဆောက်ထားသောသမဝါယမများသည်လူပုဂ္ဂိုလ်တစ်ဦးချင်းထံသို့လက်လှမ်းမီမှုရှိခြင်း။ |
| | |
| **အားနည်းချက်** | **ခြိမ်းခြောက်မှု** |
| • နာမည်ပျက်မှုရှိခဲ့ခြင်း။<br>• လက်ရှိသမဝါယမဥပဒေသည်အစိုးရနှင့်သမဝါယမကိုပေါင်းယှက်နေခြင်း။<br>• အသင်းသားတို့၏လိုအင်ဖြည့်ဆည်းနိုင်စွမ်းကိုမြှင့်တင်ပေးသောဝန်ဆောင်မှုများ အသင်းသားများ | • အစိုးရကအလွန်အမင်းပါဝင်ပတ်သက်မှုသည်နာမည်ပျက်မှုကိုမဖြေရှင်းနိုင်ခြင်း။<br>• သမဝါယမပုံစံကိုအစိုးရကအလွန်မျှော်လင့်ထားခြင်းကြောင့်ပုံစံကိုစွန့်ပစ်သွားခြင်း၊ စိတ်ပျက်သွားခြင်း။<br>• အစိုးရနှင့်အခြားပြင်ပရင်းမြစ်ထံမှငွေအမြောက် |

| | |
|---|---|
| ၏ထည့်ဝင်ငွေများဖြင့်မဟုတ်ဘဲ ဥပဒေများ ချေးငွေ စီးဆင်းမှုလမ်းကြောင်းများနှင့် နှောင်ဖွဲ့ထားသော အသင်းသားပိုင်ဆိုင်မှုအနည်းငယ်သာရှိသော သမဝါယမဖွဲ့စည်းမှု။<br>• သမဝါယမကဏ္ဍအတွင်းတွင် ခေတ်မီသမဝါယမ အလေ့အကျင့်များ အသိအမြင်နည်းပါးခြင်း။<br>• လက်ရှိသမဝါယမများ၏ ခိုင်မာသော အချက်အလက်များမရှိခြင်း။<br>• သမဝါယမများတွင် ခေတ်မီသတင်းအချက်အလက်နည်းပညာမရှိခြင်း။<br>• ဈေးကွက်စီးပွားရေးစနစ်အတွင်းတွင်သမဝါယမများ ရပ်တည်နိုင်မနိုင် မရှင်းလင်းခြင်း။ | အမြားဝင်လာမှုကအသင်းသားများ၏ယုံကြည်မှုနှင့် တာဝန်ရှိမှုတို့ကိုအားနည်းပပျောက်စေခြင်း။<br>• ကြပ်မတ်ထိန်းညှိရန်တာဝန်များရှုပ်ထွေးခြင်း၊မပြတ်သားခြင်းကြောင့်သမဝါယမစနစ်အတွင်းအားနည်းချက်များကို ဖြစ်စေခြင်း။<br>• နိုင်ငံတကာအသိုင်းအဝန်းကတစ်ယောက်တစ်ပေါက်ထောက်ပံ့မှုကြောင့်အဆက်အစပ်မဲ့သောသမဝါယမအစီအမံများ၊သမဝါယမအသင်းအချင်းချင်းသွေးဖည်မှုများဖြစ်စေခြင်း။<br>• ဦးတည်ချက်ချင်းမတူညီမှုကြောင့်သမဝါယမအဖွဲ့အစည်းအတွင်း ကွဲပြားမှုဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသမဝါယမပုံစံကိုထိရောက်စွာမပြောင်းလဲနိုင်ခြင်း။<br>• ဈေးကွက်စီးပွားရေးစနစ်အတွင်းပုဂ္ဂလိကကဏ္ဍ၏လွှမ်းမိုးမှုကို ခံရခြင်း။<br>• သမဝါယမအသင်းများနှင့် အသေးစားငွေကြေးဌာနများကိုကြပ်မတ်ထိန်းညှိခြင်းနှင့်ပတ်သက်၍ မရှင်းလင်းခြင်း |

# ၈။ မူဝါဒဆိုင်ရာအကြံပြုချက်များ

ဤစာတမ်း၏ရည်ရွယ်ချက်မှာ အထူးသဖြင့် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု အပါအဝင်ဖြစ်သောLIFT၏ စီမံကိန်းများနှင့် သမဝါယမဖွံ့ဖြိုးမှုတို့ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့်ပတ်သက်၍ မူဝါဒဆိုင်ရာအကြံပြုချက်များကို LIFTသို့ တင်ပြရန်ဖြစ်ပါသည်။ သမဝါယမဟူသည် အသင်းသားများကပိုင်ဆိုင်ကြသော၊ ဒီမိုကရေစီနည်းကျလည်ပတ်နေသော၊ ဓနအင်အားကိုဖန်တီးနေသော၊ ခွဲဝေနေသော စီးပွားရေးလုပ်ငန်းများ ဖြစ်ကြသောကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျော့ပါးရေးကို အကျိုးပြုနေကြပါသည်။ အကြံပြုချက်များသည် ဇယား(၄)တွင်ဖော်ပြထားသော တွေ့ရှိချက်များကို အခြေပြုထားပါသည်။ ထို့ပြင်၂၀၁၂ခုနှစ်ဖွန်လတွင်ထုတ်ဝေသော LIFT၏မဟာဗျူဟာစာတမ်းမူကြမ်းနှင့်လည်း ချိတ်ဆက်ထားပါသည်။ မြန်မာနိုင်ငံတွင်ရေရှည်တည်တံ့သော သမဝါယမကဏ္ဍကို ဖန်တီးမည့် ရေရှည်ရည်ရွယ်ချက်ကို ထင်ဟပ်အောင် အကြံပြုချက်များကို တင်ပြထားပါသည်။ ထို့ပြင် သမဝါယမဖွံ့ဖြိုးမှုကို အကျိုးသက်ရောက်စေသောကြောင့် LIFTက ယင်း၏အစီအစဉ်များတွင် အားဖြည့်ဆောင်ရွက်နိုင်မည့် ရေတိုအစီအမံများကိုလည်း တင်ပြထားပါသည်။

ဇယား(၈)၊ တွေ့ရှိချက် အကျဉ်းချုပ်

| | |
|---|---|
| တွေ့ရှိချက်၁ | မြန်မာနိုင်ငံ၏သမဝါယမသမိုင်းသည် သမများကို မကောင်းမြင်စေရန်ဖန်တီးခဲ့သည်။ |
| တွေ့ရှိချက်၂ | ၁၉၉၂ခုနှစ်တွင်သမဝါယမဥပဒေသည်အထက်မှအောက်သို့အဆင့်ဆင့်သမဝါယမဖွဲ့စည်းမှုကိုဖန်းတီးခဲ့သည်။ ဒုတိယ၊ တတိယ၊ ထိပ်တန်းအသင်းတို့တွင် ပိုင်ဆိုင်မှုသဘောထားအနည်းငယ်သာရှိသည်။ |
| တွေ့ရှိချက်၃ | မြန်မာနိုင်ငံ၏သမဝါယမများသည် လွတ်လပ်မှုမရှိသော သို့မဟုတ် လုပ်ပိုင်ခွင့်မရှိသော စီးပွားရေးအဖွဲ့များ ဖြစ်ကြသည်။ ၁၉၉၈ခုနှစ်နည်းဥပဒေသည် အစိုးရနှင့်သမဝါယမကဏ္ဍကိုပေါင်းယှက်ပေးထားသည်။ |
| တွေ့ရှိချက်၄ | ဆင်းရဲမှုကိုလျှော့ချရန်နှင့် MFIများကို ပိုမိုထိုးဖောက်ဝင်ရောက်စေရန်အတွက် တစ်ရွာလျှင်သမဝါယမတစ်သင်းနှုန်းဖြင့် တစ်နှစ်လျှင်သမဝါယမအသင်းသစ် ၅၀၀၀ကို ဖွဲ့စည်းရန် မြန်မာနိုင်ငံအစိုးရကရည်ရွယ်သည်။ |
| တွေ့ရှိချက်၅ | ငွေကြေးဆိုင်ရာသမဝါယမများ၊ အသေးစားငွေကြေးလုပ်ငန်းကိုဆောင်ရွက်နေသော ငွေကြေးဆိုင်ရာသမဝါယမများ၊ MFIလိုင်စင်များရယူထားသော သမဝါယမများကို ကြီးကြပ်ပုံများမှာ ပြတ်သားမှုမရှိပါ။ ဤအချက်သည် သမဝါယမရေရှည်ဖွံ့ဖြိုးမှုကို အဟန့်အတားပြုနိုင်သည်။ |
| တွေ့ရှိချက်၆ | လက်ရှိသမဝါယမများကိုသမဝါယမဦးစီးဌာန၏ ကြပ်မတ်ထိန်းညှိပုံမှာ ကြိုတင်တွက်ဆ၍ရသော အနေအထားဖြင့်ဖြစ်သည်။ |
| တွေ့ရှိချက်၇ | မြန်မာ့သမဝါယမအရာရှိများသည် သမဝါယမ၏နာမည်ပျက်မှုကိုသိရှိကြပြီး ယင်းကိုပြောင်းလဲရန်မှာဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကိုပြောင်းလဲရန်လိုအပ်ကြောင်း သိရှိကြသည်။ |

| | |
|---|---|
| တွေ့ရှိချက်၈ | သမဝါယမအသိအမြင်ကို ဖြန့်ဖြူးပေးမည့်ဌာနများ မြန်မာနိုင်ငံတွင်ရှိကြသော်လည်း ခေတ်မီသမဝါယမဆိုင်ရာ အသိအမြင်များကို ဖြန့်ဖြူးပေးမည့်သူနည်းပါးခြင်း။ |
| တွေ့ရှိချက်၉ | ဗဟိုသမဝါယမအသင်းသည် မြန်မာနိုင်ငံအစိုးရ၏သမဝါယမဆိုင်ရာ ကိရိယာတစ်ခု ဖြစ်သော်လည်း အစိုးရနှင့် အနောင်အတွယ်များမှာ အားလျော့လျက်ရှိခြင်း။ |
| တွေ့ရှိချက်၁၀ | ဗဟိုသမ၏အသေးစားငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် အသေးစားငွေကြေး ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် အညီဆောင်ရွက်နေသည်ဟု ထင်မြင်ရခြင်း။ |
| တွေ့ရှိချက်၁၁ | သမဝါယမအလေ့အကျင့်များကို ခေတ်မီအောင်ဆောင်ရွက်လိုစိတ် ဗဟိုသမတွင်ရှိ ခြင်း။ |
| တွေ့ရှိချက်၁၂ | မြန်မာနိုင်ငံသမဝါယမအသင်းများ၏အရေအတွက်နှင့်အဆင့်အတန်းဆိုင်ရာစာရင်းအင်း ကိန်းဂဏန်းများတွင် မတိကျမှုများပါဝင်ဖွယ်ရှိခြင်း။ |
| တွေ့ရှိချက်၁၃ | ကိန်းဂဏန်းများသည် တိကျမှန်ကန်သည်ဆိုပါက၊ သမဝါယမများမှတစ်ဆင့် ငွေကြေး ဆိုင်ရာအားလုံးပါဝင်စေမှုအစီအမံများကိုပျံ့နှံ့အောင် ဆောင်ရွက်နိုင်ဖွယ်ရှိခြင်း။ |
| တွေ့ရှိချက်၁၄ | အခြေခံသမဝါယမများတွင် အသင်းသားအချင်းချင်းယုံကြည်မှု၊ လုပ်ငန်းနှင့်အသုံးစရိတ် တို့ကို အသင်းတွင်းထိန်းချုပ်မှုရှိကြခြင်း။ သို့သော်လက်ရှိအနေအထားတွင် အခြေခံ သမဝါယမအသင်းများသည် ဈေးကွက်စီးပွားရေးနှင့်မဆီလျော်ကြခြင်း။ |
| တွေ့ရှိချက်၁၅ | နိုင်ငံတကာမှမြန်မာနိုင်ငံသမဝါယမဖွံ့ဖြိုးမှုအတွက်အထောက်အပံ့ပေးမှုသည် စတင်ခါစ အခြေအနေတွင်သာရှိနေပြီး ညှိနှိုင်းမှုများလည်းမရှိကြခြင်း။ |

မကြာသေးမီကပြုလုပ်သော ကနေဒါနိုင်ငံ နိုင်ငံခြားရေးနှင့်ဖွံ့ဖြိုးမှုဝန်ကြီးဌာနအတွက် ဆောင်ရွက်ခဲ့သည့် အကျိုးသက်ရောက်မှုသုံးသပ်ချက်တစ်ရပ်တွင်လေ့လာခဲ့သော နိုင်ငံသုံးနိုင်ငံ၏သမဝါယမလှုပ်ရှားမှုကို အောင်မြင်စေသော အကြောင်းရင်းများတွင်အောက်ပါတို့ပါဝင်ကြောင်းတွေ့ရှိရသည်-

- ထိရောက်တည်တံ့သည့်ခေါင်းဆောင်မှု၊
- ထိရောက်သောအမှုဆောင်အဖွဲ့ခေါင်းဆောင်မှု၊
- စွမ်းဆောင်နိုင်သော စီးပွားရေးနှင့်တရားဥပဒေ ပတ်ဝန်းကျင်၊
- ပြည်တွင်း/ပြည်ပအထောက်အပံ့၊
- လူထု၏ဘုံလူမှုစီးပွားလိုအင်များ၊
- ပိုင်ဆိုင်မှုသဘောထားရှိသည့် ကော်မတီဝင်များ၊
- နိုင်ငံရေးတည်ငြိမ်မှုနှင့် ဆိုးရွားသောလူမှုရေး ပဋိပက္ခကင်းမှု၊
- လိုအင်များမပြည့်မီမှုကို တုံ့ပြန်သည့် အပြန်အလှန် (အထက်မှအောက်၊အောက်မှအထက်) မောင်းနှင်အားများ၊
- အစိုးရနှင့်ရပ်ရွာအသိုက်အဝန်း၏အခိုင်အမာထောက်ခံမှု၊
- စွမ်းဆောင်နိုင်သောစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု၊

- ဈေးကွက်ဦးတည်သော စီးပွားရေး အလေ့အကျင့်များ[၁] ၊

ဤသည်တို့သည် မြန်မာနိုင်ငံနှင့်ဆီလျော်ပြီးအသုံးပြုနိုင်ပါသည်။

**အကြံပြုချက်၁။ သမဝါယမဥပဒေကို ပြင်ဆင်သည့် လုပ်ငန်းစဉ်တွင် အချိန်ယူပါဝင်ဆောင်ရွက်ရန်**

ထုတ်လုပ်မှုနှင့်ရိတ်သိမ်းချိန်လွန်နည်းပညာများကို တိုးတက်ကောင်းမွန်စေခြင်းနှင့် သွင်းအားစုများနှင့် ဈေးကွက်တို့ကို ပိုမိုလက်လှမ်းမီစေရန်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုနှင့်ဝင်ငွေတိုးတက်များပြား စေရန်[၂] ဟူသော LIFT၏မျှော်မှန်းရလဒ်(၁) အကောင်အထည်ပေါ်စေရန်အတွက် ကျေးလက်နေထုတ် လုပ်သူများကို စည်းရုံးကူညီရာတွင် သမဝါယမတို့က ထိရောက်စွာပါဝင်နိုင်ရေးအတွက် သမဝါယမ ဥပဒေဘောင်အသစ်တစ်ခု လိုအပ်လျက်ရှိသည်။ လာလတ့ံသော အပြောင်းအလဲများနှင့် ယင်းအပြောင်း အလဲတို့သည် သမဝါယမဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့် LIFTကထောက်ပံ့နေသော စီမံချက်များသို့ မည်သို့အကျိုးသက်ရောက်မှုရှိမည်ကို LIFTကသတိမူရန်လိုအပ်သည်။ ဤလုပ်ငန်းစဉ်တွင်အချိန်ယူ ပါဝင်ဆောင်ရွက်ခြင်းသည် LIFTက ထုတ်ပြန်ထားသော -`LIFT၏လှုပ်ရှားမှုများသည် အစိုးရ၏ ဦးစားပေးကိစ္စများနှင့် ဆီလျော်မှုရှိစေရန်အတွက် ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များနှင့် ဆက်ဆံ ရေးတည်ဆောက်ရန်'[၃] ဟူသည့် ရည်ရွယ်ချက်နှင့်တစ်ပြေးညီဖြစ်ပါသည်။ ဤသို့ထိတွေ့ဆောင်ရွက်မှု သည် အသွင်အမျိုးမျိုးဖြင့်ရှိနိုင်ပါသည်။ LIFTအစီအစဉ်ဝန်ထမ်းများနှင့် ဗဟိုသမဝါယမ၊ သမဝါယမ ဝန်ကြီးဌာနတို့ ပုံမှန်ညှိနှိုင်းတိုင်ပင်ကြရန် စီမံခြင်းမှသည် အဆိုပြုမည့်ဥပဒေသည် လုပ်ပိုင်ခွင့်ရှိသော အသင်းသားပိုင်သမဝါယမများကို ဖြစ်ထွန်းစေမည့် ဥပဒေဆိုင်ရာအစီအစဉ်များ (ဥပမာ။ မူဝါဒဆိုင်ရာ၊ လေ့လာရေးခရီးစသည်)တို့အတွက် ရန်ပုံငွေထောက်ပံ့ခြင်းအထိ ပါဝင်နိုင်သည်။ မြန်မာနိုင်ငံ၏ပုဂ္ဂလိက ကဏ္ဍမှာ တိုးတက်ပြောင်းလဲနေပြီဖြစ်ရာ သမဝါယမဆိုင်ရာ အစိုးရ၏မူဝါဒများသည်လည်း တိုးတက် ပြောင်းလဲရန်လိုအပ်ပါသည်။ ဈေးကွက်စီးပွားရေးများစနစ်များတွင်ရှိသော သမဝါယမများနှင့် အထက် တန်းအစိုးရအရာရှိကြီးများကို ထိတွေ့ပေးပါက ဤသုံးသပ်ချက်ကိုထောက်ခံနိုင်ပါမည်။ သမဝါယမမူဝါဒ ကို ပြန်လည်သုံးသပ်ရာတွင် နိုင်ငံတကာသမဝါယမပါရဂူများ၏ အကြံဉာဏ်နှင့် ဆွေးနွေးလမ်းညွှန်မှု ကိုလည်း ထည့်သွင်းသင့်ပါသည်။

**အကြံပြုချက်၂။ ငွေကြေးဆိုင်ရာသမဝါယမများနှင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတို့ကို ခွဲခြား ကြပ်မတ်ထိန်းညှိရန်**

မြန်မာနိုင်ငံ၏ငွေကြေးဆိုင်ရာ ကြပ်မတ်ထိန်းညှိသည့်အဖွဲ့အစည်းသည် နိုင်ငံတကာမှ ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို အခြေခံကာဆောင်ရွက်သင့်သည်။ သို့မှသာ လျှင် ငွေကြေးဆိုင်ရာသမဝါယမအသင်းများ၏ ထူးခြားသောအနေအထားနှင့် လိုက်လျောညီထွေဖြစ်

[၁] ကာပရာနိုင်ငံတကာအဖွဲ့အစည်း (ထုတ်ဝေရက်စွဲ ၂၀၁၃ ခု စက်တင်ဘာလ)

[၂] Op Cit 81, p.1.

[၃] အထက်ပါ

မည့်အပြင် ယင်းတို့ကို ငွေကြေးဆိုင်ရာအားလုံးပါဝင်စေမှုနှင့်သက်ဆိုင်သော ယန္တရားတစ်ရပ်အဖြစ် အထောက်အကူပြုပေးနိုင်မည် ဖြစ်သည်။ ဤနယ်ပယ်တွင်ပါဝင်ဆောင်ရွက်ခြင်းသည် LIFTက ထောက်ပံ့ပေးသည်ထက် ကျော်လွန်အောင်ရပ်တည်နိုင်ကြောင်းပြသနိုင်သည့် ငွေကြေးဌာနများကို ထောက်ပံ့ရန်နှင့်'အသေးစားငွေကြေးလုပ်ငန်းမူဝါဒကို ပြောင်းလဲရေးတွင်ထောက်ခံရန်'[9] ဆိုသော LIFT၏ရည်ရွယ်ချက်များနှင့် တစ်ပြေးညီဖြစ်ပါသည်။ လောလောဆယ်အခြေအနေတွင် ကြပ်မတ်ထိန်းညှိရန်တာဝန်ကို MMSEနှင့် သမဝါယမဦးစီးဌာနတို့ကို ခွဲဝေပေးထားသည်။ LIFT၏ရေတိုအစီအစဉ်များတွင် သမဝါယမဥပဒေ သို့မဟုတ် ဗဟိုဘဏ်ဥပဒေနှင့်ပတ်သက်၍ LIFTကသော်လည်းကောင်း မိတ်ဖက်များကသော်လည်းကောင်း မူဝါဒအဆင့်ဆွေးနွေးလျှင် ငွေကြေးဆိုင်ရာသမဝါယမများကို ကြပ်မတ်ထိန်းညှိရေးဆိုင်ရာများကိုပါ ထည့်သွင်းဆွေးနွေးရန် သတ်မှတ်ထားသည်။ ထို့အတူ MMSEနှင့် အခြားကြပ်မတ်ထိန်းညှိသူများကို စွမ်းရည်မြှင့်တင်သည့်သင်တန်းများပေးရာတွင် ငွေကြေးဆိုင်ရာသမဝါယမများ၏ထူးခြားသောသဘာဝဆိုင်ရာ သင်ခန်းစာများကို ထည့်သွင်းနိုင်သည်။

ငွေကြေးဆိုင်ရာသမဝါယမများအတွက် ဥပဒေပြုရာတွင် လိုင်စင်ချပေးခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာလိုအပ်ချက်များ (သမဝါယမမှုများ၊ စံပြုထားသောစာရင်းထိန်းသိမ်းနည်းနှင့်အစီရင်ခံနည်းများ၊ ပြင်ပစာရင်းစစ်၊ ငွေအရင်းအနှီးလုံလောက်မှု၊ ကြွေးဆုံးခြင်းအတွက်ကြိုတင်ပြင်ဆင်ချက်များ၊ လုပ်ငန်းဖျက်သိမ်းခြင်းဆိုင်ရာစံများ၊ အသင်းတွင်းထိန်းချုပ်မှုများ၊ ချေးငွေကောက်ခံမှုနှင့်စုငွေဆိုင်ရာမူဝါဒများ)၊ငွေအရင်းအနှီး၊ လုပ်ပိုင်ခွင့်အာဏာသတ်မှတ်ချက် နှင့် ခွင့်ပြုနိုင်သောလုပ်ဆောင်မှုများ၊ ထိရောက်သည့် ကြီးကြပ်အဖွဲ့များ၊ အုပ်ချုပ်မှုဆိုင်ရာမှုများ၊ အသင်းသားများ၏စုငွေနှင့် ချေးငွေကန့်သတ်ချက်များ၊ မှတ်တမ်းထိန်းသိမ်းမှုနှင့်ငွေကြေးခဝါချမှုဆိုင်ရာမူဝါဒများ၊ စုငွေအာမခံချက်စသည်တို့ကို ထည့်သွင်းစဉ်းစားရပါမည်။ ဤအစီရင်ခံစာတွင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအတွက် လိုအပ်ချက်များကို တင်ပြရန်မကြိုးစားပါ။ မည်သို့ပင်ဖြစ်စေ ကြပ်မတ်ထိန်းညှိသူများ ဥပဒေပြုသူများက အထက်ပါအချက်တိုင်းကို မလိုအပ်ဟု ထင်မြင်နိုင်ပါသည်။

ဗဟိုသမသည် သမဝါယမကို ကိုယ်စားပြုလုပ်ငန်းရော အသေးစားငွေကြေးလုပ်ငန်းခွဲတွင်ပါ တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။ ဗဟိုသမသည် ဤလုပ်ငန်းနှစ်ရပ်လုံး၏ ခက်ခဲနက်နဲကို နားလည်နိုင်စွမ်းရှိကြောင်းကို အသိအမှတ်ပြုရပါမည်။ သို့သော် နိုင်ငံတကာလုပ်ငန်းဆောင်ရွက်မှုအလေ့အကျင့်ကောင်းများကို ပေါင်းစပ်ကျင့်သုံးရန်မှာ ကျွမ်းကျင်သူတို့၏ အကြံဉာဏ်ကို လိုအပ်ပါသည်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပြုခြင်း နှင့် ကြပ်မတ်ထိန်းညှိခြင်းတို့ကို လျော်ကန်စွာ ခွဲခြားသိမြင်ရန် ဆက်လက်အားထုတ်ကြရန် လိုအပ်ပါသည်။

[9] အထက်ပါ

**အကြံပြုချက်၃။ LIFT အစီအစဉ်တွင် ပါဝင်နေသော လက်ရှိသမဝါယမအသင်းများ၏ အခန်းကဏ္ဍကို ပိုမိုနားလည်နိုင်ရန်။**

မြန်မာနိုင်ငံရှိ သမဝါယမအသင်းများ၏ ပျံ့နှံ့ ထိရောက်မှုနှင့်သက်ဆိုင်သော ကိန်းဂဏန်း အချက်အလက်များမှာ တိကျခြင်းမရှိပေ။ မြန်မာနိုင်ငံတဝန်းလုံးရှိ သမဝါယမအသင်းများကို စစ်တမ်းကောက်ရန်မှာ လက်တွေ့မကျခြင်း သို့မဟုတ် မလိုအပ်ခြင်းကြောင့် LIFT အနေဖြင့် သမဝါယမအသင်းများသည် သက်ဆိုင်ရာစီမံချက်များတွင် ပြတ်သားသောအစိတ်အပိုင်း ဟုတ်မဟုတ် ဆိုသည်ကို လုပ်ငန်းဆောင်ရွက်နေသော မိတ်ဖက်များကို မိမိစီမံချက်နယ်မြေအတွင်းရှိ သမဝါယမအသင်းများနှင့် သမဝါယမအထောက်အကူပြုအစီအစဉ်များကို ဆန်းစစ်လေ့လာစေရန် စဉ်စားသုံးသပ်နိုင်သည် ။ ဤအချက်သည် (က) ဒေသန္တရဈေးကွက်နှင့် ဈေးကွက်အချိတ်အဆက်များကိုနားလည်ရန် (ခ) ရေရှည်အလုပ်အကိုင်ဖန်တီးပေးနိုင်စွမ်းရှိသော ပုဂ္ဂလိကကဏ္ဍတွင် စွမ်းဆောင်နေသူများကိုရွေးချယ်ကာ ဆက်သွယ်ရန် ဆိုသော LIFT ၏ဆန္ဒနှင့် တစ်ပြေးညီဖြစ်ပါသည်။

**အကြံပြုချက်၄။ သမဝါယမဖွံ့ဖြိုးမှု ဆိုင်ရာ လမ်းညွှန်ချက်များကို ရေးသားပြုစုရန်**

သမဝါယမအသင်းများသည် မြန်မာနိုင်ငံအစိုးရအတွက် အရေးကြီးသည့်အပြင်၊ သမဝါယမများနှင့် ယခင်က အတူမလုပ်ကိုင်ဖူးသေးသောသူများအပါအဝင် INGO အမျိုးမျိုးက အလှူရှင်ရန်ပုံငွေစီမံချက်များတွင် သမဝါယမအသင်းများကို ပိုမိုထည့်သွင်းဆောင်ရွက်လျက်ရှိသည်။ သမဝါယမအသင်းများနှင့် အတူလုပ်ကိုင်နေသော INGOများထံမှ သင်ခန်းစာများကို စုဆောင်းရယူနိုင်လျှင် အကျိုးများမည်ဖြစ်သည်။ ILFT အတွက်မှာမူ ငွေကြေးဆိုင်ရာသာမက စိုက်ပျိုးရေးနှင့် အခြားသမဝါယမအသင်းများကိုပါ ထည့်သွင်းထားသော ဆင်းရဲသူများစီးပွားတိုးတက်အောင်ပြုလုပ်ရန်မူဝါဒများကို LIFTအစီအစဉ်၏ သမဝါယမဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကျင့်သုံးသင့်ပါသည်။ သို့မှသာ LIFT ၏စီမံချက်များနှင့် အစီအစဉ်နယ်ပယ်များကို နားလည်စေရန်အတွက်ရော၊ သမဝါယမမူဝါဒရေးရာများကို မြန်မာအစိုးရနှင့် ထိတွေ့ဆောင်ရွက်ရာတွင်ပါ အဆင်ပြေချောမွေ့မည်ဖြစ်ပါသည်။ စဉ်ဆက်မပြတ် လေ့ကျင့်ပညာပေးခြင်းသည် ရေရှည်တည်တံ့သော သမဝါယမများဖန်တီးရာတွင် မရှိမဖြစ်လိုအပ်ပါသည်။ သမဝါယမအသိအမြင်ဆိုင်ရာ ဗဟိုဌာနတစ်ခုကို ဗဟိုသမတွင်ဖြစ်စေ၊ တက္ကသိုလ် ကောလိပ် တစ်ခုခုတွင်ဖြစ်စေ တည်ထောင်ရန် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် အသင်းသားတို့၏လိုအင်ကို ဆောင်ရွက်ပေးမည့် သမဝါယမများ ဖြစ်စေနိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်ကို တည်ဆောက်နိုင်ပါမည်။[၅]

**အကြံပြုချက် ၅။ ခေတ်မီစံပြ သမဝါယမများကို ထောက်ပံ့ရန်**

သမဝါယမများသည် အသင်းသားများအတူတကွ အလုပ်လုပ်ကြခြင်းဖြင့် ယင်းတို့၏ စီးပွားရေး လူမှုရေး အခြေအနေများနှင့် ရပ်ရွာကိုပါ တိုးတက်အောင် လက်တွေ့ဆောင်ရွက်နိုင်သော နည်းလမ်းတစ်ရပ်ဖြစ်

[၅] အထက်ပါ

ပေသည်။ မြင်ဖူးမှယုံကြည်သည် ဟူသောစကားသည် အလွန်သင့်လျော်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းများ မူများနှင့်ကိုက်ညီသော သမဝါယမအသင်းတစ်သင်းကိုစတင်ရန် သို့မဟုတ် လက်ရှိအသင်းတစ်သင်းကို အသွင်ပြောင်းရန် LIFTကအားပေးထောက်ခံခြင်းသည် လက်ရှိနှင့်နောင်ခေါင်းဆောင်များနှင့် အစိုးရတို့အား အင်အားသစ်နှင့်အသိအမြင်တို့ကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ အသင်းသားများပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် စံပြသမဝါယမများကို အင်အားဖြည့်ပေးခြင်းဖြင့် 'မြင်ဖူး မှ ယုံကြည်' လာအောင်ဆောင်ရွက်နိုင်ပါသည်။ ယင်းတို့သည် သမဝါယမကျောင်းများဖြစ်လာပြီး မြန်မာနိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးမှု၏ပြယုဂ်များ ဖြစ်လာနိုင်ပါသည်။ သမဝါယမဦးစီးဌာနအတွက် သင့်လျော်သောအခန်းကဏ္ဍဆိုင်ရာပြဿနာကိုလည်း ကိုင်တွယ်ဆွေးနွေးရန်သင့်ပါသည်။ နိုင်ငံတကာမှ အကောင်းဆုံးလုပ် ထုံးလုပ်နည်းများအရဆိုပါမူ သမဝါယမအသင်းများကို ဆော်ဩခြင်း၊ ထူထောင်ခြင်း၊ လေ့ကျင့်ခြင်းသည် သမဝါယမအသင်းများကို ကြပ်မတ်ထိန်းညှိခြင်းနှင့်သဘောသဘာဝချင်း လုံးဝမတူညီပါ။ လောလောဆယ်တွင် သမဝါယမဦးစီးဌာနသည် ဤတာဝန်နှစ်ရပ်စလုံးကို ထမ်းဆောင်နေပေသည်။ သမဝါယမဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးသည် သမဝါယမအသင်းတစ်သင်းတွင် ဒါရိုက်တာအဖွဲ့၏ အမြဲတမ်းအကြံပေးအရာရှိဖြစ်နေပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ဩဇာလွှမ်းမိုးနေသည်မှာ ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ကြောင်း ဤစာတမ်းရှင်ကို ပြောကြားခဲ့ကြပါသည်။ နိုင်ငံတကာမှ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ လေ့ကျင့်ရေးနည်းနာကိရိယာများ၊ အရင်းအမြစ်များသည် လုပ်ငန်းအခန်းကဏ္ဍနှင့်တာဝန်များလွှဲပြောင်းခြင်းကို အထောက်အကူပြုနိုင်ပါသည်။ ဗဟိုသမတွင် သမဝါယမဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအတွေ့အကြုံများရှိနှင့်ပြီးဖြစ်၍ ယင်းတို့ကို ခေတ်မီအောင်မွမ်းမံပေးနိုင်ပါသည်။ ရေရှည်ခံသော သမဝါယမများဖြစ်အောင်ဆောင်ရွက်ရန်မှာ ကောင်းမွန်သောဥပဒေပြုမှုရှိသည့် တိုးတက်နေသော စီးပွားရေးတို့တွင်ပင် ၅နှစ်ကျော်ခန့်ကြာမြင့်တတ်ပြီး၊ မြန်မာနိုင်ငံကဲ့သို့သော အခက်အခဲများနှင့်ရင်ဆိုင်နေရသော နိုင်ငံများတွင် ၁၀ နှစ်ခန့်ကြာမြင့်သည်။ မိမိတို့ဒေသအတွင်းတွင် စွမ်းဆောင်ရည်နှင့် အခြေခံအဆောက်အအုံတို့ကို တည်ဆောက်ရန်လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်သော်လည်း၊ ထောက်ပံ့ငွေများတောင်းခံရာတွင်မူ သတိထားဆောင်ရွက်ရန် အကြံပြုအပ်ပါသည်။ ပြင်ပမှငွေကြေးများသည် ဒေသခံအသင်းသားများ၏ ရင်းနှီးမြှုပ်နှံမှုကို လျော့ပါးစေမည်၊ သမဝါယမများကို ထိန်းချုပ်လာမည်ဖြစ်သည်။ သို့သော် သမဝါယမတို့၏ ရေရှည်ခံသောစွမ်းဆောင်ရည်ကို တည်ဆောက်ရာတွင် နှိုင်းနှိုင်းချိန်ချိန်သုံးစွဲမည်ဆိုပါက ပြင်ပမှငွေကြေးများသည် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ပါမည်။ နိုင်ငံတကာ အတွေ့အကြုံကို မှီငြမ်းပြုသင့်ပါသည်။

# နောက်ဆက်တွဲ ၁။ သက်ဆိုင်ရာ စာတမ်းများ လေ့လာခြင်း

## မှတ်စုထုတ်ထားသောကျမ်းများစာရင်း

## မြန်မာသမဝါယမစနစ် လေ့လာချက်

မြန်မာနိုင်ငံရှိ သမဝါယမများ၊ အသေးစား/ ကျေးလက်ချေးငွေများ၊ အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေး၊ စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ

**ကာပရာနိုင်ငံတကာ အဖွဲ့အစည်း (ထုတ်ဝေရက်စွဲ ၂၀၁၃ ခု စက်တင်ဘာလ) သမဝါယမပုံစံကို အကဲဖြတ်ခြင်း။ အပြီးသတ်အစီရင်ခံစာ ကနေဒါဌာနခွဲနှင့်ပူးတွဲဆောင်ရွက်ချက်၊ နိုင်ငံခြားရေး၊ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှု၊ ကနေဒါ နိုင်ငံ။**

**ဒေးဗစ်၊ ဒီ နှင့်အများ (၂၀၁၁)၂၀၁၁ခုနှစ် မြန်မာ့စိုက်ပျိုးရေးပြဿနာအဟောင်းများနှင့် အခက်အခဲအသစ်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့်တီထွင်ဆန်းသစ်ရေးဌာန၊ ဟားဗတ်တက္ကသိုလ်၊ ဂျွန်အက်ဖ်ကနေဒီ အစိုးရပညာကျောင်း။**

- မြန်မာဆန်စပါးထုတ်လုပ်မှုရေရှည်အလားအလာအစီရင်ခံစာကို ထုတ်ဝေပြီး တစ်နှစ်အတွင်း အသစ်ဖြစ်ရပ်များကို ဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးရေးမူဝါဒနှင့်လုပ်ငန်းဆောင်ရွက်ပုံတို့ကို ပြုပြင်ခြင်းသည် မြန်မာနိုင်ငံတွင်ဆင်းရဲမှုကိုလျော့ပါးအောင်လုပ်ဆောင်နိုင်မည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။
- ၂၀၁၁ခုနှစ် အစီရင်ခံစာနောက်ပိုင်းတွင် ထင်ရှားသောအပြောင်းအလဲမှာ ချေးငွေရရှိသော လယ်သမားဦးရေတိုးတက်လာခြင်း ဖြစ်သည်။သို့သော် ၂၀၁၁ခုနှစ်အစီရင်ခံစာတွင် ချေးငွေပြန်မဆပ်သော လယ်သမားအများပင်ရှိကြောင်းဖော်ပြထားသည်။ ထိုသို့ဖြစ်ရခြင်းမှာ ငွေကြေးဖောင်းပွမှုသည် အဓိကအကြောင်းရင်းဖြစ်ဟန်ရှိသည်။ ငွေကြေးဖလှယ်နှုန်းကို တည်ငြိမ်အောင်လုပ်ခြင်းစသည်တို့ကို ဆောင်ရွက်ရန်လိုအပ်သည်ဟု စာတမ်းရှင်များက ကောက်ချက်ချကြသည်။
- ၂၀၀၉ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဘဏ်က ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုစရိတ်ကို လောက်ငစေမည့် တစ်ဧကလျှင်ကျပ်၈၀၀၀/-နှုန်းဖြင့် လယ်သမားများကိုထုတ်ချေးပေးခဲ့သည်။ ထိုနှစ်က အခြားတရားဝင်ငွေချေးပေးမှုများမရှိခဲ့ပါ။ သို့သော် လယ်သမားများတွင် အကြွေးတင်မှုများကြောင့် ဤချေးငွေများဖြင့် ယခင်အကြွေးများအတွက် အတိုးငွေပေးဆပ်လိုက်ကြသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုတိုးတက်မလာဘဲ ကြွေးသံသရာ လည်ပတ်နေခဲ့သည်။ လယ်သမားများတွင် ကြွေးဆုံးကျန်နေခြင်းကိုကုစားရန်အတွက် အတိုးနှုန်းကိုမြင့်တင်ရန်

မသင့်ပေ။ ဆင်းရဲမှုလျှော့ချရန်၊ လူနေမှုအဆင့်မြှင့်တင်ရန်၊ စီးပွားရေးတိုးတက်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍတွင် လိုအပ်ချက်များကို စာတမ်းရှင်များက ညွှန်းပြထားသည်။

**ဒေါ်ဆီ၊ ဇေ (၂၀၁၂) UNDP ၏ အသေးစားငွေကြေးအစီအစဉ်၏ သက်ရောက်မှုများကို အကဲဖြတ်ခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၊ အညာပိုင်းဝိုင်း၊ ရှမ်းပြည်နယ်တို့မှ အသေးစားငွေကြေးအစီအစဉ်များ။**

- ဤအစီအစဉ်ကို ၁၉၉၇ခုနှစ်တွင် စတင်ခဲ့ပြီး ဤအကဲဖြတ်ခြင်းကို ၂၀၀၇ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။ ဤအစီရင်ခံစာမှာ နောက်ဆက်တွဲ အကဲဖြတ်ချက်ဖြစ်သကဲ့သို့ ၂၀၁၄ခုနှစ်တွင် ဆောင်ရွက်မည့် အကဲဖြတ်ချက်အတွက် အခြေခံလည်းဖြစ်သည်။
- စာတမ်းရှင်က ဤအစီအစဉ်သည် ဖောက်သည်များသာမက အစီအစဉ်တွင် မပါဝင်ကြသော ရပ်ရွာသားများကိုပါ အကျိုးပြုမှုရှိကြောင်းတွေ့ရှိရသည်။ စားနပ်ရိက္ခာဖူလုံမှု၊ ပညာရေး၊ အိမ်ရာနှင့်အမျိုးသမီးများ၏ဘဝအခြေအနေတို့ကို တိုးတက်စေခဲ့သည်။ ထို့ပြင် အလုပ်အကိုင်ရရှိမှု၊ ကျန်းမာရေးတိုးတက်မှု၊ ချေးငွေဝန်ဆောင်မှုကောင်းမွန်မှု၊ လူနေမှုအဆင့်မြင့်မားမှုစသော ဘေးထွက်ကောင်းကျိုးများလည်းရရှိခဲ့သည်။

**ဒပ္ပလို၊ အီး၊ လုရှ်ထင်ဘတ်၊ ပီ၊ ရင် အယ်လ်၊ ချင် အယ်လ်၊ (၂၀၁၃)မြန်မာနိုင်ငံအသေးစားငွေကြေးလုပ်ငန်းသုံးသပ်ချက်၊ အိုင်အက်ဖ်စီအကြံပေးအဖွဲ့၊ အရှေ့အာရှနှင့်ပစိဖိတ်ဒေသ။**

- မြန်မာနိုင်ငံတွင်ငွေကြေးဆိုင်ရာလက်လှမ်းမီမှုနှင့်ပတ်သက်၍ အပြည့်စုံဆုံးသော လေ့လာချက်ဖြစ်သည်။ အောက်ပါအတိုင်း ဖွဲ့စည်းထားသည်-
  - နိုင်ငံ အခြေအနေ
  - အသေးစားအဆင့်။ ဝယ်လိုအားနှင့်ရောင်းလိုအား
  - အလတ်စားအဆင့်။ မူဝါဒ၊ကြပ်မတ်ထိန်းညှိခြင်း၊ ကြီးကြပ်ခြင်းမူဘောင်
  - ထိပ်တန်းအဆင့်။ ငွေကြေးအခြေခံအဆောက်အအုံ၊ ကွန်ရက်များ၊ လေကျင့်ပေးခြင်း
  - အသေးစားငွေကြေးလုပ်ငန်းများအတွက် ရန်ပုံငွေ
  - အကြံပြုချက်များ
- အစီခံစာတင်သွင်းမှုမှာ မြန်ဆန်သည်၊ မြန်မာနိုင်ငံရှိ အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးသဘာဝကို ကျယ်ပြန့်စွာ တင်ပြထားသည်။
- သမဝါယမများကို ဖော်ပြထားသော်လည်း အသေးမစိတ်ပါ။ အသေးစားအဆင့်တွင်ဖြည့်ဆည်းသူအဖြစ် ဆွေးနွေးထားသည်။ ဗဟိုသမ၏အသင်းတည်ထောင်နိုင်မှု၊ ကြီးကြပ်နိုင်မှုတို့အကြောင်း အနည်းငယ်သာ ဆွေးနွေးထားသည်။
- သမဝါယမ၏စိတ်ဝင်စားဖွယ်သမိုင်းကို စာမျက်နှာ၃၄တွင်တွေ့ရသည်။ ဖော်ပြထားသောသတင်းအချက်အလက်များကို ၂၀၁၂ခုနှစ်အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်ကရရှိခဲ့သည်။

**ဂီဟာင်း၊ အိချဲ (၂၀၀၃) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဆန်စပါးဈေးကွက် မူဝါဒလမ်းညွှန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုဂျာနယ်၊ ၂၆၊ ၆၇-၉၇**

- စာတမ်းရှင်က စိုက်ပျိုးရေးကိုမြန်မာ့စီးပွားရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် အဓိကဟုရှုမြင် သည်။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ၏ အကန့်အသတ်များ၊ အားနည်းချက်များ၊ ကုစားနိုင်မည့် နည်းလမ်းများ၊ အနာဂတ်အလားအလာများ စသည်ကို တင်ပြထားသည်။
- စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက်တင်မှုနှင့်ပတ်သက်၍ ဆောင်ရွက်နေသော ဝန်ကြီးဌာနအများ ရှိသဖြင့် ရှုပ်ထွေးပြီး၊ ဝယ်လိုအားညှိနှိုင်းခြင်း၊ ဈေးနှုန်းတည်ငြိမ်အောင်ထိန်းခြင်းကဲ့သို့သော အရေးကြီးသည့် အလုပ်များကို မလုပ်ဘဲကျန်ရှိသွားတတ်ကြောင်း၊ သမဝါယမဝန်ကြီးဌာနသည် စိုက်ပျိုးရေးမူဝါဒများ ချမှတ်ရာတွင် အခရာကျကြောင်း စာတမ်းရှင်က ဖော်ပြထားသည်။
- စိုက်ပျိုးရေးသမဝါယမများ မြန်မာနိုင်ငံတွင်ရှိသည်မှာ ကြာပြီဖြစ်သော်လည်း၊ စိုက်ပျိုးထုတ်ကုန် ဈေးကွက်တင်မှုနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာနည်းပါးသည့်ပြင် ရှင်းလင်းမှုမရှိပါ။ မြန်မာ့ စိုက်ပျိုးရေးသမဝါယမများက လယ်သမားများဝင်ငွေတိုးတက်အောင် အဘယ်ကြောင့်မလုပ်နိုင် သည်ကို စာတမ်းရှင်ကဆွေးနွေးထားသည်။ ကျေးလက်ဒေသဆင်းရဲမှုလျော့ပါးရေးတွင် စိုက်ပျိုးရေးသမဝါယမများက သော့ချက်ဖြစ်ကြောင်းကိုလည်း တင်ပြထားသည်။
- စာမျက်နှာ၉၂တွင် စိုက်ပျိုးထုတ်ကုန်ဈေးကွက်တင်ရာတွင် မြန်မာ့သမဝါယမများက ပြုပြင်ရမည့် အချက်များကို အဆိုပြုထားသည်။

**ဂရစ်ဖစ်သ်၊ ဒီ (၂၀၀၇) မြန်မာ့ သမဝါယမသတင်းလွှာ၊JCA သတင်းနှင့်မှတ်တမ်းဌာန၊ အာရှ နှင့်ပစ္စဖိတ်၊ http://news.victoria.coop/artman2/uploads/1/Facts-Myanmar.pdf မှထုတ်ယူသည်။**

- ဤသတင်းလွှာသည် မြန်မာ့သမဝါယမလှုပ်ရှားမှုသမိုင်းအကျဉ်းကို တင်ပြထားသည်။ သမဝါယ မအသင်းများ၏ စာရင်းအင်းကိန်းဂဏန်းများကို အသားပေးဖော်ပြထားသည့်အပြင် ထက်အာ ကာကျော် မွေးမြူရေးနှင့်အထွေထွေသမဝါယမအသင်းစုအကြောင်းကို အသားပေးဖော်ပြထားပါ သည်။

**ဟန်းနင်း၊အေ နှင့် ဂျန်ဆင်၊အက်စ် (၂၀၁၀) ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုနှင့်ငွေကြေး တည်ငြိမ်မှု၊ လက်ရှိမူဝါဒပြဿနာများ၊ အာရှဖွံ့ဖြိုးမှုဘဏ်သင်တန်းဌာန။ www.adbi.org/working paper/2010/12/21/4272.financial.inclusion.stability.policy.issues/ မှထုတ်ယူသည်။**

- စီးပွားရေးအကြပ်အတည်းများဖြစ်ပြီးစအချိန်များတွင် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု သည် ငွေကြေးတည်ငြိမ်မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ဝင်ငွေနည်းသူများသည် ငွေကြေးအကြပ်

အတည်းကာလတွင် ရပ်တည်နိုင်စွမ်းမရှိကြောင်း၊ ငွေကြေးဆိုင်တွင်အားလုံးပါဝင်စေမှုသည် ငွေကြေးဌာနဆိုင်ရာ ပြဿနာများကို လျော့ပါးစေကြောင်း ဆွေးနွေးထားသည်။

- ဤစာတမ်းတွင် အောက်ပါအတိုင်း အခန်းများခွဲထားသည်။
    - ငွေကြေးဆိုင်ရာတွင်အားလုံးပါစေမှုဆိုသည်မှာ အဘယ်နည်း၊ ယင်း၏အောင်မြင်မှုကို မည်သို့တိုင်းတာမည်နည်း
    - ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၏ အလားအလာများ
    - ဆင်းရဲမှုနှင့် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုတို့ ဆက်စပ်ပုံ
    - ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု မူဝါဒများ
    - ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု နှင့် တည်ငြိမ်မှုတို့၏ အလျှော့အတင်းနှင့်ညှိနှိုင်းမှု ရလဒ်
    - ကောက်ချက်များနှင့်အကြံပြုချက်များ။ ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုသည် သူဆင်းရဲများအား မတည်ငြိမ်သည့်အချိန်ကို မည်သို့ ကျော်လွှားစေနိုင်သည်
- ဤစာတမ်းသည် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု၌ သမဝါယမများတို့၏ အခန်းကဏ္ဍကို လည်းကောင်း၊ ယင်းသည် မြန်မာ့စီးပွားရေးနှင့်သာသက်ဆိုင်သလားဆိုသည်ကိုလည်းကောင်း ဆွေးနွေးမထားပါ။ သို့သော် အာရှတိုက်တစ်ခွင်လုံးနှင့်သက်ဆိုင်သော အဖိုးတန်သတင်းအချက်အလက်များကိုမူ ဖော်ပြထားသည်။

**ICA ၏ အာရှနှင့် ပစ္စိဖိတ်စားသုံးသူ သမဝါယမကော်မတီ (၂၀၁၂) မြန်မာ၊ စိတ်ပါဝင်စားစရာအကောင်းဆုံး စားသုံးသူသမဝါယမများ**http://www.eurocoop.coop/en/publications/reportsmemos/508-thepresent-status-of-consumer-co-operatives-in-asiaand-the-pacific-2012**မှထုတ်ယူသည်။**

- ဤအစီရင်ခံစာလေးကို အောက်ပါအတိုင်း ခွဲထားပါသည် -
    - မြန်မာ့သမဝါယမလှုပ်ရှားမှု
    - စားသုံးသူသမများအကြောင်း အကြမ်းဖျင်းဖော်ပြချက်
    - ကိုယ်စားပြု သမဝါယမအသင်းများ
    - ပြဿနာများနှင့် အနာဂတ်အမြင်
    - အစိုးရနှင့်ဆက်ဆံရေး
    - မြန်မာနိုင်ငံအကြောင်း
- အထွေထွေသမဝါယမအသင်းလေးသင်းအကြောင်းကို ဤစာတမ်းတွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

**အီကူကို၊ အို (၂၀၁၁) ကျေးလက်လူဆင်းရဲအိမ်ထောင်စုများ ခြောက်ခြားမှုကို မည်သို့ရင်ဆိုင်ဖြေရှင်းကြသလဲ၊ ရခိုင်ပြည်နယ်ရှိ တံငါရွာတစ်ရွာ၏ ဖြေရှင်းနည်းမဟာဗျူဟာများ၊ ဖွံ့ဖြိုးဆဲစီးပွားရေးစနစ်များ-၄၉၊ ၈၉-၁၁၂။**

- မြန်မာကျေးလက်အိမ်ထောင်စုများတွင် မမျှော်လင့်ဘဲဝင်ငွေကို ထိခိုက်မှုများ (မိသားစုဝင်တစ်ဦး နာခြင်း/သေခြင်း)တို့နှင့် ကြုံတွေ့သောအခါ မည်သို့ရင်ဆိုင်ဖြေရှင်းကြသည်ကို စူးစမ်းထားသည်။ မိသားစုများသည် ပြင်ပမှချေးငွေများထက် ကိုယ့်အားကိုယ်ကိုးကြကြောင်း၊ မရပါက မိတ်ဆွေများ၊ ဆွေမျိုးများထံမှ အတိုးမဲ့ချေးငှားကြကြောင်း၊ ပစ္စည်းအထောက်အပံ့ယူကြကြောင်း၊ ဤသို့မျှ မလုပ်နိုင်မှသာ ငွေတိုးချစားသူထံမှ ငွေချေးကြကြောင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင်၁၂၀ ရာခိုင်နှုန်းထက်ပင် ကျော်လွန်နိုင်ကြောင်း တွေ့ရှိထားသည်။
- ၂၀၀၈ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ကွင်းဆင်းကောက်ယူခဲ့သော အချက်အလက်များဖြစ်သည်။
- ဤစာတမ်းတွင် ထင်ရှားသော စီးပွားရေးပညာရှင်များကို ရည်ညွှန်းဖော်ပြချက်များပါရှိသည်။

**ကိုင်နီ၊ တီ (၂၀၀၆) မြန်မာ့ကျေးလက်ဒေသ၏ချေးငွေဈေးကွက်၊ တရားဝင်/တရားမဝင် ငွေချေးသူများကိုလေ့လာချက်၊ အာရှစိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးဂျာနယ် ၃၊ ၁-၁၅။**

- ဤစာတမ်းသည် မြန်မာ့ကျေးလက်ဒေသရှိ ချေးငွေဈေးကွက်ကို စူးစမ်းထားပြီး နိုင်ငံတွင်းရှိ အသေးစားငွေကြေးလုပ်ငန်းများသို့ မူဝါဒဆိုင်ရာ အကြံပေးထားသည်။
- အပူပိုင်းဇုန်မှ အိမ်ထောင်စု ၃၀၁စု၏ အချက်အလက်များပါဝင်သည်။
- စာရင်းအင်းပညာကိုအသုံးပြုကာ ဈေးကွက်ခွဲဝေမှုကို သုံးသပ်သည်။ (UNDP က ထောက်ပံ့သော MFIဖြစ်သည့်)ပက်မြန်မာငွေကြေးလုပ်ငန်းဌာနတို့သည် တရားဝင်ငွေချေးသူ(MADB)ကို သက်ရောက်မှုရှိကြောင်း၊ ငွေကြေးဌာနနှစ်ခုလုံးမှချေးငွေများသည် မြန်မာ့ကျေးလက်ဒေသစီးပွားရေးကို အားဖြည့်ပေးနေကြောင်း တွေ့ရှိသည်။
- ဆင်းရဲနွမ်းပါးသောပြည်သူများသည် ဤငွေကြေးဌာနနှစ်ခုလုံးမှ ချေးငွေများကို တောင်းခံမှုများပြားနေကြောင်း၊ ဤသို့ဈေးကွက်ကွဲနေမှုသည် ဝင်ငွေကိုကန့်သတ်နိုင်ကြောင်း၊ ယင်းကို ဆင်းရဲမှုလျော့ပါးရေးမဟာဗျူဟာအဖြစ် ဆက်လက်သုတေသနပြုသင့်ကြောင်း ဆွေးနွေးထားသည်။
- မြန်မာ့ကျေးလက်နေ သူဆင်းရဲသားများ၏လိုအင်နှင့်ပတ်သက်သော နောက်ခံသတင်းအချက်အလက်များနှင့် လက်ရှိဈေးကွက်ကျရှုံးမှုများကို ဤစာတမ်းတွင်ဖော်ပြထားသည်။

**ကင်၊ အမ် (၂၀၁၃)၊ မြန်မာ့စီးပွားရေးမဟာဗျူဟာတွင်ပါဝင်သော ကျေးလက်ဒေသဆင်းရဲမှုလျော့ပါးရေး၊ ကျေးလက်နေတို့ အရင်းအနှီးနှင့်ပိုမိုလက်လှမ်းမီရရှိစေရန် တစ်နည်းတစ်လမ်းဖြင့်ပါဝင်ခြင်းကို အကဲဖြတ်ချက်၊ မြန်မာဖွံ့ဖြိုးမှုသုတေသန (MDRI) သို့တင်ပြသောစာတမ်း။**

- ကင်သည် ဒျူတက္ကသိုလ် စတန်းဖို့လူထုမူဝါဒကျောင်းမှ မဟာဘွဲ့ယူနေသောကျောင်းသူတစ်ဦး ဖြစ်သည်။ ဤစာတမ်းမှာ မဟာဘွဲ့အတွက် ဘွဲ့ယူစာတမ်းဖြစ်သည်။
- ကင်သည်(MDRI)၏ မြန်မာကျေးလက်နေတို့၏ ဆင်းရဲမှုလျော့ချရေးနှင့် အရင်းအနှီးကို ပိုမိုလက်လှမ်းမီရရှိရေးဆိုင်ရာ မဟာဗျူဟာများကို စူးစမ်းခဲ့သည်။
- အခြားနိုင်ငံများတွင် အသုံးပြုခဲ့သော ချေးငွေလက်လှမ်းမီရရှိရေးအတွက် ပါဝင်ဆောင်ရွက်မှုများ၏ ရလာဒ်များကို သုံးသပ်ပြထားသည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည် -
    - ဂျာမနီနှင့် တရုတ်မှ ကျေးလက်ငွေချေးသမဝါယမများ
    - ကျေးလက်ငွေချေးအစီအစဉ်များ (အစိုးရနှင့်NGO) ကမ္ဘာ့ဘဏ်အစုစပ်လုပ်ငန်း
    - ကျေးလက်ငွေချေးအစီအစဉ်များအတွက် ဗီယက်နမ်နှင့်ကမ္ဘာ့ဘဏ်အစုစပ်လုပ်ငန်း
- ဤစာတမ်းတွင် အသုံးဝင်သောအကျဉ်းချုပ်ဖော်ပြချက်ပါဝင်သော်လည်း သမဝါယမဆိုင်ရာ ဖော်ပြချက်များအလွန်နည်းပါးသည်။

**မောင်၊အမ် (၁၉၆၅) မြန်မာနိုင်ငံစိုက်ပျိုးရေးသမဝါယမများ၊ လူမှုစီးပွားရေးဆောင်ရွက်မှု၏သက်ရောက်မှုနှင့် တန်ဖိုးကိုဦးတည်မှုကို လေ့လာချက်။**

- စိုက်ပျိုးရေးသမဝါယမများသည် လူမှုစီးပွားပြုပြင်ရေးတွင် အဓိကနည်းလမ်းများဖြစ်ကြောင်း၊ ယင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးအုတ်မြစ်ပင်ဖြစ်ကြောင်း၊ သို့သော် မြန်မာ့စိုက်ပျိုးရေးသမဝါယမအသင်းများသည် ထိရောက်အောင်ဆောင်ရွက်နိုင်မည်ဟု မမှတ်ယူသင့်ကြောင်း၊ မြန်မာ့သမဝါယမအသင်းများစွာသည် ရည်မှန်းချက်ကိုမပြည့်မီကြကြောင်း တင်ပြထားသည်။
- မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးချေးငွေသမဝါယမများသည် အခြေအနေပေးပါက ရေရှည်ခံမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက သမဝါယမများကို အစိုးရ၏အမျိုးသားရေး၊ အရင်းရှင်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ရေးဆောင်ရွက်ချက်များအဖြစ်သာ မြင်ခဲ့ကြပြီး အလားအလာရှိသောစီးပွားရေးအစီအစဉ်များအဖြစ် မမြင်ခဲ့ကြကြောင်းဖော်ပြထားသည်။ ဤစာတမ်းကို အောက်ပါအတိုင်း တင်ပြထားသည်။
    - လွတ်လပ်ပြီး မြန်မာနိုင်ငံသမဝါယမများ၏ စိတ်ပါဝင်စားမှုနှင့် တန်ဖိုးကို အခြေပြုမှု။
    - စိုက်ပျိုးရေးသမဝါယမများ၏ အောင်မြင်မှုကို တန်ဖိုးအရသုံးသပ်ခြင်း နှင့် ရည်ရွယ်ချက်အရသုံးသပ်ခြင်း။
- ဤစာတမ်းမှာ ခေတ်လွန်နေပြီဖြစ်သော်လည်း လက်ရှိမြန်မာ့စိုက်ပျိုးရေးသမဝါယမများကို သုံးသပ်ရာတွင် အခြေခံရန်အရေးကြီးသောသမိုင်းကြောင်းများပါရှိသည်။

**မောင်၊ အမ်(၁၉၆၆) မြန်မာနိုင်ငံဆင်ဖမ်းသမဝါယမအသင်း၊ စီမံကိန်းချမှတ်ဆောင်ရွက်သော လူမှုစီးပွားပြောင်းလဲမှု၏ သက်ရောက်မှု၊ အာရှသုတေသန ၆၊ ၃၂၇-၃၃၇။**

- စီမံကိန်းချမှတ်ဆောင်ရွက်သော လူမှုစီးပွားပြောင်းလဲမှုဟူသည် မျှော်မှန်းရလာဒ်များရသည်အထိ အချိန်မပေးတတ်ကြကြောင်း၊ ရိုးရာအလေ့အကျင့်များကို ပယ်ဖျက်ခြင်းကြောင့် အမှန်တကယ် ပြောင်းလဲခြင်းကိုဟန့်တားတတ်ကြောင်း၊ မြန်မာနိုင်ငံခေတ်မီရေး အစီအစဉ်တစ်ရပ်၏ ရည်မှန်း ချက်နှင့်ရလာဒ်တို့ ကွာခြားမှုကို သစ်လုပ်ငန်းတွင်သုံးစွဲသော ဆင်များကိုဖမ်းခြင်း၊ ယဉ်အောင် ကျင့်ခြင်း၊ ရောင်းခြင်းဟူသော ၁၉၆၀ ပြည့်နှစ်များက ထင်ရှားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ကို အသုံးပြုကာဖော်ပြထားသည်။
- ၁၉၅၀ ပြည့်လွန်နှစ်များတွင် မြန်မာအစိုးရသည် သစ်လုပ်ငန်းကို စက်မှုနည်းဖြင့် ဆောင်ရွက်ရန် စီမံခဲ့သည်။ မြန်မာအစိုးရသည်မြေအားလုံးနှင့်သယံဇာတအားလုံး၏ပိုင်ရှင်ဖြစ်သည့်အတိုင်း နိုင်ငံ အတွင်းရှိ ဆင်များအားလုံးကိုလည်းပိုင်ဆိုင်သည်။ သစ်လုပ်ငန်းကို အသွင်ပြောင်းလိုက်သော အခါ ဆင်များ၊ ဆင်ဖမ်းသူ/ဆင်ရောင်းသူများ အလုပ်လက်မဲ့ဖြစ်ကုန်တော့သည်။ ဆင်များသည် သစ်လုပ်ငန်းတွင်သာ အသုံးဝင်သောကြောင့် အခြားနေရာများတွင် အသုံးမချနိုင်သဖြင့် ဈေးကွက်အတွင်းတွင် မတည်မငြိမ်ဖြစ်လာလေသည်။ ထို့ကြောင့် ငွေချေးသူများက လက်ဝါးကြီး အုပ်ဈေးကွက်ကို ဖန်တီးလာသည်။ ဆင်ဖမ်းသူများကို ခေါင်းပုံဖြတ်လာသည်။ ထိုအခါ အစိုးရက ဆင်ဖမ်းသူများကို ကုန်ထုတ်သမဝါယမဖွဲ့စည်းရန်အကြံပြုခဲ့သည်။
- ဆင်ဖမ်းသမဝါယမကို မြန်မာနိုင်ငံ၏ သမဝါယမ ၅နှစ်စီမံကိန်း၏ အစိတ်အပိုင်းအနေဖြင့် ၁၉၅၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ အသင်းကို မိမိသဘောအလျောက်ဝင်နိုင်သည်။ သို့သော် မြန်မာနိုင်ငံ အစိုးရအမျိုးသားသမဝါယမလှုပ်ရှားမှု၏ အားပေးမှုများလည်း ရပ်သွားခဲ့သည်။ ဤသမဝါယမကို ဖွဲ့စည်းရခြင်းမှာ အစိုးရထံမှချေးငွေနှင့်အခြားအကူအညီများကို လွယ်လွယ်နှင့်ရနိုင်သောကြောင့် ဖြစ်သည်ဟု ဤစာတမ်းတွင်ဖော်ပြထားသည်။ စာမျက်နှာ ၃၃၀ မှ ၃၃၆ အထိ ဤသမဝါယမ ဖွဲ့စည်းခြင်း၊ စည်းမျဉ်းများ၊ အသင်းဝင်မှု၊ စာရင်းအင်းအချက်အလက်များ၊ တာရှည်ခံမှုစသည် တို့ကို ဆွေးနွေးထားသည်။
- ဤစာတမ်းမှာ စာတမ်းရှင်က မြန်မာ့စိုက်ပျိုးရေးသမဝါယမများအကြောင်းကို သုတေသန လုပ်ရာမှ မမျှော်လင့်ဘဲရရှိခဲ့ခြင်းဖြစ်သည်။

**မျူခ်နာ၊ အိဗ်ချ် (၂၀၀၆) နှစ် ၁၀၀၊ အိန္ဒိယငွေချေးသမဝါယမအသင်းအက်ဥပဒေ၊ ထူးခြားသောလူမှုရေး ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံ။**

- ဤစာတမ်းတွင် ၁၉၀၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင့်သုံးခဲ့သော အိန္ဒိယငွေချေးသမဝါယမအသင်း အက်ဥပဒေ၏ ဥပဒေရေးရာတို့ကို ဤစာတမ်းတွင် စူးစမ်းလေ့လာထားသည်။
- ဤနိုင်ငံ၏ သမဝါယမသမိုင်းကို တင်ပြထားသောကြောင့် ဤစာတမ်းသည် အထူးစိတ်ဝင်စား ဖွယ်ဖြစ်သည်။ ကိုလိုနီခေတ်က သမဝါယမများကို ရှုမြင်ရာတွင် အထောက်အကူဖြစ်သည်။

**ပို့စ်တင်၊ ဂျီ (၂၀၀၇) မြန်မာနိုင်ငံငွေချေးသမဝါယမအသင်းများ၏လုပ်ရှားမှု၊ ငွေစုငွေချေးသမဝါယမ အသင်း အကဲဖြတ်မှုနည်းလမ်းကို အသုံးပြုခြင်း၊ နိုင်ငံတကာသမဝါယမစီမံခန့်ခွဲမှုဂျာနယ် ၇(၂) ၉၁-၁၀၆၊ ယူကေ၊ နယူးဟာမနီပုံနှိပ်တိုက်လီမိတက်။**

- CCA သည် ဤစာတမ်းရှင်ကို ကောင်းစွာသိပါသည်။
- ငွေစုငွေချေးသမဝါယမအသင်းအကဲဖြတ်မှုနည်းလမ်းကို ပထမဆုံးအသုံးပြုကာ လေ့လာထားသော စာတမ်းဖြစ်သည်။
- ဤနည်းလမ်းကိုဂပ်စ်ပို့စ်တင်(စာတမ်းရှင်)ကပြုစုထားခြင်းဖြစ်ပြီး၊http://newthinking.org.uk/toolkit.htmတွင်ထုတ်ယူရရှိနိုင်သည်။ ဤနည်းလမ်းတွင် ဈေးကွက်၏ဂယ်လိုအားနှင့် ရောင်းလိုအားအကြောင်းကို အလေးထားစူးစမ်းထားပြီး သမဝါယမအုပ်ချုပ်မှု (လူ၏ကဏ္ဍ)ကိုမူ သာမန်မျှသာ စူးစမ်းထားသည်။
- ဤစာတမ်းတွင် မြန်မာနိုင်ငံငွေကြေးသမဝါယမများ၏သမိုင်း၊ ဖွဲ့စည်းပုံ၊ အားသာချက်၊ အားနည်းချက်များနှင့် ယင်းတို့သည် မြန်မာနိုင်ငံတွင် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှုနည်းလမ်းတစ်ရပ်ဖြစ်လာနိုင်စွမ်းရှိကြောင်းကို တင်ပြထားသည်။

**ပို့စ်တင်၊ ဂျီ (၂၀၀၉) ဗဟိုသမ၏အသေးစားငွေကြေးလုပ်ငန်းဌာနများတွင် ကွန်ပျူတာစနစ်တပ်ဆင်ရန် လေ့လာခြင်း၊ ဗဟိုသမသို့တင်ပြစာ (CCA က လက်ခံရရှိထားသည်။)**

- ဗဟိုသမ၏ MFI များကို ကွန်ပျူတာစနစ်တပ်ဆင်ရန် နည်းလမ်းများကို တင်ပြထားသည်။

**ပို့စ်တင်၊ ဂျီ (၂၀၀၉) မြန်မာနိုင်ငံသမဝါယမလှုပ်ရှားမှုတွင် အသေးစားငွေကြေးလုပ်ငန်း၏ဖွံ့ဖြိုးမှု၊ နိုင်ငံတကာသမဝါယမစီမံခန့်ခွဲမှုဂျာနယ်၊ ၄(၂) ယူကေ၊ နယူးဟာမနီ ပုံနှိပ်တိုက် လီမိတက်။**

- ၂၀၀၇ ခုနှစ် စာတမ်း၏ နောက်ဆက်တွဲဖြစ်သည်။
- မြန်မာနိုင်ငံတွင်ဗဟိုသမက အောင်မြင်စွာကျင့်သုံးနေသော ရိုးရှင်းသည့် MFI ပုံစံတိုးပွားလာပုံကို တင်ပြထားသည်။
- တိုးပွားနိုင်စွမ်း ရှိမရှိကို ဆွေးနွေးထားသည်။

**ပို့စ်တင်၊ ဂျီ (၂၀၀၉) ဗဟိုသမ၏အသေးစားငွေကြေးလုပ်ငန်းဌာနများတွင် ဖွံ့ဖြိုးမှုစီမံချက်စာတမ်း အကျဉ်းချုပ်၊ ဗဟိုသမသို့တင်ပြစာ (CCA က လက်ခံရရှိထားသည်။)**

- CCAက မြန်မာနိုင်ငံတွင် စီမံကိန်းများဆောင်ရွက်ရန် စဉ်းစားနေသဖြင့် ပြုစုသောစာတမ်းဖြစ်သည်။

- ယခင်စာတမ်းများတင်ပြစာများကို အကျဉ်းချုံးဖော်ပြထားပြီး သမဝါယမလှုပ်ရှားမှု အထူးသဖြင့် ဗဟိုသမကို စွမ်းဆောင်ရည်တည်ဆောက်ပေးရန် နည်းလမ်းများကို တင်ပြထားသည်။
    - စာရင်းကိုင်ပညာနှင့် သတင်းအချက်အလက်နည်းပညာတို့ကို အထူးအာရုံစိုက်တင်ပြထားသကဲ့သို့ ဗဟိုသမဂန်ထမ်းများကို စီမံခန့်ခွဲမှု/ခေါင်းဆောင်မှုလေ့ကျင့်ပေးရန်နှင့် ငွေစုငွေချေးသမဝါယမအသင်းစုချုပ်ကို အသေးစား ငွေရေးကြေးရေး လုပ်ငန်းဥပဒေအသစ်နှင့် တပြေးညီဖြစ်အောင် ပြောင်းလဲရန် တင်ပြထား သည်။

**ပို့စ်တင်၊ ဂျီ (၂၀၁၂) ဗဟိုသမ၏ အသေးစားငွေကြေးလုပ်ငန်းအစီအစဉ်၏ လောလောဆယ်တိုးတက်မှုများ။**

- ဗဟိုသမအသင်း၏ စာရင်းအင်းကိန်းဂဏန်းများ (အသင်းသား၊ ကြွေးကျန်၊ အမြတ်အစသည်တို့) နှင့် ၂၀၁၁ခုနှစ် ဥပဒေအသစ်၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးထားပြီး ဗဟိုသမ၏အဓိကပြဿနာများ၊ အထောက်အပံ့ပေးနိုင်မည့်အစီအမံများကို ဖော်ပြထားသည်။
- အခက်အခဲမှာ ဗဟိုသမလက်အောက်ခံမဟုတ်သော MFIများ ငွေအရင်းအနှီးရရှိရန် လိုအပ်နေခြင်း ဖြစ်သည်။ အဓိကဌာနများကို ဗဟိုသမအစီအစဉ်တွင်းသို့ သွတ်သွင်းပေးရန် ဗဟိုသမက စီမံနေသည်။

**အိန္ဒိယတိုင်းသတင်းစာ (၂၀၁၂ ခု၊ မတ်လ ၁၂ရက်) အမျိုးသားနွားနို့လုပ်ငန်းဘုတ်အဖွဲ့ထံသို့ မြန်မာနိုင်ငံနွားနို့လုပ်ငန်းဘုတ်အဖွဲ့ထူထောင်ရန် အထောက်အပံ့တောင်းခံ။**

- သတင်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်- မြန်မာက အမျိုးသားနွားနို့လုပ်ငန်းဖွံ့ဖြိုးမှုဘုတ်အဖွဲ့(NDDB)ထံမှ အိန္ဒိယနိုင်ငံနွားနို့လုပ်ငန်းဘုတ်အဖွဲ့၏စနစ်အတိုင်း နွားနို့လုပ်ငန်းဘုတ်အဖွဲ့တစ်ခုထူထောင်ရန် အကူအညီတောင်းခံခဲ့သည်။ ယင်းနိုင်ငံသည် နွားနို့လုပ်ငန်းနှင့်လေ့ကျင့်ရေးဌာနထူထောင်ရန်အတွက် အထောက်အပံ့များနှင့် သမဝါယမများထူထောင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများရေးဆွဲရာတွင် အထောက်အကူပေးရန်ကိုပါ တောင်းခံခဲ့သည်။

**မြန်မာနိုင်ငံစီးပွားရေးလက်စွဲစာအုပ်၊ သမဝါယမများ (၂၀၀၃)၊ မကာတီမြို့၊ ဖီလစ်ပိုင်နိုင်ငံ၊ နည်းလမ်းသတင်းအချက်အလက်ကုမ္ပဏီ၊ http://search.proquest.com/docview/189387786?accountid=6180 မှ ထုတ်ယူသည်။**

- ဤအခန်းတွင် ၁၉၉၂ ခုနှစ် မြန်မာနိုင်ငံသမဝါယမအသင်းဥပဒေကို ဆွေးနွေးထားသည်။ မြန်မာသမဝါယမလှုပ်ရှားမှုနှင့် သမဝါယမကဏ္ဍတို့အကြောင်း အသေးစိတ်ဆွေးနွေးထားပြီး ကိန်းဂဏန်းစာရင်းအင်းများကိုပါဖော်ပြထားသည်။

- သမဝါယမဖွံ့ဖြိုးမှုအလားအလာများ၊ သမဝါယမကောလိပ်များ၊ အသက်မွေးမှုပညာသင်တန်းကျောင်းများ လုပ်ငန်းဆောင်ရွက်ပုံတို့ကို နိဂုံးတွင် အကျဉ်းမျှ ဆွေးနွေးထားသည်။

**တာနဲလ်၊အက်စ် (၂၀၀၅) ဗြိတိသျှမြန်မာနိုင်ငံ၏သမဝါယမချေးငွေ၊ ဆစ်ဒနီ၊ သြစတြေးလျ၊ မက်ကာရီး တက္ကသိုလ်၊ စီးပွားရေးဌာန။**

- တာနဲလ်သည် ယခင်က သြစတြေးလျအရန်ဘဏ်မှ အထက်တန်းဆန်းစစ်သူဖြစ်ခဲ့သည်။
- သမဝါယမချေးငွေဖွံ့ဖြိုးမှုကို ဗြိတိန်၊ အိန္ဒိယမှ မြန်မာအထိ နောက်ကြောင်းပြန်လိုက်ခဲ့သည်။ ယဉ်ကျေးမှုသမိုင်း၊ စီးပွားရေးဆိုင်ရာတို့ကို အတွင်းကျကျမသိသဖြင့် ယင်းလှုပ်ရှားမှုသည် ထင်တိုင်းမပေါက်ခဲ့ကြောင်း ကောက်ချက်ချထားသည်။
- ယင်းစာတမ်းကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် -
    - မြန်မာနိုင်ငံတွင် ချစ်တီးတို့၏ လုပ်ငန်းဆောင်ရွက်ပုံ ဆွေးနွေးချက်၊
    - သမဝါယမချေးငွေ၏ သမိုင်းအခြေခံများ၊
    - ကိုလိုနီခေတ်မြန်မာနိုင်ငံ၏ ဌာနဆိုင်ရာဖွဲ့စည်းမှု၊
    - မြန်မာနိုင်ငံ သမဝါယမချေးငွေ၏ အတက်အကျ၊
    - ကားလ်ဗာတ်ကော်မတီ ဘာမှားသွားသလဲ၊
- ၂၀ရာစုအစောပိုင်း မြန်မာနိုင်ငံ ငွေချေးသမဝါယမများကို တာနဲလ်က အကောင်းမမြင်ခဲ့ချေ။
- ကိုလိုနီခေတ်ငွေချေးသမဝါယမအကြောင်းကိုသာ ဆွေးနွေးထားသော်လည်း ယနေ့ခေတ် မြန်မာ သမဝါယမအသင်းများ၏ သမိုင်းကြောင်းကိုပါ ဖော်ပြထားသည်။

**တာနဲလ်၊အက်စ် (၂၀၀၉ က) မြန်မာနိုင်ငံရှိ မီးနဂါးများ၊ ဘဏ်များ၊ ငွေချေးသူများ၊ အသေးစားငွေကြေး လုပ်ငန်းများ၊ ကိုပင်ဟောဂင်၊ နောဒစ်အာရှရေးရာဌာန ပုံနှိပ်တိုက်။**

- မြန်မာနိုင်ငံငွေကြေးစနစ်၏ လက်ရှိလုပ်ငန်းဆောင်ရွက်ပုံများနှင့် ကိုလိုနီခေတ်မှ ယနေ့ထိ ရုန်းကန်ခဲ့ရပုံများကို ဖော်ပြထားသည်။
- ဒုတိယအခန်းကို `သမဝါယမချေးငွေကကယ်ဆယ်ပါ့မလား´ ဟု ခေါင်းစဉ်တပ်ထားပြီး ၂၀ရာစု အစောပိုင်းတွင် ဗြိတိသျှတို့ချမှတ်ခဲ့သော ငွေချေးသမဝါယမအသင်းများအက်ဥပဒေကို ဆွေးနွေး ထားသည်။ စာတမ်းရှင်က ရေးသားထားသည်မှာ `ဤအခန်းတွင် အကောင်းမြင်ခဲ့ကြသော အစဦးပိုင်းမှ စီးပွားပျက်ကပ်ကြီးအတွင်း လုံးဝကျဆုံးသွားသည်အထိ သမဝါယမချေးငွေ၏ အတက်အကျကို ရက်စဉ်သမိုင်းဖြင့်ဖော်ပြထားသည်။’
- ငွေချေးသမဝါယမများကို ၂၀ရာစုနှစ်ဦးပိုင်း မြန်မာနိုင်ငံတွင် ထူထောင်ရာ၌ သေချာစွာ ကြိုတင် စီမံခြင်းလည်းမရှိ ဆောင်ရွက်ပုံမှာလည်းညံ့ဖျင်းသည်ဟု တာနဲလ်က ရှုမြင်ထားသည်။
- စာအုပ်သုံးသပ်ချက်ကို -

- ငြိမ်း၊ အက်စ် (၂၀၁၀) ခေတ်ပြိုင်အာရှဂျာနယ် ၄၀၊ ၃၇၉-၆၈၂တွင် တွေ့နိုင်သည်။

**တာနဲလ်၊ အက်စ် (၂၀၀၉ ခ) မြန်မာ့ကျေးလက်ချေးငွေစနစ်ကို အရင်းအနှီးပြန်ထည့်ခြင်း၊ ဩစတြေးလျ အမျိုးသားတက္ကသိုလ် မြန်မာနောက်ဆုံးအခြေအနေကွန်ဖရင့်တွင် တင်ပြသည်။ မက်ကရီးတက္ကသိုလ်၊ စီးပွားရေးဌာန။**

- ၂၀၀၉ခုနှစ် မြန်မာ့စီးပွားရေးအကြပ်အတည်း၏အကြောင်းရင်းများကို ဆွေးနွေးထားပြီး ငွေအရင်း အနီးချို့တဲ့မှုမှာ အဓိကအကြောင်းရင်းခံဖြစ်ကြောင်း အခိုင်အမာတင်ပြထားသည်။
- ရှေ့သို့ဆက်လက်ဆောင်ရွက်ရန်အကြံများပြုထားပြီး မြန်မာ နိုင်ငံ၏ အဓိက ပြဿနာကြီး မှာ အစိုးရက ချုပ်ကိုင်ထားခြင်းဟု ဆိုထားသည်။
- ဤစာတမ်းကို အောက်ပါအတိုင်း အခန်းများ ခွဲထားသည်။
    - ဆိုင်ကလုန်မုန်တိုင်းနာဂစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် အရင်းအနှီးနှင့်ချေးငွေများ ခြောက် ခမ်းပုံအကျဉ်းချုပ်။
    - ကျေးလက်ဒေသနှင့်စိုက်ပျိုးရေးတွင် ငွေကြေးထောက်ပံ့ရန် ရည်ရွယ်ထားသော အဖွဲ့ အစည်းများ၊ အဓိကမှာ (MADB) ဘဏ်ဖြစ်သည်။
    - မြန်မာစာတ်ငွေ့ဆိပ်ကမ်းများလေ့လာချက်၊ ကျေးလက်ဒေသချေးငွေများသို့ ငွေရင်းထည့် ပေးသည့် အရင်းအမြစ်။
    - မြန်မာနိုင်ငံကျေးလက်ဒေသချေးငွေဆိုင်ရာ အလားအလာကောင်း
- ဤစာတမ်းတွင် မြန်မာနိုင်ငံဖွံ့ဖြိုးရေးအကူအညီ၊ စိုက်ပျိုးရေးဆိုင်ရာများ စာတမ်းများကိုလည်း ဖော်ပြထားသည်။ သမဝါယမများနှင့်တိုက်ရိုက်မသက်ဆိုင်သော်လည်း ဆက်စပ်ဖတ်ရှုသင့်သည်။

**ဝါး၊ ပီ (၂၀၀၀) မြန်မာ့စီးပွားရေးမူဝါဒများ ကျရှုံးခြင်း၊ အရှေ့တောင်အာရှရေးရာ ၂၀၊ ၈။**

- မြန်မာနိုင်ငံဂျီဒီပီ၏ ၄၃%ရှိကာ လူဦးရေ၏ ၇၀%ကို အလုပ်ပေးထားသော စိုက်ပျိုးရေးကဏ္ဍ သည်သာ အခြားအရှေ့တောင်အာရှနိုင်ငံများနောက်တွင် ကျန်ခဲ့သည်ကို ပြောင်းလဲနိုင်မည်ဟု ဆိုသည်။ ကုစားနိုင်မည့်နည်းလမ်းများကို ဆွေးနွေးထားပြီး အစိုးရ၊ သမဝါယမ နှင့် ပုဂ္ဂလိကတို့၏ ဂျီဒီပီအချိုးအစားကိုလည်း ဖော်ပြထားသည်။
- စိုက်ပျိုးရေးပြုပြင်ပြောင်းလဲရာတွင် သမဝါယမကို အသုံးပြုရန် သေသေချာချာ ဆွေးနွေးထားခြင်း မရှိ။

## မြန်မာနိုင်ငံသမဝါယမအစီရင်ခံစာများ

**ACCU (မတ် ၂၀၁၃)၊ အာရှဖွံ့ဖြိုးမှုပါရဂူများက ငွေချေးအသင်းများအတွက်ဆော်ဩခြင်း၊ ACCUစီမံ ခန့်ခွဲမှုအစီအရင်ခံစာ။**

- ၂၀၁၃ခုနှစ် မတ်လ၁၉ရက် မှ ၂၁ရက်ထိ ဗဟိုသမကကျင်းပသော စိုက်ပျိုးငွေကြေးဆိုင်ရာ လေ့ကျင့်ရေးဆွေးနွေးပွဲအကြောင်း ဖော်ပြထားသည်။

- ဆင်းရဲမှုကိုလျှော့ပါးစေရန် ကျေးလက်ဒေသမှလယ်သမားများ ငွေအရင်းအနှီးရရှိရန်လိုအပ်သည်ဟု အလေးပေးတင်ပြထားသည်။

**ACCU (ဇန်နဝါရီ ၂၀၁၃) ချေးငွေသူများတွင် စိုက်ပျိုးငွေကြေးဆိုင်ရာ ရှေ့ပြေးစီမံချက်၊ ACCU စီမံခန့်ခွဲမှု အစီရင်ခံစာ**

- ACCCUသည် CCAနှင့်လက်တွဲလုပ်ကိုင်နေသည်။
- ACCU၏ အမှုဆောင်အရာရှိချုပ် မြန်မာနိုင်ငံသို့လာကာ အသင်းသားများထံသို့ ငွေကြေးဝန်ဆောင်မှုများပိုမိုကောင်းမွန်အောင် ပေးဆောင်နိုင်မည့်မဟာဗျူဟာများကို ဗဟိုသမနှင့် ဆွေးနွေးခဲ့သည်။

**ဗဟိုသမအသင်း (၂၀၁၀)၊ ဘုတ်အဖွဲ့ အစီရင်ခံစာ၊ ရန်ကုန်။**

- ဗဟိုသမ၏ နှစ်ပတ်လည်အစီရင်ခံစာဖြစ်သည်။ ဗဟိုသမလက်အောက်ခံသမများ၏ လုပ်ငန်းဆောင်ရွက်မှုများ အထူးသဖြင့် MFI များကို ဖော်ပြထားသည်။
- ဗဟိုသမသည် MFIပေါင်း၁၂၀၊ အသင်းသားဧဂ၅၂၀ကို အကျိုးပြုနေကာ 'အာရှတွင်အအောင်မြင်ဆုံးအကောင်းဆုံးဟု အသိအမှတ်ပြုခံရကြောင်း' ဖော်ပြထားသည်။
- ဂပ်စ် ပို့စ်တင်၏တင်ပြအကြံပြုချက်များကို အရေးယူဆောင်ရွက်ထားကြောင်း အထောက်အထားမတွေ့ရ။

## မြန်မာသမဝါယမဥပဒေနှင့် ဥပဒေပြုခြင်းဆိုင်ရာ စာတမ်းများ

**ဗိုလ်ချုပ်ကြီးသန်း၊ အက်စ် (၁၉၉၂) သမဝါယမအသင်းဥပဒေ၊ အမိန့်ကြော်ငြာစာအမှတ် ၉/၉၂၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ရန်ကုန်၊ မြန်မာနိုင်ငံ။**

- ၁၉၉၂ခုနှစ်ဒီဇင်ဘာလတွင် မြန်မာသမဝါယမများကိုအုပ်ချုပ်ရန် ဤဥပဒေကို ပြဌာန်းခဲ့သည်။
- အောက်ပါအတိုင်းပြုစုထားသည် -
    - အသင်း၏အခြေခံမှုများ
    - အသင်း၏စည်းကမ်းနှင့် အသင်းဖွဲ့စည်းခြင်း
    - အသင်းသားဖြစ်ခြင်း၊ အသင်းသား၏တာဝန်နှင့်ရပိုင်ခွင့်များ၊ အသင်းသားအဖြစ်မှရပ်စဲခြင်း။
    - အသင်းဝင်ဖြစ်ခြင်း၊ အသင်းဝင်၏တာဝန်နှင့်ရပိုင်ခွင့်များ
    - အသင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အသင်းအဖြစ်မှရပ်စဲခြင်း
    - အသင်း၏ဘဏ္ဍာရေး
    - အသင်းဖျက်သိမ်းခြင်း
    - အငြင်းပွားမှုများကိုအဆုံးအဖြတ်ပေးခြင်း

**ဂန်ကြီးအောင်၊ အက်စ်(၁၉၉၈) သမဝါယမအသင်းနည်းဥပဒေ၊ အမိန့်ကြော်ငြာစာအမှတ် ၁/၉၈၊ သမဝါယမဂန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ ရန်ကုန်၊ မြန်မာနိုင်ငံ။**

- ၁၉၉၈ခုနှစ်တွင် မြန်မာအစိုးရသည် သမဝါယမအသင်းနည်းဥပဒေအသစ်ကို ပြဋ္ဌာန်းလိုက်သည်။ ယင်းတွင်ငွေကြေးဆိုင်ရာစည်းမျဉ်းများ၊ ဥပဒေများ၊ ညွှန်ကြားချက်များ၊ ဘဏ်ချေးငွေအသုံးပြုပုံများ ပါဝင်သည်။
- အောက်ပါအတိုင်းပြုစုထားသည်-
    - အဆင့်အမျိုးအစားခွဲခြား သတ်မှတ်ခြင်း၊ သမဝါယမအသင်းစည်းမျဉ်းများ၊
    - သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်း
    - ဦးဆောင်ကော်မတီဘုတ်အဖွဲ့များကိုရွေးချယ်ခြင်း၊ တာဝန်အပ်နှင်းခြင်း၊ တာဝန်မှရပ်စဲခြင်း၊ အစည်းအဝေးအစီအစဉ်များနှင့် စည်းကမ်းများ၊
    - အသင်း၏ ငွေရေးကြေးရေး၊ အသင်းများအာမခံထားရှိခြင်း
    - သမဝါယမအသင်းများ၏ စီးပွားရေးလုပ်ငန်းများ၊ စာရင်းအင်းများ ထိန်းသိမ်းရေး
    - စာရင်းစစ်ခြင်း
    - သမဝါယမအသင်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း
    - အသင်းဖျက်သိမ်းခြင်း
    - သမဝါယမအလံနှင့် တံဆိပ်
    - ၁၉၉၂ခုနှစ်ဥပဒေနှင့် သိသာစွာကွာခြားကြောင်းတွေ့ရသည်။ ပို၍လွတ်လပ်ကာ နိုင်ငံတကာသမဝါယမအလေ့အကျင့်များနှင့် တစ်ပြေးညီဖြစ်ကြောင်းတွေ့ရသည်။စကားအသုံးအနှုန်းကအစကွာခြားသည်။ နိုင်ငံတကာစံချိန်များနှင့် ပို၍နီးစပ်လာသည်။ ဥပမာအားဖြင့် ၁၉၉၂ ခုနှစ် ဥပဒေတွင် အသင်းသားဖြစ်ရန် အနိမ့်ဆုံးစံများသတ်မှတ်ထားသည် (ဥပမာ၊ အသက်၁၈နှစ်ပြည့်ပြီးဖြစ်ရမည်။ စိတ်ပေါ့သွပ်သူများမဖြစ်ရ) ၊ နည်းဥပဒေတွင် မပါဝင်တော့ချေ။

**သိန်း၊ အက်စ် (၂၀၁၁) ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃ (အသေးစားငွေရေးကြေးလုပ်ငန်းဥပဒေ) ၊ ရန်ကုန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ။**

- ၂၀၁၁ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သော ဥပဒေသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းအစီအမံများကို မြန်မာနိုင်ငံတွင် အသုံးပြုရန် ပြဋ္ဌာန်းလိုက်သည်။
- အောက်ပါအတိုင်းပြုစုထားသည်-
    - အမည်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် ရည်ရွယ်ချက်
    - ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

- အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ
- အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏လုပ်ငန်းတာဝန်များ
- မြန်မာအသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ လုပ်ငန်းတာဂန်များ
- ဖွဲ့စည်းတည်ထောင်ခြင်း
- လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းတာဂန်နှင့် လုပ်ပိုင်ခွင့်များ
- စာရင်းစစ်ဆေးခြင်း၊ အစီရင်ခံခြင်း၊ ကြီးကြပ်စစ်ဆေးခြင်း
- စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း
- စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
- တားမြစ်ချက်များ
- ပြစ်မှုနှင့်ပြစ်ဒဏ်များ
- အထွေထွေ

## မြန်မာနိုင်ငံအသွင် ကူးပြောင်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သောစာတမ်းများ

**အက်ရှင်အေ့ဒ်(၂၀၁၈)မြန်မာနိုင်ငံရှိကျွန်ုပ်တို့၏အလုပ်အကြောင်း၊ http://www.actionaid.org/ where - we -work/asia-australia/myanmar မှထုတ်ယူသည်။**

- အက်ရှင်အေ့ဒ်သည် ကချင်၊ ကယား၊ ရခိုင်ပြည်နယ်များနှင့် ရောဂတီတိုင်းတို့တွင် အလုပ်လုပ်နေသည်။
- မြန်မာနိုင်ငံတွင် အဓိကလုပ်ဆောင်နေသည်မှာ အပြောင်းအလဲလုပ်သူ (လူငယ်ခေါင်းဆောင်) များကိုအပြင်းအထန်လေ့ကျင့်ပေးခြင်း၊ ပစ်မှတ်ရပ်ရွာများတွင် နေရာချထားပေးကာ စည်းရုံးရန်စီမံခြင်း၊ ဒီမိုကရေစီနှုန်းစံများကို ထုတ်ဖော်ပြသခြင်း၊ ရပ်ရွာ၏အရင်းအမြစ်များကိုအသုံးချစေခြင်းတို့ကိုလုပ်ဆောင်စေပြီး ဒေသခံအဖွဲ့အစည်းများကိုထောက်ပံ့ရန်ဖြစ်သည်။
- သမဝါယမ သို့မဟုတ် အသေးစားငွေကြေးလုပ်ငန်းတို့နှင့် ပတ်သက်၍ သီးခြားဖော်ပြခြင်းမရှိ။

**အင်းဒရပ်စ်၊ ဂျေ အာရ် (၁၉၄၆) မြန်မာနိုင်ငံစိုက်ပျိုးရေးပြဿနာ၊ ပစ္စိဖိတ်ရေးရာ။ ၁၉ ၊ ၂၆၀-၂၇၁။**

- ၁၉၃၀ပြည်နှစ်များအတွင်း စိုက်ပျိုးရေးလူမှုအပြောင်းအလဲများအကြောင်းကို ဆွေးနွေးထားသည်။ ဂျပန်တို့မဝင်ရောက်မီနှင့်ဝင်ရောက်ပြီးချိန်တို့တွင် ကြုံတွေ့ရသောစိုက်ပျိုးရေးဆိုင်ရာ ပြဿနာများအကြောင်းကို အဓိကဖော်ပြထားသည်။

- သမဝါယမ၏အခန်းကဏ္ဍကို ဆွေးနွေးမထားသော်လည်း၊ စာမျက်နှာ၂၆၇တွင် သမဝါယမနှင့် ဈေးကွက်အသင်းတို့က ၁၉၃၉ခုနှစ် လယ်မြေဝယ်ယူခြင်းအက်ဥပဒေကို လိုက်နာနေကြောင်း ဖော်ပြထားသည်။

**အာရှဖွံ့ဖြိုးမှုဘဏ် (ဩဂုတ်၂၀၁၂) ပြောင်းလဲနေသောမြန်မာနိုင်ငံ၊ အခွင့်အရေးနှင့်အခက်အခဲများ၊ မနီလာ၊ ဖိလစ်ပိုင်၊ http://www.adb.org/publications/myanmar-transitionopportunities-and-challenges မှ ထုတ်ယူသည်။**

- မြန်မာနိုင်ငံတွင် သဘာဝသယံဇာတပေါ်များကြောင်း၊ အာရှတိုက်တွင်းကုန်သွယ်မှုတွင် အချက်အခြာကျသောနေရာတွင် တည်ရှိကြောင်းဖော်ပြထားပြီး၊ မြန်မာနိုင်ငံတွင်လယ်ယာကဏ္ဍကို ထူထောင်ရန် အရေးကြီးကြောင်းကိုပါ ဖော်ပြထားသည်။
- မြန်မာနိုင်ငံသည် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံတို့၏အတွေ့အကြုံတို့မှ သင်ယူနိုင်ပါက အိန္ဒိယနှင့် တရုတ်ကဲ့သို့ပင် တိုးတက်ဖွံ့ဖြိုးမှုကြီးမားလာပြီး နာမည်ကြီးလာနိုင်ကြောင်း ဖော်ပြထားသည်။
    - မြန်မာနိုင်ငံသည် နောင်၁၀နှစ်မှ၁၂နှစ်အတွင်း နှစ်စဉ် ၇ရာနှုန်းမှ၈ရာနှုန်းထိ တိုးတက်လာမည်၊ ၂၀၃၀ပြည့်နှစ်တွင် အိမ်ထောင်တစ်စုချင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၃၀၀၀ထိရှိလာမည် (လက်ရှိဝင်ငွေ ၂ဆနီးပါး)ဟု ခန့်မှန်းထားသည်။
- ဤစာတမ်းတွင် အကျဉ်းချုပ်ဖော်ပြချက်နှင့် အတူအောက်ပါအတိုင်း အခန်းများဖွဲ့ကာရေးထားသည်-
    - ပြောင်းလဲနေသောမြန်မာနိုင်ငံ (ကြီးမားသော စီးပွားရေး၊ ဆင်းရဲမှု ၊ မညီမျှမှု)
    - ပြင်ပပတ်ဝန်းကျင်ကို ပြောင်းလဲခြင်း (ဥပမာ၊ ကုန်သွယ်မှု၊ ရင်းနှီးမြုပ်နှံမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အလမ်းများ)
    - အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ အခက်အခဲများ၊
    - မြန်မာ့စီးပွားရေးအပြောင်းအလဲသို့ ရိုက်ခတ်လာမှုများ( ကြီးမားသောစီးပွားရေးကိုတည်ငြိမ်အောင်စီမံခန့်ခွဲမှု၊ သယံဇာတများကိုသုံးစွဲမှု၊ ဖွံ့ဖြိုးမှုအခြေခံများကိုတည်ဆောက်ခြင်း၊ စီမံခြင်းနှင့် စာရင်းအင်းဆိုင်ရာကျွမ်းကျင်မှုကို တည်ဆောက်ခြင်း)

**အော့စ်အေ့ဒ် (ဇူလိုင်၂၀၁၂) ၂၀၁၁ခုနှစ်အတွက် မြန်မာနိုင်ငံတွင်လုပ်ဆောင်မှုနှစ်စဉ်အစီရင်ခံစာ http://www.ausaid.gov.au/countries/eastasia/myanmar/Documents/burma-appr-2011.pdf မှထုတ်ယူသည်။**

- မြန်မာနိုင်ငံတွင် ယင်းတို့ဆောင်ရွက်နေသော ကျန်းမာရေး၊ ပညာရေး၊ စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းများအကြောင်းဖော်ပြသည်။

- သမဝါယမအကြောင်းသီးခြားဖော်ပြခြင်းမရှိ၊ ၂၀၁၁ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေသည် အစိုးရ၏စီးပွားရေးပြုပြင်ပြောင်းလဲလိုမှုရှိကြောင်း စိတ်နှစ်ထားမှုကို ပြသခြင်းဟု ဖော်ပြသည်။
- LIFT နှင့် ဩစတြေးလျနိုင်ငံတကာ စိုက်ပျိုးရေးသုတေသနဌာန (ACIR) ကိုနှင့် ယင်းတို့၏ လက်တွဲလုပ်ဆောင်မှုကို ဖော်ပြထားသည်။

**အော့စ်အေ့ဒ် / ဩစတြေးလျ အစိုးရ (၂၀၁၁) မြန်မာနိုင်ငံ၏ အရပ်ဘက် လူမှုအဖွဲ့အစည်းကို အားဖြည့်ခြင်း၊ ပေါင်းကူးနှစ်စဉ် အစီရင်ခံစာ ၂၀၁၀/၁၁။**

- ပေါင်းကူးစီမံချက် (PK) သည် မြန်မာနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း ခိုင်မာအောင် ကြိုးပမ်းနေသည်။
- PK ၏ အဓိကရည်ရွယ်ချက်၄ရပ်ကို တစ်ခန်းစီဖွင့်ကာ ရေးသားထားသည်။ စွမ်းရည်တည်ဆောက်ခြင်း၊ အလေ့အကျင့်များကိုတိုးတက်စေခြင်း၊ ကွန်ရက်တည်ဆောက်ခြင်း၊ အသိပေးစည်းရုံးမှုကိုမြှင့်တင်ပေးခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကို အားဖြည့်ခြင်း၊
- PK သည် နည်းပေး လမ်းပြစီမံချက်များကိုလည်း ငွေထောက်ပံ့ပေးသည်။
- သမဝါယမအကြောင်း ဆွေးနွေးခြင်းမရှိ၊ အသေးစားငွေကြေးလုပ်ငန်းကို နည်းပေးလမ်းပြစီမံချက်လှုပ်ရှားမှုတွင် သာဖော်ပြထားသည်။

**လေး၊ ကေ (၂၀၁၂) မြန်မာနိုင်ငံလှုပ်ရှားမှု CUFA <u>http://www.cufa.com.au /service/component/ content/article/59-january-newsletter-2012/282-myanmar</u> မှ ထုတ်ယူသည်။**

- CUFA က ဗုဒ္ဓဘာသာဝင်များနှင့် လက်တွဲကာ မြန်မာနိုင်ငံတဝန်းလုံးရှိ နယ်မြေ၂၆ခုတွင် အသင်းသား ၆၅၀၀၀ရှိသော ငွေကြေးသမဝါယမ၂၃၈ခုကို တည်ထောင်ခဲ့သည်။
- မြန်မာနိုင်ငံအတွင်းတရားဝင်ငွေကြေးဝန်ဆောင်မှုများနှင့် လက်လှမ်းမမီပါက ငွေကြေးသမဝါယမများသည် သက်ဆိုင်ရာဒေသများရှိ ကွာခြားချက်များကို ပေါင်းကူးပေးနိုင်ကြောင်း ဆွေးနွေးထားသည်။ ယင်းတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအရှေ့မြောက်ဒေသတွင် ငွေကြေးသမဝါယမကွန်ရက်တစ်ရပ်ကို အားဖြည့်ပေးရန် ဖြစ်သည်။

**သိန်း၊အမ် (၁၉၉၀) ဖွံ့ဖြိုးရေးဆိုင်ရာငွေကြေးမူဝါဒများ၊ မြန်မာအကြွပ်အတည်းများနှင့်နည်းလမ်းများ၊ ၁၉၉၀ပြည့်နှစ်များအတွင်း စီးပွားရေးပြောင်းလဲမှု၏ အခက်အခဲများ၊ ၅၃- ၈၈။**

- ၁၉၈၀ပြည့်နှစ် နှင့် ၁၉၉၀ပြည့်နှစ်လွန်နှစ်များအတွင်း မြန်မာနိုင်ငံ၏ မူဝါဒနှင့် ငွေကြေးဌာနများ အကြောင်းကို သုံးသပ်ထားသည်။ မည်သည့် ငွေကြေးမူဝါဒများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကိုရေရှည်အထောက်အကူပြုသည်ကို မေးခွန်းထုတ်ထားသည်။

**တာနဲလ်၊ အက်စ် (၂၀၁၁ က) မြန်မာနိုင်ငံ၏အကြီးစားစီးပွားရေး၏ အခြေခံများ၊ နိုင်ငံရေးစီးပွားရေး အမြင်၊ အာရှစီးပွားရေးမူဝါဒစာစောင် ၁၊ ၁၃၆ - ၁၅၃။**

- ငွေကြေးစနစ်များနှင့် ငွေကြေးမူဝါဒကို နိုင်ငံရေးရှုထောင့်မှ စူးစမ်းထားသည်။ အခွန်ကောက်ခြင်း၊ ကျေးလက်ဒေသတွင် ငွေကြေးအခက်အခဲများ၊ ဈေးငွေရရှိမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပကြွေးမြီစသော အဓိကအကြောင်းအချက်များ ပါဝင်သည်။
- အမှန်တကယ် စီးပွားရေးဖွံ့ဖြိုးမှုသို့မဟုတ် ပြုပြင်ပြောင်းလဲမှုတည်ဆောက်ရာတွင် သမဝါယမ၏ အခန်းကဏ္ဍကိုစူးစမ်းလေ့လာထားခြင်းမရှိပေ။

**တာနဲလ်၊ အက်စ် (၂၀၁၁ ခ) ၊ မြန်မာနိုင်ငံ ၂၀၁၁ခုနှစ် အခြေအနေ၊ အာရှစစ်တမ်း၊ ၅၂-၁၅၇- ၁၆၄။**

- ၂၀၁၁ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမျိုးရေး၊ နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး ပြုပြင်မှုစသည်တို့ကို သုံးသပ်ထားသည်။ ၂၀၁၁ခုနှစ်ကို မြန်မာနိုင်ငံ၏အပြောင်းအလဲနှစ်ဟု ဖော်ပြထား သည်။

**UNDP (၂၀၁၀) လူသားဖွံ့ဖြိုးမှု အစီအမံ- မြန်မာနိုင်ငံ**

- ဤအစီရင်ခံစာသည် စားနပ်ရိက္ခာဖူလုံရေး အသက်မွေးမှုကောင်းမွန်ရေး၊ ဒေသတွင်း စွမ်းရည် တည်ဆောက်ရေးတို့ကို ဆွေးနွေးထားသည်။
- သမဝါယမကို စွမ်းဆောင်ရည်အဖြစ် ဖော်ပြမထားပေ။
- မြန်မာနိုင်ငံလူသားဖွံ့ဖြိုးမှုအစီအမံ (၂၀၁၁) ကို အကဲဖြတ်ချက်ကို ဂလင် ဆွမ်ဆင်က UNDP ကိုယ်စားရေးသားတင်ပြထားသည်။

**ဝဲရာ၊ အေ (၂၀၁၁) မြန်မာနိုင်ငံရှိ MDG များ၊ သက်ဆိုင်သလား၊ အသုံးမဝင်ဘူးလား၊ အာရှပစိဖိတ် စီးပွားရေး ဂျာနယ် ၁၆၊ ၅၇၉ - ၅၉၆။**

- MDG များတွင်ပါဝင်သောဖွံ့ဖြိုးမှုများမှာ မြန်မာနိုင်ငံအတွက် များစွာလိုအပ်နေကြောင်း၊ သို့သော် နိုင်ငံတကာအသိုက်အဝန်းသည် ယင်းတို့ကို မြန်မာ့အခြေအနေနှင့် ကိုက်ညီအောင် ကျင့်သုံး ရမည်ဖြစ်ကြောင်း ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၈၀ တွင် မြန်မာနိုင်ငံသည် နိုင်ငံခြားအကူအညီ ရရှိမှုတွင် အနည်းဆုံးဖြစ်ကြောင်း MDGများသည် အောင်မြင်တိုးတက်နေသည်ဟု ရှုမြင်ရန် အရေးကြီးကြောင်း၊ သို့မှသာ နိုင်ငံတကာ၏အထောက်အထားအပံ့သည် ၂၀၁၅ အထိရှိနေမည် ဖြစ်ကြောင်း ဆွေးနွေးထားသည်။

## မြန်မာနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံနှိုင်းယှဉ်ခြင်းနှင့် သက်ဆိုင်သော စာတမ်းများ

**ဂိုအင်ကာ၊ အေနင့်ဟင်လီ၊ ဒီ တည်းဖြတ်(၂၀၁၀) အရှေ့တောင်အာရှ ဈေးငွေတော်လှန်ရေး၊ ငွေချေးစားသူများမှ အသေးစားငွေကြေးလုပ်ငန်း၊ ရုတလဂ် အာရှစီးပွားရေးတိုးတက်မှုလေ့လာချက်၊ လန်ဒန်နှင့် နယူးယောက်၊ တေလာနှင့် ဖရန်စစ်၊ ရုတလဂ်။**

- ဤစာအုပ်တွင် အရှေ့တောင်အာရှတွင် အသေးစားငွေကြေးလုပ်ငန်းကို ဆင်းရဲမှုပပျောက်ရေး ယန္တရားအဖြစ် သုံးစွဲနေကြောင်း ဆောင်းပါး၁၁ပုဒ်ပါဝင်သည်။ မြန်မာနှင့် အင်ဒိုနီးရှားတို့နှင့် ပတ်သက်သည် တို့လည်း ပါဝင်သည်။
- ဤစာအုပ်ကို အွန်လိုင်းတွင် မရနိုင်ပါ။
- အသေးစားငွေကြေးလုပ်ငန်း၊ ကျေးလက်ဒေသ၊ အင်ဒိုနီးရှားသမိုင်း စသည်တို့ကို စိတ်ဝင်စား သူတို့အတွက် အချက်အလက်အစုံလင်ဆုံးဟု စာအုပ်ဝေဖန်သူတစ်ဦးကဆိုသည်။(တို့သ် အာရ်)

**နိုင်ငံတကာသမဝါယမမဟာမိတ်၁၉၆၇ အရှေ့တောင်အာရှဒေသစိုက်ပျိုးရေးသမဝယမ ချေးငွေ၊ ဘုံဘေ၊ အာရှစာအုပ်တိုက်**

- စိတ်ဝင်စားစရာမေးခွန်းမှာ-
    - ငွေကြေးသမဝါယမများ မည်သို့အလုပ်လုပ်ကြသလဲ၊ စိုက်ပျိုးရေးချေးငွေနှင့် ပတ်သက် သော ပြဿနာများမှာဘာလဲ၊ နိုင်ငံများတွင်အောင်မြင်စေသော/မအောင်မြင်စေသော အကြောင်းရင်းများမှာ ဘာလဲ။
- အိန္ဒိယတွင် သမဝါယမများ မအောင်မြင်ခြင်း၊ ဂျပန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ သီဟို တို့တွင် အောင်မြင်တို့ကို အထူးပြုထားသည်။ မြန်မာနှင့် အင်ဒိုနီးရှားတို့ကို နှိုင်းယှဥ်ချက် မပါဝင်ပါ။
- စာလေးမျက်နှာပါသော ဤစာတမ်းကိုသုံးသပ်ချက် ရှိဗာမဂ္ဂီ၊ အိပ်ချ်(၁၉၆၈)ကုန်သွယ်ရေးနှင့် ငွေကြေးအတူသွားကြသည်။ စီးပွားရေးနှင့် နိုင်ငံရေး အပတ်စဥ်ဂျာနယ် ၃၊ ၁၂၃၉-၁၂၄၂။

**ကစ်ပင်၊ အင်န်(၂၀၁၂)ပြောင်းလဲနေသော နိုင်ငံရေးနှင့်အသင်းများ၊ နေဝင်းလက်အောက်ခံမြန်မာနိုင်ငံ နှင့် ဆူဟာတိုလက်အောက်ခံအင်ဒိုနီးရှား၊ အာရှနှင့်အာဖရိက သုတေသနဂျာနယ် ၄၇၊ ၇၅၁-၇၆၄။**

- ၁၉၆၂ မှ ၁၉၈၈ အထိ နေဝင်း ခေတ်နှင့် ၁၉၆၇-၁၉၉၈ ဆူဟာတိုခေတ်တို့၏ တူညီသော အချက်များနှင့် ယင်းတို့နောက်ပိုင်းပြောင်းလဲလာမှုများကို ဆွေးနွေးထားသည်။
- ဤသည်တို့ကို လေ့လာခြင်းဖြင့် ဒီမိုကရေစီပြောင်းလဲမှုတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ အခန်းကဏ္ဍကို မြင်သာမြင်ဟု အကြံပြုထားသည်။

**ခွန်း၊အေ(၂၀၁၃) မြန်မာပြုပြင်ပြောင်းလဲလာသောအခါ၊ အင်ဒိုနီးရှားမှသင်ခန်းစာများ၊ အင်န်ပီအာရ် ထုတ်လွှင့်ချက်**

- ဒီမိုကရေစီနှင့် စီးပွားရေးအပြောင်းအလဲအတွက် မြန်မာနိုင်ငံ ရှန်းကန်နေစဥ် အင်ဒိုနီးရှားထံမှ ရရှိသော သင်ခန်းစာမှာ ဘာသာရေးပဋိပက္ခနှင့်ပတ်သက်ပါသည်။ မြန်မာနိုင်ငံတွင် ကြုံတွေ့ရ သော ဘာသာရေးပဋိပက္ခမှာ အလျင်၁ဂနှစ်ကျော်က အင်ဒိုနီးရှား ကြုံတွေ့ခဲ့ရသည်နှင့်တူညီ သည်။

**လျန်တို၊ ဂျီနှင့် ဘာဒီယိုလာ၊ ဇေ (၂၀၁၁) အာရှနိုင်ငံများ၏ကျေးလက်ဒေသ ငွေကြေးပတ်ဂန်းကျင်၊ မူဝါဒများ၊ တီထွင်မှု၊ ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု၊ အာရှပစ္စိဖိတ်ကျေးလက်ဒေသနှင့်**

**စိုက်ပျိုးရေးချေးငွေအသင်းများ (APRACA) ဖင်ပါဝါအစီအစဉ်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု နိုင်ငံတကာရန်ပုံငွေ (IFAD)**

- မြန်မာကို ဤစာတမ်းတွင် အဓိကမထားပါ။ သို့သော် (MADB) ဘဏ်အကြောင်း စာရင်းအင်းများနှင့်ဖော်ပြချက်အကျဉ်းပါဝင်သည်။
- မြန်မာနိုင်ငံသည် သီးခြားနေသောကြောင့် ကမ္ဘာ့ငွေကြေးအကြပ်အတည်း၏ သက်ရောက်မှုကိုများစွာမခံစားရကြောင်း ဖော်ပြထားသည်။

**မြ၊ တီ နှင့်မြတ်၊ တီ တည်းဖြတ်(၂၀၁၁)မြန်မာနိုင်ငံဖွံ့ဖြိုးမှုအတွက် ငွေကြေးအရင်းအမြစ်၊ အာရှစင်္ကာပူမှ သင်ခန်းစာများ၊ အရှေ့တောင်အာရှသုတေသနဌာန။**

- မြန်မာနိုင်ငံရှိ ငွေကြေးဌာနများအကြောင်းနှင့် အရင်းအမြစ်များကိုအသုံးချပြီး မြန်မာနိုင်ငံဖွံ့ဖြိုးမှုဆောင်ရွက်ရာတွင် အသုံးပြုနိုင်သော အရှေ့တောင်အာရှနိုင်ငံများမှ သင်ခန်းစာများကို ဖော်ပြထားသည်။
- အင်ဒိုနီးရှားနိုင်ငံ ငွေကြေးကဏ္ဍပြုပြင်မှုများကို အခန်းတစ်ခုဖြင့် ဖော်ပြထားသည်။
- ဤစာအုပ်ကို အွန်လိုင်းတွင် မရနိုင်ပါ။

**ပိုင်၊ အယ်လ် (၁၉၉၉) ရည်မှန်းမှု၊ လူမှုရေးအရင်းအနှီး၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အာရှတိုက်နှင့်သက်ဆိုင်သော မူဝါဒသုံးရပ် ပညာရပ်ပေါင်းစုံ သမိုင်းဂျာနယ် ၄၊ ၇၆၃-၇၈၂။**

- ဤစာတမ်းသည် အရှေ့တောင်အာရှသမဝါယမဖွံ့ဖြိုးမှုနှင့်မသက်ဆိုင်ပါ။ သို့သော်ဤကျမ်းစာရင်းနှင့် သက်ဆိုင်သော အကြောင်းအရာအချို့ ပါဝင်သည်။
- မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားတို့၏ နိုင်ငံတည်ဆောက်ရေးကာလတာရှည်ပုံမှာလည်းတူညီသည်။ အစိုးရကိုစိန်ခေါ်နေသောအဖွဲ့စည်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုဖိနှိပ်မှု စသည်တို့တွင်ဖြစ်သည်။ မြန်မာနှင့်အင်ဒိုနီးရှားတို့၏ လွတ်လပ်ရေးနှင့်ဒီမိုကရေစီအတွက် ရုန်းကန်မှုမှာလည်းတူညီသည်။

**ရောဘတ်၊ စီ (၂၀၁၈) အရှေ့တောင်အာရှရှိအစွဲအလန်းနှင့်ယုံကြည်မှု၊ ဒေသဆိုင်ရာလေ့လာချက်၊ လူထု၏အာဆီယံနှင့် အစိုးရ၏အာဆီယံ ၈၄-၉၂။**

- အရှေ့တောင်အာရှအတွင်း လုံခြုံရေးတိုးမြင့်မှုအကြောင်းကို အဓိကဆွေးနွေးထားသည်။
- မြန်မာနှင့်အင်ဒိုနီးရှားတို့သည် မယုံကြည်ဆုံးနိုင်ငံများဟု ဆိုထားသည်။
- မြန်မာနိုင်ငံသမဝါယမအသင်းများအတွင်း ယုံကြည်မှုရှိခြင်းသည် ဤကဏ္ဍအတွက် အကြီးမားဆုံးအင်အားတစ်ရပ်ဖြစ်ကြောင်း ပြောဆိုနိုင်သည်။

**စန္ဒာဆင်၊ယူ(၁၉၉၅) အင်ဒိုနီးရှား၏စနစ်သစ်၊ မြန်မာနိုင်ငံအတွက်နမူနာဖြစ်မည်လား၊ အာရှသုတေသန ၂၅ ၇၆၈-၇၈၀။**

- မြန်မာSLORCအစိုးရသည် အင်ဒိုနီးရှားမှဆူဟာတိုအစိုးရကို စိတ်ဝင်စားရခြင်းမှာ လူနေမှု အဆင့်ကို မြှင့်တင်ယင်းက စစ်တပ်၏လုပ်ငန်းကိုတိုး၍ ဆောင်ရွက်ရန်ဖြစ်သည်။ SLORC မှ ကိုယ်စားလှယ်များသည် ဂျာကာတာကိုလာကာ အင်ဒိုနီးရှားစစ်တပ်၏ နိုင်ငံရေးနှင့်ကာကွယ် ရေးနည်းလမ်းများကို လေ့လာခဲ့ကြသည်။ သို့သော် အင်ဒိုနီးရှား၏လုပ်ဆောင်ချက်များကို မြန်မာ နိုင်ငံတွင် ပုံတူမကူးချခဲ့ကြောင်းဆိုသည်။
- ဤစာတမ်းတွင် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း နှစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေး၊ အကြမ်းဖက်မှု၊ အစိုးရ၊ ခေါင်းဆောင်မှု၊ လူမျိုးရေး၊ စစ်ရေး၊ စီးပွားရေး အကြောင်းတို့ကို နှိုင်းယှဉ် ပြထားသည်။

## အင်ဒိုနီးရှားသမဝါယမဖြစ်ထွန်းမှု/လှုပ်ရှားမှုနှင့် သက်ဆိုင်သော စာတမ်းများ

**FAO အာရှနှင့် ပစိဖိတ်နိုင်ငံအချို့မှ သမဝါယမဥပဒေပြုမှုများလေ့လာချက်၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုဌာန၊ ဘန်ကောက်။**

- ဤဆောင်းပါးတွင် အင်ဒိုနီးရှားအပါအဝင် အာရှနှင့်ပစိဖိတ်နိုင်ငံအချို့တို့၏ သမဝါယမဥပဒေ ပြုမှုများကို နှိုင်းယှဉ်ထားသည်။

**ဟတ္တာ၊ အမ် (၁၉၅၇) အင်ဒိုနီးရှားသမဝါယမလှုပ်ရှားမှု၊ နယူးယောက်ကွန်နဲလ်တက္ကသိုလ်ပုံနှိပ်တိုက်။**

- မာမွတ်ဟတ္တာသည် ၁၉၄၅ မှ ၁၉၅၆ခုနှစ်အတွင်း အင်ဒိုနီးရှားဒုသမ္မတဖြစ်ခဲ့သည်။ သူ့ကို အင်ဒိုနီးရှား သမဝါယမ၏ဖခင်ကြီးဟုခေါ်ကြသည်။
- ဤစာအုပ်တွင် ဟတ္တာ၏ သမဝါယမနေ့မိန့်ခွန်း ၆ခုတို့စုပေါင်းထားသည်။
- ဤစာအုပ်၏ ဝေဖန်ချက်ကို အောက်ပါစီးပွားရေးဂျာနယ်တွင် ဖော်ပြထားသည် -
  - ဟတ္တာ၊ အမ် (၁၉၅၈) အင်ဒိုနီးရှားသမဝါယမလှုပ်ရှားမှု၊ စီးပွားရေးသမိုင်းဂျာနယ်၊ ဟတ္တာက အောက်ပါကိုပြောသည်ဟု ဆိုသည်။
    - ‘သမဝါယမလှုပ်ရှားမှုသည်သာ နိုင်ငံခြားလက်အောက်မှ လွတ်မြောက်လာသော မဖွံ့ဖြိုးသေးဟုအခေါ်ခံရသော နိုင်ငံများ၏လူနေမှုအဆင့်တိုးမြှင့်တင်ရန် တစ်ခု တည်းသော နည်းလမ်းဖြစ်ကြောင်း’
    - ဤစာအုပ်ဝေဖန်ချက်တွင် အင်ဒိုနီးရှားသမဝါယမများတွင် မစုမနေရငွေစုဆောင်း မှုအကြောင်းကို ဖော်ပြထားသည်။ မြန်မာနှင့်အင်ဒိုနီးရှား သမဝါယမလှုပ်ရှားမှု တို့ကို နှိုင်းယှဉ်ကြည့်ရမည့်အချက်ပင်ဖြစ်သည်။

**ဟာစ်ဂင်း၊ ဘီ (၁၉၅၈) ဟာတ္တာနှင့်သမဝါယမ၊ အင်ဒိုနီးရှား၏အလယ်လမ်းပေလား၊ အမေရိကန် နိုင်ငံရေးနှင့်လူမှုရေးသိပ္ပံဌာန၊ ၃၁၉၊ ၄၉-၆၀။**

- ဟာစ်ဂင်းသည် အင်ဒိုနီးရှားသမဝါယမလှုပ်ရှားမှုတွင် ဒုသမ္မတဟာတ္တာပါဝင်သော အခန်းကဏ္ဍကို ဆွေးနွေးထားသည်။ ထို့ပြင် သမဝါယမသည်သာ လူတန်းစားကင်းမဲ့သော အင်ဒိုနီးရှားနိုင်ငံ အဖြစ်သို့ ရောက်ရှိနိုင်မည့်နည်းလမ်းဟုဆိုသည်။ သမဝါယမများဖြင့်နိုင်ငံ၏ `အငုံ့စိတ်´ ကို ပယ်ဖျောက်နိုင်မည်ဟု ဆိုသည်။
- သမဝါယမ၏အသုံးဝင်မှုနှင့်ပတ်သက်သော ဟာတ္တာ၏အဆိုများကို လက်ခံသော်လည်း ဟာစ်ဂင်း က သမဝါယမများကို အင်ဒိုနီးရှားစီးပွားရေးကိုတစ်မုဟုတ်ချင်း တိုးတက်စေမည့်ဖြေရှင်းချက်များ အဖြစ် မမြင်သင့်ကြောင်း ဆွေးနွေးထားသည်။

**ICA ၏ အာရှနှင့် ပစိဖိတ်ဒေသစားသုံးသူ သမဝါယမများကော်မတီ၊ အင်ဒိုနီးရှားသမဝါယမလှုပ်ရှားမှု (http:// www.eurocoop.coop/ dmdocuments/ reports_Memos/ asia_2012_04.pdf) မှထုတ်ယူ သည်။**

- ဤအစီရင်ခံစာကို အောက်ပါအတိုင်း ပြုစုထားသည်-
    - အင်ဒိုနီးရှား သမဝါယမလှုပ်ရှားမှု
    - စားသုံးသူသမဝါယမများအကြောင်း အကျဉ်းချုပ်
    - ကိုယ်စားပြု သမဝါယမအသင်းများ
    - ပြဿနာများနှင့် အနာဂတ်အမြင်
    - အင်ဒိုနီးရှားအကြောင်း

**ILO (2012) အင်ဒိုနီးရှားတွင် သမဝါယမအားဖြင့် ဆင်းရဲမှုကို လျှော့ချပြီး အလုပ်အကိုင်ဖန်တီးပေးခြင်း၊ သတင်းထုတ်ပြန်ချက်(http://www.ilo.org/global/about-the-ilo/newsroom/news/WCMS _183301/lang--en/index.htm) မှ ထုတ်ယူသည်။**

- ဤစာတမ်းတွင် ILO နှင့် အင်ဒိုနီးရှားသမဝါယမဝန်ကြီးဌာနနှင့် SME တို့လက်တွဲကာ သမဝါယမ မှတစ်ဆင့် ငွေကြေးဆိုင်ရာပညာပေးခြင်းနှင့် အသေးစားအာမခံများကို ဆောင်ရွက်ခဲ့သည်။
- အင်ဒိုနီးရှားသမဝါယမလှုပ်ရှားမှုသည် အကြီးဆုံးအရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သကဲ့သို့ လူမှု စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကာ ကျေးလက်ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးနိုင်စွမ်းကြီးမားလှ သည်။
- အခြားနိုင်ငံများမှ သင်ခန်းစာများကို အသုံးချနိုင်လျှင် ယင်းတို့သုံးစွဲသော နည်းနာများကို ထပ်တူပြုလုပ်နိုင်လျှင် အင်ဒိုနီးရှားအတွက် အကျိုးများသည်။ ထို့အတူ လက်တွဲဖော်များက လည်း ဈေးမသမဝါယမလုပ်နိုင်စွမ်းကို အင်ဒိုနီးရှားက စီမံခန့်ခွဲပုံ အတွေ့အကြုံများကိုသင်ယူနိုင် သည်။

**စုလာစတြီ၊ အီးနှင့် မဟာဂျန်၊ ကေ (၂၀၁၂)၊ အင်ဒိုနီးရှား နွားနို့ထုတ်ကုန်ဖွံ့ဖြိုးမှုတွင် နွားမွေးမြူရေး သမဝါယမများ၏ အခန်းကဏ္ဍ နိုင်ငံတကာသမဝါယမဂျာနယ် ၉၊ ၁၇-၃၉။**

- နွားနို့ထုတ်ကုန်ကဏ္ဍ၏တိုးတက်မှုသည် အင်ဒိုနီးရှားစီးပွားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု သော့ချက်ဖြစ်သည်။ ယင်းတွင်နွားမွေးမြူရေး သမဝါယမများပါဝင်နေသည်။ ယော့ယကာတာ ပြည်နယ်ရှိ ဒေရာအစွတီမေဝါအသင်းကို အဓိကထားကာ နွားနို့ထုတ်လုပ်ခြင်း၊ ဈေးကွက် တင်ခြင်း၊ သုတေသနနှင့်ပညာပေးခြင်း၊ အင်းဒိုနီးရှားလယ်သမားဘဝကို မြှင့်တင်ခြင်းတို့တွင် နွားမွေးမြူရေးသမဝါယမတို့၏ အခန်းကဏ္ဍကို လေ့လာထားသည်။
- ဤစာတမ်းမှာ နွားမွေးမြူရေးအတွက် သီးသန့်ဖြစ်သည်။

**စုရဒိစတြာ၊ ကေ (၂၀၀၆) အင်ဒိုနီးရှားစိုက်ပျိုးရေးသမဝါယမများ FFTC – NACE နိုင်ငံတကာနီးနှော ဖလှယ်ပွဲ၊ ဆိုးလ်၊ ကိုရီးယား။**

- စုရဒိစတြာသည် အင်ဒိုနီးရှားစိုက်ပျိုးရေး၊ လူမှုစီးပွားရေးနှင့် မူဝါဒလေ့လာရေးဗဟိုဌာနမှ အကြီးတန်းသုတေသနဖြစ်ပြီး၊ NACF မှာ ကိုရီးယားအမျိုးသားစိုက်ပျိုးရေးသမဝါယမအသင်းချုပ် ဖြစ်သည်။ FETC မှာ အာရှပစ္စိဖိတ်နယ်မြေ၏ ရိက္ခာနှင့် မြေဩဇာနည်းပညာဗဟိုဌာနဖြစ်သည်။
- အင်ဒိုနီးရှား၏ လယ်ယာသမဝါယမများသည် အစိုးရနှင့်တစ်သားတည်းဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုကို အာရုံစူးစိုက်ဆောင်ရွက်နေကြသည်။ ၂၁ရာစုတွင် နိုင်ငံ၏စီးပွားရေးမူဝါဒများ လျင်မြန်စွာ ပြောင်းလဲလာပြီး အပြိုင်အဆိုင်များသော ဈေးကွက်ကြောင့် စိုက်ပျိုးရေးသမဝါယမအများအပြား ရှင်ကျန်ရန်ခက်ခဲလာသည်။ ယခုလက်ရှိမြန်မာနိုင်ငံရှိ သမဝါယမအများစု၏ အခြေအနေမှာ လည်း ဤအတိုင်းဖြစ်သည်။
- ဤစာတမ်းကို အောက်ပါအတိုင်း ပြုစုထားပါသည်-
    - စိုက်ပျိုးရေးအဆောက်အအုံနှင့်ဖွံ့ဖြိုးမှု
    - ကျေးရွာသမဝါယမအသင်းသမိုင်း
    - အင်ဒိုနီးရှားနွားမွေးမြူရေးသမဝါယမများအသင်းချုပ်၏ဖွံ့ဖြိုးမှု
    - စိုက်ပျိုးရေးသမဝါယမများ၏ လက်ရှိအခြေအနေ
    - လက်ရှိအခြေအနေ တီထွင်မှု၊ အခွင့်အလမ်းများနှင့် သက်ရောက်မှုများ
    - သက်ရောက်မှုများနှင့် လိုအင်များ

## အကြောင်းအရာ မရှည်လျားဘဲ အွန်လိုင်းပေါ်တွင်လည်း မရနိုင်သောစာအုပ်များ

- ဟာစင်၊ အေ (၁၉၈၈) အင်ဒိုနီးရှားသမဝါယမဖွံ့ဖြိုးမှုမဟာဗျူဟာများ၊ ဂျာကာတာ၊ အမျိုးသား သမဝါယမလေ့ကျင့်ရေးနှင့်ဖွံ့ဖြိုးမှုဌာန၊ သမဝါယမဦးစီးဌာန။
- ဟာစင်၊ အေ (၁၉၆၈) အင်ဒိုနီးရှားသမဝါယမဖွံ့ဖြိုးမှုဆိုင်ရာရွေးနုတ်ကျမ်းများ၊ အမျိုးသားသမဝါ ယမလေ့ကျင့်ရေးနှင့်ဖွံ့ဖြိုးမှုဌာန၊ သမဝါယမဦးစီးဌာန။

- ကိုပေရာစီ၊ ဂျေ၊ ၁၉၇၆ ခုနှစ်ထိ အင်ဒိုနီးရှားသမဝါယမဖွံ့ဖြိုးမှု

**အင်ဒိုနီးရှားသမဝါယမအသင်းများအကြောင်း စိတ်ဝင်စားဖွယ်ရာစာတမ်းများ (များစွာသက်ဆိုင်ခြင်းမရှိ)**

**စာကိုင်၊ အမ် (၂၀၁၀) လက်တွဲယင်းတိုးတက်ကြစို့၊ အစ္စလာမ်ငွေစုငွေချေးအသင်းတစ်သင်း၏ လုပ်ငန်းဆောင်ရွက်ပုံကို အမျိုးသမီးများ၏အမြင်၊ ဗဟိုဂျာဗား၊ အင်ဒိုနီးရှား။ အမျိုးသမီးများနိုင်ငံတကာ နီးနှော ဖလှယ်ပွဲ၊ ၂၂၊ ၄၁၂-၄၂၁။**

- အစ္စလာမ်ဝါဒတိုးချဲ့လာခြင်းကြောင့် အမျိုးသမီးများ လူထုရေးရာတွင်ပါဝင်ဆောင်ရွက်မှုကို မည်သို့ အကျိုးသက်ရောက်သည်ကို သုံးသပ်ထားသည်။ အင်ဒိုနီးရှားငွေချေးသမဝါယမများသို့ မည်သို့သက် ရောက်သည်ကိုလည်း သက်သေအခိုင်အမာနှင့် တင်ပြထားသည်။
- ဤငွေစုငွေချေးသမဝါယမသည် အမျိုးသမီးများအတွက် အထူးမရည်ရွယ်သော်လည်း အမျိုးသမီးများ စီးပွားရေးလွတ်လပ်ခွင့်ရအောင် ဖန်တီးပေးခဲ့ကြောင်းပြသနေသည်။
- ဤသမဝါယမအသင်းသည် တရားဝင်ဘဏ်လုပ်ငန်းများနှင့် လက်လှမ်းမမီခဲ့သော အမျိုးသမီး များကို ဒေသတွင်းစီးပွားရေးတွင်ပါဝင်ခွင့်ကို ဖန်တီးပေးခဲ့သည်။

**စေဘာယ်လ်၊ အိပ်ချ် ဒီ (၂၀၀၈) အင်ဒိုနီးရှားအစ္စလာမ်အသေးစားငွေကြေးလုပ်ငန်း အရှေ့တောင်အာရှ လူမှုရေးရာဂျာနယ်၊ ၂၃၊ ၈၆-၁၀၃။**

- အစ္စလာမ်အသေးစားငွေကြေးလုပ်ငန်းများသည် ထိရောက်စွာလုပ်ငန်းမဆောင်ရွက်နိုင်ကြောင်း ဆွေးနွေး ထားသည်။

# နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးမှုအဆင့်ဆင့်အကဲဖြတ်မေးခွန်းများ
**မြန်မာနိုင်ငံ**
**သမဝါယမအသင်းများနှင့်ဆွေးနွေးချက်**
**ဖွံ့ဖြိုးမှုအဆင့်ဆင့်အကဲဖြတ်မှုနည်းနာ**

၂၀၁၃ခုနှစ်မေလ နှင့်ဇွန်လ

**နည်းနာဖော်ပြချက်အကျဉ်းချုပ်။** ဤနည်းနာကို ကနေဒါသမဝါယမအသင်းနှင့်လုပ်ဖော်ကိုင်ဖက်များက ကမ္ဘာအနှံ့ လက်တွေ့စမ်းသပ်ကျင့်သုံးခဲ့ပြီးဖြစ်သည်။ ကနေဒါသမဝါယမအသင်းက ဖန်းတီးခဲ့သော ဤနည်းနာကို လုပ်ဖော်ကိုင်ဖက်များနှင့် ကျွမ်းကျင်သူများနှင့်အတူကျင့်သုံးခြင်းဖြင့် ရပ်ရွာကပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများ၏ လက်ရှိအခြေအနေသို့ မည်သို့မည်ပုံ ပြောင်းလဲလာသည်ကို သုံးသပ်နိုင်သည်။ ကြံ့ခိုင်တောင့်တင်းသော သမဝါယမအသင်းသည် လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤနည်းနာကိုကျင့်သုံးရာတွင် သမဝါယမအသင်းများကိုယ်တိုင်ပါဝင်ပူးပေါင်းလျက် ယင်းတို့အားသာချက်များ၊ အားနည်းချက်များ၊ တိုးတက်အောင်ပြုပြင်ပြောင်းရမည့်နယ်ပယ်များကို ဖော်ထုတ်စေရန် အလေးပေးထားသည်။ မြန်မာနိုင်ငံတွင် အောက်ပါအဓိကအချက်အလက်များကို ဆွေးနွေးရန်အကျဉ်းချုပ်ထားသည်-(၁)မဟာဗျူဟာ/ဈေးကွက်ကိုတုံ့ပြန်နိုင်စွမ်းရှိမှု၊ (၂) အသင်းသားများကိုတုံ့ပြန်နိုင်စွမ်းရှိမှု၊ (၃)လူမှုရေးဖွံ့ဖြိုးမှု၊ (၄)ဒီမိုကရေစီနည်းကျထိန်းချုပ်မှု၊ (၅)ပွင့်လင်းမြင်သာမှု/စည်းကမ်းကျင့်ဝတ်၊ (၆)လုပ်ငန်းဆောင်ရွက်မှု၊ (၇)ငွေကြေးရေးတောင့်တင်းမှု (ငွေကြေးဆိုင်ရာမဟုတ်သောသမဝါယမများ)၊ (၈)ငွေကြေးရေးတောင့်တင်းမှု (ငွေကြေးဆိုင်ရာသမဝါယမများ)၊ (၉)ငွေထုတ်ချေးမှု(ငွေကြေးဆိုင်ရာသမဝါယမများ)

**အခြေခံအချက်များ**

| | |
|---|---|
| **သမဂ္ဂ၏အသင်း၏အမည်** | |
| **တည်နေရာ** | |
| **တည်ထောင်သည့်နှစ်** | |
| **မှတ်ပုံတင်ထားသည့်အဆင့်** | |
| **အသင်းသားဦးရေ(ကျား/မ)** | |
| **ဝန်ထမ်းဦးရေ(ကျား/မ)** | |
| **စီးပွားရေးကဏ္ဍ** | |
| **ဆွေးနွေးပွဲတက်ရောက်သူများ၏ အမည်နှင့် ရာထူးတာဝန်များ** | |
| | |
| | |
| | |
| | |
| | |

**စစ်ဆေးရန်စာရွက်စာတမ်းစာရင်း**

| | |
|---|---|
| မဟာဗျူဟာ/လုပ်ငန်းစီမံချက်များ | |
| အသင်းတည်ထောင်မှုစာရွက်စာတမ်းများ | |
| နှစ်စဉ်အစီရင်ခံစာ/ငွေကြေးထုတ်ပြန်ချက် | |
| ၂၀၁၂ခုနှစ် နှစ်ကုန်ငွေကြေးထုတ်ပြန်ချက် | |
| အသင်းသားမှတ်တမ်း(၃နှစ်စာအသင်းသားဦးရေ၊လက်ရှိအသင်းသားကျား/မ၊ အသေးစားလုပ်ငန်းများစသည်) | |
| ဘုတ်အဖွဲ့ဖွဲ့စည်းမှု | |
| ၂၀၁၃ခုနှစ် ရည်မှန်းချက်များ | |
| ၂၀၁၃နှစ်လုပ်ငန်းစရိတ် | |
| ယခင်နှစ်သင်းလုံးကျွတ်အစည်းအဝေး မှတ်တမ်း | |

**ငွေကြေးသမဝါယမများအတွက် ငွေကြေးဆိုင်ရာအချက်အလက်များ**

| | ၂၀၁၂ | ၂၀၁၁ | ၂၀၁၀ |
|---|---|---|---|
| စုငွေ | | | |
| စုငွေစာရင်း | | | |
| အသင်းသားအစုဝင်ငွေ | | | |
| ချေးငွေအမျိုးအစား | | | |
| လက်ရှိချေးငွေ | | | |
| ကြွေးဆုံးအရန် | | | |
| ပယ်ဖျက်ချေးငွေ | | | |
| အသားတင်ဝင်ငွေ | | | |
| စုစုပေါင်းရရန်ပိုင်ခွင့် | | | |
| ဖွဲ့စည်းပုံအရင်းအနှီး | | | |
| လုပ်ငန်းဝင်ငွေ | | | |
| လုပ်ငန်းအသုံးစရိတ် | | | |

| ကြွေးမြီလုပ်ငန်းလည်ပတ်ချိန်အခြေအနေ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| >ရက်၃၀ | | >ရက်၉၀ | | >ရက်၁၈၀ | | >ရက်၂၇၀ | | >ရက်၃၆၀ | |
| # | $ | # | $ | # | $ | # | $ | # | $ |
| | | | | | | | | | |

**ငွေကြေးအချိုး**

| အချိုး | ဒေသန္တ စံသတ်မှတ်ချက် | ၂၀၁၂ ဘဏ္ဍာရေးနှစ် | ၂၀၁၁ ဘဏ္ဍာရေးနှစ် | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|---|---|---|
| ရရန်ပိုင်ခွင့် (အသားတင်ဝင်ငွေ /ပျမ်းမျှပိုင်ဆိုင်မှု) | | | | ငွေကြေးသမသည်အရင်းအနှီး ရန်ပုံငွေအတွက်နှင့်နောင်တွင် အရှုံးပေါ်လာပါကကာမိစေရန် အတွက်အမြတ်ပေါ်ရန်လိုအပ် သည့် |
| ဖွဲ့စည်းပုံအရင်းအနှီး /ပိုင်ဆိုင်မှုစုစုပေါင်း | | | | ဖွဲ့စည်းပုံအရင်းအနှီးဆိုသည် မှာ ငွေကြေးသမပိုင်ငွေများဖြစ် သည်။ အရန်ငွေများထားရန်၊ ဝယ်ယူရန်၊နောင်အရှုံးပေါ်ပါက ကာမိရန်ယင်းကိုလိုအပ်သည်။ |
| အသားတင်ချေးငွေ /ပိုင်ဆိုင်မှု စုစုပေါင်း | | | | ချေးငွေများသည်အဓိကဝင်ငွေ ကိုဖြစ်စေ၏။ထို့ကြောင့်ရရန် ပိုင်ခွင့်အများစုမှာချေးငွေ(ဆပ် ရန်ကျန်ချေးငွေ-ချေးငွေဆုံးရှုံး မှု အရန်ငွေ) |
| လုပ်ငန်းအသုံးစရိတ် /ပျမ်းမျှပိုင်ဆိုင်မှု | | | | ငွေကြေးသမအသင်း၏စီမံခန့် ခွဲမှု ကျွမ်းကျင်မှုကိုပြသ |
| စုငွေ/ပိုင်ဆိုင်ခွင့် စုစုပေါင်း | | | | စုငွေများသည် ကုန်ကျစရိတ် သက်သာသော အရင်းအနှီး ဖြစ်သည်၊ ထို့ကြောင့်ပိုင်ဆိုင်မှု အများစုသည် စုငွေမှရသော ငွေကြေးဖြစ်သင့်သည် |
| လုပ်ငန်းဆောင်ရွက်မှု ဖူလုံမှုအချိုး (လုပ်ငန်းဝင်ငွေ/ လုပ်ငန်းအသုံးစရိတ်) | | | | ငွေကြေးသမသည် လုပ်ငန်းအသုံး စရိတ်ကိုကာမိ အောင်ဝင်ငွေရ/မရ၊ ဖွဲ့စည်းပုံအရင်းအနှီးကိုသုံး ၍ပုံမှန်လုပ်ငန်းလည်ပတ်နေ/ မနေကို တွက်ချက်ကြည့်သည် |

**ရှေ့ဆောင်မေးခွန်းများ**

**(၁) မဟာဗျူဟာ/ဈေးကွက်ကိုတုံ့ပြန်နိုင်စွမ်းရှိမှု**

၁.၁ သမကိုစတင်ခဲ့တုန်းက သူတို့၏တာဝန်ကဘာလဲ (အသင်းဖွဲ့စည်းဆိုင်ရာစာရွက်စာတမ်းကိုညွှန်း၍၊ စတင်ခဲ့သော ရက်စွဲနှင့်အသင်းသားမှတ်တမ်းစသည်)

၁.၂ သမအသင်းကိုဘာလုပ်စေချင်ခဲ့တာလဲ (ပန်းတိုင်၊ ရည်မှန်းချက်)

၁.၃ သူတို့အောင်မြင်မယ်လို့ဘယ်လိုသိသလဲ (၁နှစ်အတွင်း၊ နောက် ၃နှစ်မှ ၈နှစ်)

၁.၄ သူတို့ရဲ့ပြိုင်ဖက်က ဘယ်သူလဲ

၁.၅ သမ မဟုတ်တဲ့ အခြားကုမ္ပဏီတွေနဲ့သူတို့ဘာကွာခြားလဲ

## (၂) အသင်းသားများကိုတုံ့ပြန်နိုင်စွမ်းရှိမှု

၂.၁ အသင်းသားတွေက ဘယ်သူတွေလဲ

၂.၂ အသင်းသားတွေက ဘာလို့ သမကို မသွားဘဲ ပြိုင်ဖက်ဆီကို သွားကြသလဲ

၂.၃ အယင်၃နှစ်အတွင်း အသင်းသားတိုးလာသလား (တိုးပါက ဘာကြောင့်၊ မတိုးကဘာကြောင့်)

## (၃) လူမှုရေးဖွံ့ဖြိုးမှု

၃.၁ ဒီသမအသင်းဝင်လို့ အသင်းသားတွေ ဘာအကျိုးရှိသလဲ

၃.၂ အသင်းသားတိုင်းကို တန်းတူဆက်ဆံသလား

၃.၃ ဒီသမအသင်းက ရပ်ရွာကို ဘာအကျိုးပြုလဲ (မနှစ်ကလုပ်ခဲ့တဲ့ ရပ်ရွာအကျိုးပြုလုပ်ငန်းကိုပြောပါ)

၃.၄ သူတို့လုပ်တာကြောင့် ပတ်ဝန်းကျင်ဘယ်လိုထိခိုက်လဲ (ကုန်ထုတ်သမ သို့မဟုတ် ဈေးကွက်အခြေပြုသမအသင်းများနှင့် ပိုသက်ဆိုင်မည်)

## (၄) ဒီမိုကရေစီနည်းကျထိန်းချုပ်မှု

၄.၁ ဘယ်သူမဆို သမအသင်းကို ဝင်လို့ရသလား (မရပါက - ဘကြောင့်မရလဲ၊ သူတို့၏အသင်းဖွဲ့စည်းမှုစာရွက်စာတမ်းပြန်ကြည့်ပါ။ လူတစ်အုပ်စုကို ပိတ်ပင်ထားနိုင်သည်။)

၄.၂ အသင်းသား ယောကျာ်းဘယ်လောက်၊ မိန်းမဘယ်လောက်၊ လူငယ် (၁၈-၂၅) ဘယ်လောက်ရှိလဲ၊ အသေးစားစီးပွားရေးဘယ်လောက်ရှိလဲ

၄.၃ အသင်းအမှုဆောင်ဘယ်နှစ်ယောက်ရှိလဲ၊ ဘယ်လိုရွေးသလဲ၊ မိန်းမတွေကောပါသလား

၄.၄ အသင်းအမှုဆောင်မှာပါလို့ ပဋိပက္ခဖြစ်ယင် အမှုဆောင်တွေ ဘာလုပ်ကြလဲ၊ ဖြစ်ကောဖြစ်ဖူးလား၊ ဒီကိစ္စအတွက် မူချထားလား

၄.၅ အမှုဆောင်တွေ ဝန်ထမ်းတွေကိုကော ပုံမှန်အသင်းသားတွေလို ဆက်ဆံကြသလား (မဟုတ်ပါ ကဉပမာပြပါ)

**(၅) ပွင့်လင်းမြင်သာမှု/စည်းကမ်းကျင့်ဝတ်**

၅.၁ အသင်းသားတွေရဲ့ အချက်အလက်တွေကို လျှို့ဝှက်ထားသလား။

၅.၂ အပြုအမူအနေအထိုင်ဆိုင်ရာ စည်းမျဉ်းရှိသလား၊ အမှုဆောင်တွေ၊ မန်နေဂျာနဲ့ဝန်ထမ်းတွေက ဘာတွေမှလက်ခံမယ်ဆိုတာကိုပြောထားသလား

၅.၃ အမှုဆောင်တွေ မန်နေဂျာတွေကို သူတို့ အဆင်မပြေတာကို အသင်းသားတွေက လွတ်လွတ်လပ်လပ် ပြောရဲကြသလား။

၅.၄ အသင်းသားတွေက တိုင်တာရှိယင် ဘယ်လိုကိုင်တွယ်ဆောင်ရွက်သလဲ။

၅.၅ သမအသင်းက ငွေရေးကြေးရေး ကိစ္စကိုပုံမှန်တင်ပြလား (သင်းလုံးကျွတ်စည်းဝေး) မေးမှပြောသလား

၅.၆ သမအသင်းမှာ သူတို့ငွေတွေထားရတာ အသင်းသားတွေက စိတ်ချရဲ့လား(ရှုပ်ပိုင်းဆိုင်ရာလုံခြုံမှုရော၊ ယုံကြည်မှုပါ)

**(၆) လုပ်ငန်းဆောင်ရွက်မှု**

၆.၁ သမအသင်းနဲ့ဆက်ဆံတဲ့အသင်းသားတွေရဲ့မှတ်တမ်းကို ကောင်းကောင်းထိန်းသိမ်းထားသလား

၆.၂ ဒီသမ-အသင်းနဲ့ဗဟိုသမတို့ ဘယ်လိုဆက်ဆံကြသလဲ (ဗဟိုသမက ယင်းတို့အသင်းကို ပိုင်နိုင်သည်၊ သို့မဟုတ် ယင်းတို့၏အသင်းက အသင်းဝင်ဖြစ်နိုင်သည်၊ ယင်းတို့ တက်ကြွစွာပါဝင်ဆောင်ရွက် နေ/မနေ ကြိုးစားဖော်ထုတ်ပါ)

**(၇) ငွေကြေးရေးတောင့်တင်းမှု(ငွေကြေးဆိုင်ရာမဟုတ်သောသမဝါယမများ)**

၇.၁ ဘယ်သူတွေက စာရင်းကိုင်ကြသလဲ၊ သူတို့ပညာအရည်အချင်းကဘာလဲ

၇.၂ လုပ်ငန်းနဲ့လုံလောက်ရဲ့လားလို့စာရင်းစာအုပ်တွေကို စစ်ကြည့်ပါ (စာရင်းအခြေပြဇယား၊ နေ့စဉ်စာရင်းစာအုပ်၊ အထွေထွေလယ်ဂျာ၊ အထောက်အထားပြုစာရွက်စာတမ်းများ၊ လက်ကျန်စာရင်းအစမ်းရေးဆွဲ နိုင်/မနိုင် GAPP သတ်မှတ်ချက်ကိုမီရဲ့လား)

၇.၃ ကြွေးကျန်စာရင်းတွေကိုလိုက်ရဲ့လား

၇.၄ ငွေကြေးရှင်းတမ်း စာရင်းစစ်ထားရဲ့လား။ ဘယ်လောက်ကြာမှ စစ်သလဲ။

၇.၅ အသင်းသားတွေငွေသွင်းငွေထုတ်လုပ်တိုင်း စာရင်းသွင်းထားရဲ့လား။

၇.၆ သမအသင်းက အမြတ်ကောရရဲ့လား။

၇.၇ ပြင်ပအထောက်အပံ့ဘာရသလဲ (အစိုးရ၊ ဇဟိုသမ၊ အလှူရှင်စသည်) နက်ဖြန်ဒီအထောက်အပံ့ ရပ်သွားရင် ဘယ်လိုလုပ်မလဲ။

၇.၈ အရင်၃နှစ်အတွင်း နှစ်စဉ်ဝင်ငွေတိုးလာရဲ့လား။

၇.၉ ဒီသမအသင်းများအရန်ဆောင်ထားတဲ့ငွေ ဒါမှမဟုတ် အရန်ငွေ အရင်းအနှီးရှိရဲ့လား။

၇.၁၀ အသင်းသားတွေ သမအသင်းနဲ့ အလုပ်လုပ်ကြတဲ့ ပမာဏတိုးတက်နေသလား။

## (၈) ငွေကြေးရေးတောင့်တင်းမှု(ငွေကြေးဆိုင်ရာသမဝါယမများ)

၈.၁ ဘယ်သူတွေက စာရင်းကိုင်ကြသလဲ၊ သူတို့ပညာအရည်အချင်းက ဘာလဲ။

၈.၂ လုပ်ငန်းနဲ့လုံလောက်ရဲ့လားလို့ စာရင်းစာအုပ်တွေကိုစစ်ကြည့်ပါ။ စာရင်းအခြေပြဇယား၊ နေ့စဉ်စာရင်းစာအုပ်၊ အထွေထွေလယ်ဂျာ၊ အထောက်အထားပြစာရွက်စာတမ်းများ၊ လက်ကျန်စာရင်း အကြမ်းရေးဆွဲနိုင်မနိုင်၊ GAPP သတ်မှတ်ချက်မီရဲ့လား)

၈.၃ ငွေကြေးရှင်းတမ်းစာရင်းစစ်ထားရဲ့လား၊ ဘယ်လောက်ကြာမှ စစ်သလဲ။

၈.၄ အသင်းသားများ ငွေသွင်း ငွေထုတ် လုပ်တိုင်း စာရင်းသွင်းထားရဲ့လား။

၈.၅ ဒီငွေချေးအသင်း ကုန်ကျစရိတ်လုံလောက်အောင် ငွေဝင်ရဲ့လား။

၈.၆ ပြင်ပအထောက်အပံ့ ဘာရသလဲ (ဇဟိုသမ၊ အလှူရှင် စသည်) နက်ဖြန်ဒီအထောက်အပံ့ရပ် သွားရင် ဘယ်လိုလုပ်မလဲ (PEARL ၏ အချိုးမှာ ၅% ထက်နည်း၊ ဒီနိုင်ငံမှာကော ဘယ်လောက် လဲ)

၈.၇ အရင် ၃နှစ်အတွင်း နှစ်စဉ်ဝင်ငွေ တိုးလာရဲ့လား။

၈.၈ ဒီငွေချေးသမမှာ အရန်ဆောင်ထားတဲ့ဝင်ငွေ ဒါမှမဟုတ် အရန်ငွေ အရင်းအနှီးရှိရဲ့လား။

၈.၉ အသင်းသားတွေ သမအသင်းနဲ့ အလုပ်လုပ်ကြတဲ့ ပမာဏတိုးတက်နေသလား။

၈.၁၀ မသမာမှုကို တားမြစ်နိုင်ဖို့ တာဝန်ချိတ်ဆက်ချထားမှုရှိရဲ့လား။

၈.၁၁ အသင်းသားတွေရဲ့ ငွေကြေးကို အခြေအနေအလွယ်တကူနဲ့သိနိုင်သလား။

၈.၁၂ အသုံးစရိတ်ကကော ကုန်သင့်ရဲ့လား (ငွေစာရင်းရှင်းတမ်းကိုကြည့်ပါ၊ အသုံးစရိတ်/ပျမ်းမျှ ပိုင်ဆိုင်မှုကို အခြေခံသော PEARL ၏ အချိုးမှာ ၅% အောက်ဖြစ်၊ ဒီနိုင်ငံမှာ ဘယ်လောက်လဲ)

၈.၁၃ ဒီငွေချေးသမအသင်း အရင်းအနှီးတည်ဆောက်နိုင်သလား (အသားတင်ဝင်ငွေ/ပျမ်းမျှပိုင်ဆိုင်မှု ကို အခြေခံသော PEARL ၏ အချိုးမှာ ၁၀%ဖြစ်)

၈.၁၄ ဒီငွေချေးအသင်း ဖြေရှင်းနိုင်ရဲ့လား (အရန်ဆောင်ဝင်ငွေ/ စုစုပေါင်းပိုင်ဆိုင်မှုကို အခြေခံသော PEARLS၏ အချိုးမှာ ၅-၁၀% ဖြစ်)

## (၉) ငွေထုတ်ချေးမှု(ငွေကြေးဆိုင်ရာသမဝါယမများ)

၉.၁ ငွေထုတ်ချေးသလား၊ ပိုင်ဆိုင်မှုရဲ့ဘယ်နှစ်ရာခိုင်နှုန်းကိုချေးသလဲ (PEARL အချိုးမှာ ၆၀-၈၀% ဖြစ်/ဒီနိုင်ငံမှာ ဘယ်လောက်လဲ)

၉.၂ ငွေချေးဖို့ ဘယ်သူက ခွင့်ပြုပေးသလဲ၊ လမ်းညွှန်ချက်တွေရှိသလား။

၉.၃ ကြွေးကျန်တွေကို လိုက်ရဲ့လား (ဘယ်လိုလိုက်လဲ၊ ဘယ်နှစ်ရက်အတွင်းမှာလဲ) (အသင်းသား တစ်ယောက် ချေးထားတာ တစ်နေရာကထက်ပိုယင် ဒီသမအသင်းကို အယင်ဦးဆုံးဆပ်သလား၊ နောက်ဆုံးထားဆပ်သလား)

၉.၄ ကြွေးဆုံးအတွက် ခွင့်ပြုချက်ရှိသလား (၁၂လ ကျော်ကြွေးကျန်များ)

၉.၅ ကြွေးကျန်နှုန်း ဘယ်လောက်ရှိသလဲ (PEARL နှုန်းများ ၅% အောက်)

# နောက်ဆက်တွဲ(၃)။ အပြီးသတ်အချိန်ဇယားနှင့်တွေ့ဆုံခဲ့သောအဖွဲ့အစည်းများ

| ရက်စွဲ | အဖွဲ့အစည်း | တွေ့ဆုံသူအမည် | ရာထူး(သိပါက) |
|---|---|---|---|
| မေ၂၇ | အောက်စ်ဖမ် | ဂျိန်းလွန်စဒေးလ်<br>ဘင်န်ဒိုက် ထရူဒယ်လ် | နိုင်ငံတွဲဖက်ညွှန်ကြားရေးမှူး<br>စားနပ်ရိက္ခာဖူလုံမှု နှင့် အသက်မွေးမှု ညှိနှိုင်းသူ |
| မေ၂၇ | LIFT | ဘာကလေ အိုဘရိုင်ယင်<br>အင်ဒရူး ကာ့က်ဝုဒ်<br>ဟာရယ်လ် ဒရူးရှာ | အစီအစဉ်အရာရှိဈေးကွက်နှင့်အသေးစားငွေကြေး<br>ရန်ပုံငွေ ညွှန်ကြားရေးမှူး LIFT<br>အစီအစဉ်အရာရှိ |
| မေ၂၈ | GRETအစည်းအဝေး | ဒေါက်တာထက်ကြူ<br>လောရင့်စ် တွမ္မာစီနီ | ဒုတိယနိုင်ငံကိုယ်စားလှယ်<br>နိုင်ငံကိုယ်စားလှယ် |
| မေ၂၈ | INGOဖိုရမ် | | |
| | ACF | နူရီယာ ဘရင်ဒါ | ဌာနမှူး<br>စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးမှု |
| | WHF | ဘရိုင်ယင် ဘယ်ရင်ဂါ | စီမံချက်ခေါင်းဆောင် |
| | Partner for Development | တွမ် ဟာရီဆင် | |
| မေ၂၉ | AVSI | ဂျီယိုဗင်နီ ကာတီနီ<br>မိုးစံ | နိုင်ငံညွှန်ကြားရေးမှူး<br>စီမံချက်မန်နေဂျာ |
| မေ၂၉ | ကနေဒါသံရုံး | မီယာ ယင် | သံမှူး |
| မေ၂၉ | ဗဟိုသမဝါယမ | ကျော်သိန်း<br>ခင်မောင်အေး<br>သဥ္ဇာဝင်း<br>လှကြူ<br>မင်းလွင် | အမှုဆောင်အရာရှိချုပ်<br>ဥက္ကဋ္ဌ<br>လက်ထောက်မန်နေဂျာ<br>အတိုင်ပင်ခံ<br>အထွေထွေမန်နေဂျာ |
| မေ၃၀ | သမတက္ကသိုလ် | ဦးဇော်မြင့်<br>ဒေါက်တာသိန်းထွန်း | ဒုပါမောက္ခချုပ်<br>ပါမောက္ခချုပ် |
| မေ၃၀ | သီရိမေအသင်း | ခင်ခင် | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| မေ၃၀ | စီဘီဘဏ် | ကျော်လင်း | အမှုဆောင်ဒုဥက္ကဋ္ဌ |
| မေ၃၁ | ရန်ကုန်စီးပွားရေး တက္ကသိုလ် UNDP | ပါမောက္ခ အောင်ထွန်းသက် | |
| မေ၃၁ | သမဝါယမဝန်ကြီးဌာန | မျိုးအောင် ဦးသောင်းနိုင် | ဒုညွှန်ကြားရေးမှူး |
| မေ၃၁ | LIFT | မြင့်မောင်ထွန်း | |
| မေ၃၁ | PACT | ဂျေဆင်အက်စ်မေကယ်လ် | ဒုညွှန်ကြားရေးမှူး |
| ဇွန်၃ | သမဦးစီးဌာနရန်ကုန် | | |
| ဇွန်၃ | အသေးစားစက်မှု လုပ်ငန်းဦးစီးဌာန နေပြည်တော် | မြသန်း | |
| ဇွန်၃ | ငွေကြေးသမအဖွဲ့ချုပ် | မြင့်မောင်ထွန်း ခင်မောင်အုန်း ရဲမြင့် | ဥက္ကဋ္ဌ ဒုဥက္ကဋ္ဌ အတွင်းရေးမှူး |
| | ဧရာဝတီတိုင်းအစိုးရ | ဦးဝင်းကိုကို | တိုင်းဝန်ကြီး |
| ဇွန်၃ | သမလေ့ကျင့်ရေး ကျောင်း | | |
| ဇွန်၅ | ကွင်းဆင်းလေ့လာခြင်း ဖျာရက်သမပုသိမ် | | |
| | ထီးအလုပ်ရုံ | | |
| ဇွန်၅ | ဒေသသမဦးစီး | | |
| ဇွန်၅ | ဒေသသမအသင်း | | |
| ဇွန်၅ | MFIဌာနခွဲ၄ခု | | |
| ဇွန်၆ | အမျိုးသမီးသမ | | |
| ဇွန်၆ | မူလတန်းကျောင်း ဆရာများသမအသင်း | | |
| ဇွန်၇ | UNDP | ဟိုင်းဇ် ဝီလင် | အသေးစားငွေကြေးပါရဂူ |

# နောက်ဆက်တွဲ ၄။

# လုပ်ငန်းစည်းကမ်းချက်များ

## စည်းကမ်းချက်များ

## (ပုဂ္ဂလိကပဋိညာဉ်စာချုပ်)

| | |
|---|---|
| အမည် | သမဝါယမစနစ်ကိုလေ့လာအကြံပြုခြင်း |
| စီမံချက် | အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ |
| တာဝန်နေရာ | နေရပ်အခြေပြု |
| အပိုင်း | LIFT |
| အချိန်အပိုင်းအခြား | ၂၀၁၃ခုနှစ်မေလ၁၅ရက်မှ နောက်ရက်သတ္တပတ်၆ပတ် အတွင်းအလုပ်လုပ်ရက် ၃၀ ရက် |
| ကြီးကြပ်သူ | အစီအစဉ်အရာရှိ- ဈေးကွက်နှင့်အသေးစားငွေကြေးလုပ်ငန်း |

**၁။ ယေဘုယျနောက်ခံအကြောင်းအရာ**

UNOPSသည်မြန်မာနိုင်ငံတွင် LIFT၏ရန်ပုံငွေမန်နေဂျာဖြစ်သည်။ LIFTသည် မြန်မာနိုင်ငံစားနပ်ရိက္ခာမဖူလုံမှုနှင့်ဝင်ငွေဆင်းရဲမှုကို ၇နှစ်(၂၀၁၀-၂၀၁၆)ကြာကိုင်တွယ်ဖြေရှင်းနေသည့် အလှူရှင်အများထည့်ဝင်သော ရန်ပုံငွေအဖွဲ့ဖြစ်သည်။ ဤအလှူရှင်အဖွဲ့တွင် သြစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စုတို့ပါဝင်ကြသည်။

LIFT၏ယေဃုယျရည်မှန်းချက်မှာ-ထောင်စုနှစ်တိုးတက်ဖွံ့ဖြိုးမှုရည်မှန်းချက်ရလဒ်အမှတ်(၁) (အလွန်အမင်းဆင်းရဲငတ်မွတ်မှုကို ပပျောက်စေရန်)ကိုအထမြောက်စေရန် ရည်မှန်းကာ မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှု နှင့် အသက်မွေးမှုအစီအစဉ်တစ်ရပ်ကို အရင်းအမြစ်များ ထောက်ပံ့ကူညီရန်ဖြစ်သည်။ LIFT၏ရည်မှန်းတာဝန်မှာ အထောက်အပံ့ခံ လူဦးရေ ၂သန်းတို့၏စားနပ်ရိက္ခာ မပြတ်တောက်စေရန်နှင့် ဝင်ငွေတိုးတက်ရန်ဖြစ်သည်။

အထက်ပါအတိုင်း အထမြောက်စေရန်အတွက် အစီအစဉ်မှ အောက်ပါရလဒ်များ ထွက်ပေါ်လာအောင်ဆောင်ရွက်ပါမည်။

၁။ သီးနှံထုတ်လုပ်မှုနှင့်ရိတ်သိမ်းချိန်လွန် နည်းပညာတိုးတက်စေရန်ကူညီပေးခြင်း၊ သွင်းအားစုများနှင့်ဈေးကွက်များလက်လှမ်းမီ ရရှိစေခြင်းဖြင့်၊သီးနှံအထွက်တိုးကာ ဝင်ငွေတိုးတက်လာခြင်း။

၂။ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျွမ်းကျင်မှုရရှိအောင်လေ့ကျင့်ပေးခြင်း၊ စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ထောက်ပံ့ထားခြင်းခံရသော ရည်မှန်းချက်လူထု။

၃။ ဆင်းရဲမှုတာရှည်နေသော အိမ်ထောင်စုတို့၏ ဝင်ငွေတိုးလာစေရန် အသက်မွေးမှုအခွင့်အလမ်းများပိုမိုရရှိလာရန်၊ အသက်မွေးဝမ်းကျောင်းနိုင်စွမ်းကိုကာကွယ်ပေးရန် ကူညီထောက်ပံ့ထားသည့်ထိရောက်သော လူမှုရေးအကာအကွယ်။

၄။ ဒေသတွင်း အသက်မွေးဝမ်းကျောင်းနိုင်မှုကို အကာအကွယ်ပြုနိုင်အောင်ထောက်ပံ့ထားသော ရေရှည်ခံသော သယံဇာတစီမံခန့်ခွဲမှုနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု။

၅။ သူဆင်းရဲများ အသက်မွေးကျောင်းနိုင်မှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ကို အထောက်အကူပြုနိုင်သော စွမ်းရည်ရှိအောင် အင်အားဖြည့်ထားသော အရပ်ဘက်လူမှုအဖွဲ့အစည်း။

၆။ အစီအစဉ်များနှင့်မူဝါဒပြုစုခြင်းများတွင် သတင်းအချက်အလက်ရရှိစေရန်၊ အထောက်အထားကို ရယူခြင်း၊ အကဲဖြတ်ခြင်း၊ လေ့လာချက်များပြုစေခြင်း။

စီမံခန့်ခွဲခြင်းဆိုင်ရာ ရလာဒ်တို့မှာအောက်ပါအတိုင်းဖြစ်ပါသည်။

၇။ ရန်ပုံငွေဘုတ်အဖွဲ့၏မူဝါဒများနှင့်တစ်ပြေးညီ ခွဲဝေထားသော ပွင့်လင်းမြင်သာစွာ မှတ်တမ်းတင်ထားသော ရန်ပုံငွေ

၈။ စောင့်ကြည့်ကာ အကဲဖြတ်ထားသော ရန်ပုံငွေသုံးစွဲမှုနှင့်လုပ်ဖော်ကိုင်ဖက်တို့၏ လုပ်ငန်းဆောင်ရွက်မှု။

LIFTသည်ဒေသခံလုပ်ဖော်ကိုင်ဖက်အများအပြားနှင့်အတူ လုပ်ငန်းကိုအကောင်အထည်ဖော်နေပါသည်။ စီမံကိန်းနယ်မြေများတွင် LIFT၏ရည်မှန်းချက်ထာဝန်များကို အထောက်အကူပြုသော လုပ်ငန်းများကို ယင်းတို့က အောင်မြင်စွာအဆိုပြုနိုင်ခဲ့သည်။

LIFTသည်မကြာမီက ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု လုပ်ကွက်ကိုဖွင့်ခဲ့ပါသည်။ ယင်းသည် လယ်သမား၊ အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ မွေးမြူရေးသမားများ စသည့် အမျိုးမျိုးသောလူ့အသိုက်အဝန်းများက ငွေကြေးဆိုင်ရာဝန်ဆောင်မှုများနှင့် လက်လှမ်းမမီဖြစ်နေသည်ကိုကိုင်တွယ်ရန် ရည်ရွယ်ပါသည်။ CGAP/IFC ပူးတွဲသုံးသပ်ချက်အရ ၂၀၁၁ခုနှစ်တွင် မြန်မာနိုင်ငံတွင် ဂျီဒီပီနှင့်ထုတ်ချေးထားသောငွေတို့၏အချိုးမှာ သေးငယ်ကြောင်း(၄.၇%)၊ ဂျီဒီပီနှင့်စုငွေတို့၏အချိုးမှာလည်း ၁၂.၆%သာရှိကြောင်းတွေ့ရှိရသည်။ လောလောဆယ်တွင် နိုင်ငံပိုင်ဘဏ်၄ခုနှင့် ပုဂ္ဂလိကဘဏ်၁၉ခုတို့က တရားဝင်ငွေကြေးကဏ္ဍတွင် လွှမ်းမိုးနေကြသော်လည်း၊ အသေးစားအလတ်စားလုပ်ငန်းရှင်များ၊ ကျေးလက်နှင့်မြို့ပြနေသူဆင်းရဲများမှာမူ ယင်းဘဏ်တို့ထံမှ ငွေကြေးဝန်ဆောင်မှုတို့ကိုလက်လှမ်းမမီကြကြောင်းတွေ့ရှိရသည်။

CGA/IFC သုံးသပ်ချက်အရအသေးစားငွေချေးလုပ်ငန်းများသည် လူထု၁.၄သန်းထံသို့ပျံ့နှံ့ရောက်ရှိနေကြောင်း၊ ယင်းတို့အနက်သမဝါယမများနှင့် NGOများက အများဆုံးထည့်ဝင်နေကြောင်း(ယင်းတို့က၄၃% စီဖြစ်၍၊ ပုဂ္ဂလိကကဏ္ဍက၁၄%ရှိကြောင်း) သိရသည်။ ၂၀၁၁ခုနှစ်နိုဝင်ဘာလတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကိုအစိုးရကပြဋ္ဌာန်းလိုက်သည်။ ၂၀၁၂ခုနှစ်ဒီဇင်ဘာလအထိ အသေးစား

ငွေကြေးလုပ်ငန်းလိုင်စင်၁၃၀ ကိုထုတ်ပေးခဲ့ပြီးဖြစ်ရာ ယင်းတို့အနက် ၅၀%ကျော်မှာ သမဝါယမများ ဖြစ်သည်။

သမဝါယမများသည် ဝင်ငွေနည်းသောလူထုအမြောက်အမြားကို အသေးစားငွေကြေးဝန်ဆောင်မှုများ ပေးဆောင်နေသည်မှာ နှစ်ပေါင်းများစွာရှိခဲ့ပါပြီ။ ၁၉၀၄ခုနှစ်တွင် မြန်မာနိုင်ငံ၌သမဝါယမဌာနကို စတင် ဖွင့်လှစ်ခဲ့ပြီး သမဝါယမစနစ်အမျိုးမျိုးကို လုပ်ငန်းအမျိုးမျိုးနှင့်လူပုဂ္ဂိုလ်အများကို ဝန်ဆောင်မှုပေးခဲ့သော သက်တမ်းအရှည်ဆုံး အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သည်။ ၁၉၉၂ခုနှစ်သမဝါယမဥပဒေအရ ဗဟိုသမဝါ ယမအသင်း(ဗဟိုသမ)သည် အခြေခံသမဝါယမများဖြစ်သော စိုက်ပျိုးရေးသမဝါယမ၊ ကုန်ထုတ်လုပ်မှု သမဝါယမ၊ ပညာရေးဝန်ဆောင်မှုသမဝါယမ စသည်တို့၏ လုပ်ငန်းဆောင်ရွက်မှုကို ထိရောက်စွာစီမံ ခန့်ခွဲရသော ထိပ်တန်းသမဝါယမဖြစ်သည်။ ဗဟိုသမသည် ၂၀၀၇ခုနှစ်ကတည်းက အသေးစားငွေကြေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။၂၀၁၁ခုနှစ်စက်တင်ဘာလထိ ဗဟိုသမ၏အကူအညီဖြင့် အသေးစား ငွေကြေးလုပ်ငန်း ၄၆ခုကိုတည်ထောင်ထားခဲ့ပြီး ဖောက်သည် အရေအတွက်မှာလည်း ၃၂၈၅၁ ဦးရှိနေပြီ ဖြစ်သည်။

LIFT၏ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု လုပ်ကွက်တွင် မြန်မာသမဝါယမများအနေဖြင့် မည်သို့ ချိတ်ဆက် ပါဝင်ဆောင်ရွက်နိုင်မည်ကို LIFTကစိတ်ဝင်စားပါသည်။ ဤအကြံပြုချက်တွင် ပါရှိလာမည့် အချက်များသည် နောင် LIFTအစီအစဉ်များအတွက် မူဝါဒရေးဆွဲချမှတ်ရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်။ မြန်မာသမဝါယမများကို သုတေသနပြုရာတွင် နောက်ခံအကြောင်းအချက်ချင်းဆင်တူ သည့် အခြားအာရှသမဝါယမအနည်းဆုံးစနစ်တစ်ခုနှင့် နှိုင်းယှဉ်သုံးသပ်ချက်လည်း ပါဝင်ရပါမည်။

## ၂။ လုပ်ငန်းတာဝန်နှင့်ဘောင်

မြန်မာနိုင်ငံသမဝါယမစနစ်ဆိုင်ရာအကြံပြုချက်စာတမ်းကို အနည်းဆုံးအာရှနိုင်ငံတစ်ခု၏ သမဝါယမ စနစ်နှင့် နှိုင်းယှဉ်၍ ပြုစုရန်။

LIFT၏ဈေးကွက် နှင့် အသေးစားငွေကြေးလုပ်ငန်း အစီအစဉ်အရာရှိ၏တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုဖြင့် သမဝါယမအတိုင်ပင်ခံသည် အောက်ပါတာဝန်များကိုထမ်းဆောင်ရမည်-

(က) သုတေသနစီမံချက်၏ ပုံစံဒီဇိုင်းနှင့်ပတ်သက်၍ LIFT ရန်ပုံငွေမန်နေဂျာရုံးနှင့်တိုင်ပင်ရန်။

(ခ) မြန်မာနိုင်ငံနှင့်နှိုင်းယှဉ်နိုင်သော အခြားအာရှနိုင်ငံများမှ သမဝါယမများအကြောင်း သုတေသန တွေ့ရှိချက်များ၊ သက်ဆိုင်သော LIFT စီမံချက်စာရွက်စာတမ်းများကို ထိုင်ရာမထလေ့လာရန်။

(ဂ) သမဝါယမဝန်ကြီးဌာနမှ အဓိကဝန်ထမ်းများ၊ ဗဟိုသမနှင့်အခြားပတ်သက်ဆက်နွယ်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လူတွေ့မေးမြန်းခြင်းတို့ကိုစီစဉ်ရန်။

(ဃ) လက်တွေ့ဆောင်ရွက်နေမှုအခြေအနေနှင့် စားသုံးသူများ၏ သဘောထားကိုသိရှိရန်၊ သမဝါယမ အသင်းများသို့ကြိုတင်ချိန်းဆိုကာ သွားရောက်လေ့လာရန်။

(င) မြန်မာနိုင်ငံသမဝါယမများ၏ အခန်းကဏ္ဍ၊ အောင်မြင်မှုများ၊ စနစ်များ၊ ဖွဲ့စည်းတည်ဆောက်ပုံများ ထုတ်ကုန်/ဝန်ဆောင်မှုများ၊ ငွေကြေးအခြေအနေများ၏လက်ရှိအခြေအနေကိုသိရှိရန်။

(စ) သုတေသနတွေ့ရှိချက်များကို အားသားချက်၊ အားနည်းချက်စသည်ဖော်ထုတ်ခြင်း အပါအဝင် ဖြစ်သော နည်းကိရိယာများကို အသုံးပြုကာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်သုံးသပ်ရန်။

(ဆ) LIFTမှပတ်သက်ဆက်နွယ်သူများကို သုတေသန၏အဓိကတွေ့ရှိချက်များကို ရှင်းလင်းတင်ပြရန်။

(ဇ) LIFT၊ ယင်း၏အစီအစဉ်များနှင့်သမဝါယမများတို့ ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အလားလာရှိသောနယ်ပယ်များနှင့်ပတ်သက်၍မူဝါဒဆိုင်ရာ အကြံပြုရန်။

အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကုလသမဂ္ဂအဖွဲ့နှင့်UNOPSတို့၏ လုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်၏လုံခြုံရေးမူဝါဒများ၊ အုပ်ချုပ်မှုညွှန်ကြားချက်များ။ စီမံချက်နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်တာဝန်ရှိသည်။

## ၃။ လုပ်နည်းနှင့်တင်ပြရန်အချက်များ

အောက်ပါတို့မှာ အတိုင်ပင်ခံပုဂ္ဂိုလ် လုပ်ငန်းဆောင်ရွက်နေစဉ်နှင့် လုပ်ငန်းပြီးဆုံးချိန်တို့တွင် အဓိက တင်ပြရမည့် အချက်များဖြစ်ပါသည်-

- အများပြည်သူလက်လှမ်းမီသော စာအုပ်စာတမ်းများ၊ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးကထုတ်ပေးသော စာရွက်စာတမ်းများအပါအဝင်သက်ဆိုင်သော စာရွက်စာတမ်းများကို ထိုင်ရာမထလေ့လာချက်။
- စီမံချက်တစ်လျှောက်လုံး သဘောတူထားသည့်အတိုင်း အခြေအနေရှင်းလင်းတင်ပြသည့် အစည်းအဝေးများ၊ ပြန်လည်ရှင်းလင်းတင်ပြသည့် အစည်းအဝေးများကို ရန်ကုန်ရှိရန်ပုံငွေ စီမံခန့်ခွဲရုံးတွင်ကျင်းပခြင်း။
- တွေ့ဆုံလိုကြောင်း အကြောင်းကြားထားသော LIFT၏အလှူရှင်များနှင့်ရန်ကုန်တွင် တွေ့ဆုံခြင်း (ဩစတြေးလျ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဗြိတိန်၊ အမေရိကန်)၊ ဘန်ကောက်တွင် တွေ့ဆုံခြင်း ( ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နယ်သာလန်၊နယူးဇီလန်၊ဆွီဒင်)။
- မြန်မာနိုင်ငံသမဝါယမများနှင့်အလားတူ အာရှနိုင်ငံအနည်းဆုံးတစ်နိုင်ငံတို့ နှိုင်းယှဉ်ထားချက် ပါဝင်သော သုတေသနစာတမ်းမူကြမ်း။
- သုတေသန၏အဓိကတွေ့ရှိချက်များကို တင်ပြဆွေးနွေးခြင်း၊ အပြီးသတ်အစီရင်ခံစာတမ်း (အီလက်ထရွန်းနစ်ပုံစံနှင့်ရော စာအုပ်ပုံစံနှင့်ပါတင်ပြရန်)။

## ၄။ လုပ်ငန်းတိုးတက်မှုကိုစောင့်ကြည့်ထိန်းချုပ်ခြင်း

အတိုင်ပင်ခံပုဂ္ဂိုလ်သည်-

- ရန်ကုန်သို့မလာမီတင်ကြို၍ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသို့အသေးစိတ်လုပ်ငန်းစီမံချက်ကို တင်ပြရမည်။
- အချက်အလက်တွေ့ရှိမှုစာတမ်းမူကြမ်းနှင့် အပြီးသတ်အစီရင်ခံစာတို့ကို သဘောတူထားသောပုံစံအတိုင်းပြုစု၍ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသို့တင်ပြရန်။

## ၅။ အချိန်သတ်မှတ်ချက်

- အလုပ်လုပ်ရက်စုစုပေါင်းမှာ ရက်ပေါင်း၃၈ဖြစ်ပါသည်။
- မြန်မာနိုင်ငံ(လိုအပ်ပါကဘန်ကောက်)တွင် ကွင်းဆင်းလေ့လာရန်ရက်မှာ ၁၅ရက်(ခရီးသွားလာသောရက်များအပါအဝင်)ဖြစ်ပါသည်။
- ကွင်းဆင်းလေ့လာရန်အချိန်မှာ ၂၀၁၃ခုနှစ်မေလ၁ရက်နေ့မှဇွန်လ၃၀ရက် အတွင်းဖြစ်သည်။
- အတိုင်ပင်ခံ၏ဇာတိနိုင်ငံတွင်ပြင်ဆင်ရန်နှင့် သုတေသနလုပ်ရန်၃ရက်နှင့် အစီရင်ခံရေးသားရန် ၁၂ရက်လည်းပါဝင်ပါသည်။

## ၆။ အရည်အချင်းနှင့်အတွေ့အကြုံ

(က) ပညာရေး

လူမှုသိပ္ပံ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးမှု၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးဆိုင်ရာစီးပွားရေး သို့မဟုတ် ဆက်စပ်သောဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိသူ။

လူမှုသိပ္ပံ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးမှု၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးဆိုင်ရာစီးပွားရေး သို့မဟုတ် ဆက်စပ်သောဘာသာရပ်ဖြင့် ဘွဲ့ရရှိထားပြီး၊ ၁၀နှစ်တာအရည်အချင်းမီအတွေ့အကြုံရှိသူများကိုလည်း လက်ခံနိုင်သည်။

(ခ) အလုပ်အကိုင်အတွေ့အကြုံ

- ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ စီမံကိန်းရေးသားခြင်း၊ စီမံချက်စီမံခန့်ခွဲခြင်းဆိုင်ရာနယ်ပယ်များတွင် ကျွမ်းကျင်သူအဆင့်အတွေ့အကြုံအနည်းဆုံးငနှစ်ရှိသူ။
- ကျေးလက်ဒေသချေးငွေဆိုင်ရာပညာရှင်အဆင့်အတွေ့အကြုံအနည်းဆုံး၄နှစ်၊ သမဝါယမဆိုင်ရာသုတေသနပြုလုပ်ဖူးသည့်အတွေ့အကြုံသည်လည်းအရည်အချင်းတစ်ရပ်ပင်ဖြစ်သည်။
- အဆင့်အတန်းမြင့်သော သုတေသနပြုလုပ်ဖူးကြောင်း ခိုင်လုံသောမှတ်တမ်း။
- အင်္ဂလိပ်ဘာသာဖြင့်ကောင်းမွန်စွာဆက်ဆံပြောဆိုနိုင်ခြင်း(အရေးရောအပြောပါ)။
- မြန်မာပြည်အပါအဝင်အရှေ့တောင်အာရှဒေသတွင် ပညာရှင်အဆင့်ဖြင့် သိသာထင်ရှားစွာဆောင်ရွက်ဖူးသော အတွေ့အကြုံသည်လည်း အရည်အချင်းတစ်ရပ်ပင်ဖြစ်သည်။

(ဂ) အဓိကကျသောစွမ်းရည်များ

- ပညာရှင်ဆန်မှု။ လွတ်လပ်စွာသုတေသနပြုခြင်းနှင့်သုံးသပ်ခြင်း၊ ပြဿနာများကိုဖော်ထုတ်ခြင်း၊ နည်းလမ်းများကိုသုံးသပ်ပြီးဖြေရှင်းရန်နည်းလမ်းများကို အကြံပြုခြင်းတို့ကိုလုပ်ကိုင်နိုင်စွမ်းရှိခြင်း။ ဖိအားများအောက်တွင် အလုပ်ကိုစနစ်ကျစွာ၊ တိကျစွာလုပ်ကိုင်နိုင်စွမ်းရှိခြင်း။
- စီမံခြင်းနှင့်ဖွဲ့စည်းခြင်း။ ဦးစားပေးအချက်အလက်များကိုသတ်မှတ်ကာစီမံချက်ရေးဆွဲခြင်း၊ မိမိကိုယ်တိုင်နှင့်လက်အောက်ခံများ၏လုပ်ငန်းစီမံချက်ကို ပေါင်းစပ်ခြင်း၊ စောင့်ကြည့်ခြင်းဖြင့်သတ်မှတ်ချိန်အတွင်းပြီးစီးအောင်ဆောင်ရွက်နိုင်စွမ်းရှိခြင်း။
- ရလာဒ်ကိုမူတည်ခြင်း။ အလုပ်ရှင်များအတွက်ရလာဒ်ကိုအာရုံစိုက်နိုင်စွမ်းရှိခြင်း၊ ဝေဖန်ချက်များကိုအပြုသဘောဖြင့် တုံ့ပြန်နိုင်စွမ်းရှိခြင်း။
- အလုပ်ရှင်ကိုမူတည်ခြင်း။ အလုပ်ရှင်၏လိုအင်နှင့်သင့်လျော်မည့်ဖြေရှင်းချက်များကို ဖော်ထုတ်နိုင်စွမ်းရှိခြင်း၊ အလုပ်ရှင်များနှင့်အကျိုးဖြစ်ထွန်းမည့် လက်တွဲလုပ်ဆောင်မှုကို တည်ဆောက်ထိန်းသိမ်းနိုင်စွမ်းရှိခြင်း။
- ဆက်သွယ်ပြောဆိုနိုင်မှု။ ရှင်းလင်းတိကျစွာရေးသားနိုင်စွမ်းနှင့်ဆက်သွယ်ပြောဆိုနိုင်စွမ်းရှိရမည်။ လုပ်ငန်းအရအရေးပါသောရုံးဌာနများရှိ မိမိနှင့်လုပ်ငန်းအရဆက်ဆံရသူများနှင့် ထိရောက်ကောင်းမွန်သော လုပ်ငန်းဆိုင်ရာပေါင်းသင်းဆက်ဆံမှုကို တည်ဆောက်ထိန်းသိမ်းထားနိုင်ရမည်။ ရှုပ်ထွေးသောအချက်အလက်ရယူမှုကို အကျွမ်းမဝင်သူများကို ဤကိစ္စတွင် ရိုးရှင်းစွာပြောဆိုဆက်ဆံနိုင်ရမည်။
- အဖွဲ့နှင့်ဆောင်ရွက်မှု။ ပေါင်းသင်းဆက်ဆံရေးအထူးကျွမ်းကျင်ရမည်။ ယဉ်ကျေးမှုပေါင်းစုံ လူမျိုးပေါင်းစုံတို့ကို ကွဲပြားမှုကို သတိမူလျက်လေးစားစွာ ပေါင်းသင်းဆက်ဆံနိုင်ရမည်။ထိုအတူအဆင့်မြင့်ပတ်သက်ဆက်နွယ်သူများနှင့်လည်းပေါင်းသင်းဆက်ဆံနိုင်ရမည်။
- ကိုယ်ထူကိုယ်ထရှိမှု။ ကွပ်ကဲမှုအနည်းဆုံးနှင့်လွတ်လပ်စွာ ဆောင်ရွက်နိုင်စွမ်းရှိရမည်။
- နည်းပညာတတ်ကျွမ်းမှု။ ကွန်ပျူတာကို ကျွမ်းကျင်စွာသုံးစွဲနိုင်ရမည်။ ဆော့ဖ်ဝဲများကို သုံးစွဲပြီးအချက်အလက်များကိုပြတ်သားတိကျစွာ တင်ပြနိုင်စွမ်းရှိရမည်။

| စီမံချက်အာဏာပိုင်(အမည်၊ရာထူးတာဝန်)<br><br>အင်ဒရူးကာ့က်ဝုဒ်-LIFTရန်ပုံငွေညွှန်ကြားရေးမှူး | ကန်ထရိုက်ဆောင်ရွက်သူ( အမည်၊ရာထူးတာဝန်) |
|---|---|
| လက်မှတ်-------------------ရက်စွဲ | လက်မှတ်--------------------ရက်စွဲ |